Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

“ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ ”

The Lightning Newsletter

အမှတ် (၁၀၁) ခရစ်နှစ်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ | မြန်မာသက□ရာဇ် (၁၃၇၀) | (၁၅-၁-၉၉) ရက်နေ့တွင် စတင်တည်ထောင်သည်။



တပ်မတော် အုတ်မြစ်၊
စတင်ဖွင့်လှစ်
ပြည်သူ့ချစ်သား
အောင်ဆန်းဆိုသူကား
ရိုးသားကြိုးစား နိုးကြား၊
တက်ကြွ
တည်ကြည်စိတ်ဓာတ်၊
ပြောင့်မတ်မှန်ကန်
မေတ္တာအရင်းခံ၊
ဂရုဏာခြံရံကာ
မလိမ်မညာ၊ သစ္စာရှိရှိ
သတ္တိပြည့်ဝ လူပီသလို့
ကောင်းခြင်းအနန္တ
ဂုဏ်ပေါင်းချလျှက်
အာဏာမမက်၊
ကိုယ်ကျိုးမပဖက်
တိုင်းပြည်အတွက်
သက်သက်စတေးခံသူ
ဇမ္ဗူတလွှား ရှားမှရှား
နှိုင်းဂုဏ်ရည်မြင့်တင်သွားသည့်
မဟာသူရဲကောင်းအစစ်
ကေန်ဖြစ်တော့သည်တကား
□□

သတင်းစာဆရာသည်
အမှန်တရားကို
အလေးထားသော
တနေ့တာ
သမိုင်းပြုစုသူဖြစ်
သည် □။

အဲလ်ဘတ်ကမူး

## အမျိုးသားပြန်လည်သင့်မြတ်ရေးကြိုးစားမှုရလဒ် တစုံတရာတိုးတက်မှုမရှိ စစ်အုပ်စု၏ ပြုမူလုပ်ကိုင်ပုံများသည် အာဏာရှင်စနစ်ဘက်သို့သာ ပိုမိုဦးတည်

၂၀၀၉ ခုနှစ်၏ ပထမဆုံးသော မြန် မာပြည်ခရီးစဉ်အဖြစ် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီသည် ဇန်နဝါရီ (၃၁) ရက်နေ့က မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး (၄) ရက်တာကြာမြင့်သည့် အဆိုပါခရီးစဉ်တွင် နေအိမ်အကျယ်ချုပ်ကျခံနေရသည့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စီအီးစီခေါင်းဆောင်များနှင့် အစိုးရဇည့်ဂေဟာတွင် အတူတကွတွေ့ဆုံသွားခဲ့သည့်အပြင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့်လည်း တွေ့ဆုံသွားခဲ့သည်။

ယခုခရီးစဉ်သည် မစ္စတာဂမ်ဘာရီ၏ သတ္တမအကြိမ်မြောက် မြန်မာပြည်ခရီးစဉ်ဖြစ်ပြီး နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြန်လည်သုံးသပ်ရေးအပါအဝင် နအဖနှင့်အဲန်အယ်လ်ဒီတို့၏ တွေ့ဆုံဆွေးနွေးရေးကိစ္စများအား အဓိကထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မစ္စတာဂမ်ဘာရီအနေဖြင့် အချိန် (၁) နာရီခွဲခန့် အဲန်အယ်လ်ဒီဗဟိုအလုပ်မှုဆောင်ကော်မတီဝင်များနှင့် တွေ့ဆုံခဲ့ကြပြီး နိုင်ငံရေးအကျဉ်းသားလွှတ်ပေးရေးကိစ္စနှင့်ပတ်သက်၍ အဓိကထားပြီး ဆွေးနွေးခဲ့ကြောင်း အဲန်အယ်လ်ဒီ၏ပြောခွင့်ရပုဂ္ဂိုလ်ဦးဉာဏ်ဝင်းက ပြောဆိုခဲ့သည်။

ကုလအတွင်းရေးမှူးချုပ်ဖြစ်သူ မစ္စတာဘန်ကီမွန်းအနေဖြင့် မြန်မာပြည်ကိုလာချင်သော်လည်း သိသာထင်ရှားတဲ့ ပြောင်းလဲတိုးတက်မှုမရှိပါက လာရောက်မည်မဟုတ်ကြောင်း မစ္စတာဂမ်ဘာရီ၏ အဆိုရသိရပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ စစ်အစိုးရအားတောင်းဆိုထားတဲ့ အချက် (၄) ချက်တွင် မည်သည့်အချက်သည် ပြောင်းလဲတိုးတက်မှုအတွက် သိသာထင်ရှားသည့်အချက်ဖြစ်ပါသလဲဟု မစ္စတာဂမ်ဘာရီမှမေးမြန်းခဲ့ရာ အဖွဲ့ချုပ်မှ နံပါတ် (၁) အချက်ဖြစ်တဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးရေးကိစ္စဟာ ပထမအခြေခံဖြစ်ကြောင်း ပြန်လည်ပြောဆိုခဲသည်ဟု သိရသည်။

အဲန်အယ်လ်ဒီသည် စစ်အစိုးရအား ၂၀၀၈ ခုနှစ်အတွင်းက နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရေး၊ ပြည်သူ့လွှတ် တော်ခေါ်ယူပေးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြန်လည်သုံးသပ်ပေးရေးနှင့် တွေ့ဆုံဆွေးနွေးရေး စသည့်အချက် (၄) ချက်အား တောင်းဆိုထားခဲ့ပြီးဖြစ်သည်။

မစ္စတာဂမ်ဘာရီ၏ ယခုခရီးစဉ်သည် ယခင်ခရီးစဉ်များနှင့်မတူပဲ အပြောင်းအလဲများရှိသော်လည်း ရှေ့ဆက်မည်သို့ဖြစ်လာမည်ကို မသိရှိနိုင်ကြောင်း အဖွဲ့ချုပ်လည်း အရေးကြီးသည့်အတွက် မစ္စတာဂမ်ဘာရီအနေဖြင့် တိုင်းရင်းသားနိုင်ငံရေးပါတီတခုဖြစ်သည့် ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဖြင့် တွေ့ဆုံခဲ့မှုသည် ထူးခြားမှုဖြစ်ပြီး ထို့ထက်ပိုအရေးကြီးသည်မှာ လူမျိုးစုများအား နိုင်ငံတကာအဖွဲ့အစည်းများဖြင့် တွေ့ဆုံဆွေးနွေးစေလိုကြောင်း၊ ကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်က ပြောဆိုခဲ့သည်။

တိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့ (ယူအဲန်အေ) ကမူ မစ္စတာဂမ်ဘာရီနှင့်တွေ့ဆုံခွင့်ရရှိရန် ကြိုတင်စာရေး အကြောင်းကြားခဲ့သော်လည်း တွေ့ဆုံခွင့်မရခဲ့ချေ။ ယူအဲန်အေ၏ပြောခွင့်ရပုဂ္ဂိုလ် ပူ



ကုလအထူးကိုယ်စားလှယ်မစ□တာဂမ်ဘာရီနှင့်လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့်စီအီးစီအဖွဲ့ဝင်တို့တွေ့ဆုံစဉ်

၏ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောဆိုခဲ့သည်။

မြန်မာ့အရေးအား ဖြေရှင်းရာတွင် တိုင်းရင်းသားများ၏ အခန်းကဏ္ဍသည် မိမိတို့တိုင်းပြည်၏ နိုင်ငံရေးအခြေအနေ၊ စီးပွားရေးအခြေအနေများအားဖြေရှင်းရာတွင် တိုင်းရင်းသားတို့၏အခန်းကဏ္ဍ မပါဝင်ဘဲနှင့် မဖြစ်နိုင်ကြောင်း အမျိုးသားဒီမို ကျင့်ရှင်းထန်က အပြောင်းအလဲ၏အဓိကသည် အာဏာရှင်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

စာမျက်နှာ (၅) ကော်လံ (၁) သို့...

## မြန်မာစစ်အစိုးရနှင့် အတိုက်အခံများအကြား သတ်မှတ်ချက်များမထားပဲ တွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံးစတင်ရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်တိုက်တွန်း



ကုလသမဂ္ဂအထွေထွေအတွင်းရေမှူးချုပ် မစ□တာဘန်ကီမွန်း

မြန်မာစစ်အစိုးရနဲ့ အတိုက်အခံအင်အားစုအကြား ကြိုတင်သတ်မှတ်ချက်တွေမရှိဘဲ ခြေခြေမြစ်မြစ်ရှိတဲ့ ပြောဆိုဆွေးနွေးမှုများ အမြန်ဆုံးစသင့်ပြီဖြစ်ကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းကပြောကြားလိုက်ကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရုံး၏ပြောရေးဆိုခွင့်ရှိသူ မစ္စမစ်ရှဲလ်မွန်းတာ့စ်က ပြောဆိုခဲ့သည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကြံပေးအရာရှိ မစ္စတာဂန်ဘာရီမှ ၎င်း၏ သတ္တမအကြိမ်မြောက်ခရီးစဉ်နှင့်ပတ်သက်ပြီး အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့သို့ရောက်ရှိနေသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံသွားရောက် အစီအရင်ခံပြီးသည့်နောက်တွင် ယခုကဲ့သို့ပြောကြားလိုက်ခြင်းဖြစ်ကြောင်းသိရ သည်။

အဲန်အယ်လ်ဒီ၏ ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ရှေ့မတိုးနောက်မဆုတ်သာဖြစ်နေသည့် မြန်မာပြည်အရေးအား ကုလသမဂ္ဂမှ ယခုကဲ့သို့ တိုက်ရိုက်ဆွေးနွေးရန် တိုက်တွန်းချက်ကို သဘောတူလက်ခံကြောင်း ပြောဆိုခဲ့သည်။

မြန်မာ့နိုင်ငံရေးအကြပ်အတည်းသည် တွေ့ဆုံဆွေးနွေးရေးနည်းလမ်းသည်သာ အကောင်းဆုံးဖြစ်ကြောင်းကိုလည်း ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်သူ ဦးအေးသာအောင်ကပြောဆိုခဲ့သည်။

သို့သော် စစ်အုပ်စုသည် ကုလသမဂ္ဂ၏ ပြောကြားတောင်းဆိုချက်များအား အမြဲတစေ တလေးတစားနားထောင်လေ့မရှိပဲ အတိုက်အခံအင်အားစုများနှင့် တွေ့ဆုံဆွေးနွေးလိုသည့် ဆန္ဒအမှန်တကယ်မရှိကြောင်းနှင့် ကုလသမဂ္ဂမှ မြန်မာ့အရေးအား လုံခြုံရေးကောင်စီသို့တင်သင့်ကြောင်းကို ဦးအေးသာအောင်က ဆက်လက်ပြောဆိုခဲ့သည်။

မင်းဆိုးကို ပစ်ဖြို

# အယ်ဒီတာ့အာဘော်

## စစ်မှန်သောပြည်ထောင်စုကို တည်ဆောက်မည်ဆိုပါလျှင်

လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်လျှက် တိုင်းရင်းသားပေါင်းစုံ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်မည့် ပြည်ထောင်စုကို ပန္နက်ချခဲ့သည်မှာ သက္ကရာဇ် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့ဆိုလျှင် (၆၂) နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ ရာစုနှစ်ထက်ဝက်ကျော် အချိန်ကာလတရပ်သည် စစ်မှန်သောပြည်ထောင်စုအဆောက်အအုံတရပ်ကို ပီပြင်စွာဖော်ဆောင်နိုင်၍ သားစဉ်မြေးဆက် အမွေတရပ်အဖြစ် နောင်လာနောင်သားအား လက်လွှဲပေးရန်လုံလောက်သည့် အချိန်ကာလဖြစ်သည်။ သို့သော် ... အဆက်ဆက်သော အုပ်ချုပ်သူလူတန်းစားတို့၏ အဆင်ခြင်ကင်းမဲ့မှု၊ မလိုမုန်းတီးမှုနှင့် ဂိုဏ်းဂဏဝါဒတို့ကြောင့် ခေတ်မီသာယာဝပြောသော လူမျိုးပေါင်းစုံ ကျေနပ်ပျော်ရွှင် ချမ်းမြေ့စေမည့် လူ့အဖွဲ့အစည်းကို မတည်ဆောက်နိုင်ရုံမျှမက သမိုင်းအစဉ်အဆက်တည်ဆောက်ခဲ့သော အမျိုးသားသွေးစည်းညီညွတ်ရေးအုတ်မြစ်များသည်ပင် တစ်စထက်တစ်စ ယိုင်နဲ့လာလျှက် အဆုံးကြေမွပျက်သုန်းမည့် ပျက်သုန်းနိုင်ငံ (failed State) ဖြစ်လာနိုင်သည့် အလားအလာများပေါ်ထွန်းလျက်ရှိသည်ကို ဝမ်းနည်းဖွယ်ရာတွေ့မြင်နေရပေသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း အုပ်စိုးသူအဆက်ဆက်သည် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်ကို ပြည်သူလူထုအကျိုးစီးပွားနှင့်အညီ ချမှတ်အကောင်အထည်ဖော်ရန် ပျက်ကွက်ခဲ့သည်။ လွတ်လပ်ရေးနှင့်အတူ ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်မီးကို မငြိမ်းသတ်နိုင်ခဲ့။ တိုင်းရင်းသားများ၏ အနိမ့်ဆုံးမျှော်မှန်းချက်များကို အကောင်အထည်ဖော်ရန်ပျက်ကွက်မှုကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေးမှာ ပြိုကွဲခဲ့ရသည်။ ပြည်တွင်းစစ်မီးလျှံ ပိုမိုတောက်လောင်လာမှုက စစ်အာဏာရှင်စနစ်ကို ပိုမိုကြီးထွားလာစေခဲ့သည်။ ပိုမိုဆိုးဝါးလာစေသည်အချက်က စစ်အုပ်စုအလိုကျ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျင့်သုံးမည်ဆိုလျှင် စစ်ဗိုလ်သခင်လူတန်းစားနှင့် အရပ်သားကျွန်လူတန်းစားဟူ၍ မြန်မာသမိုင်းတွင် တခါဘူးမျှမပေါ်ထွန်းဘူးသော သခင်ကျွန် ဆက်ဆံရေးစနစ်တရပ်ပေါ်ထွန်းလာတော့မည်ဖြစ်သည်။

ဤသို့အဖြစ်ဆိုးမျိုး မပေါ်ပေါက်လာစေရန်အတွက် ကာကွယ်တားဆီးရန်မှာ တိုင်းရင်းသားလူမျိုးပေါင်းစုံပြည်သူလူထုကြီးတရပ်လုံး၏ သမိုင်းပေးတာဝန်ဖြစ်သည်။ ယင်းတာဝန်ကို ကျေပြွန်စွာထမ်းဆောင်ရေးအတွက် ဘုံရန်သူဖြစ်သော စစ်အာဏာရှင်စနစ်ကို ချမှတ်ထားသော လတ်တလောဘုံလုပ်ငန်းစဉ်အောက်တွင် တက်ကြွစွာပါဝင်တိုက်ပွဲဝင်ရမည်ဖြစ်ပေသည်။

လတ်တလောဘုံလုပ်ငန်းစဉ်မှာ တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်ရေး နိုင်ငံရေးဝန်းကျင်တရပ်ကို ဖန်တီးရန်ဖြစ်သည်။ ယင်းသို့ဖန်တီးရာ၌ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အဖမ်းဆီးခံထားရသော နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရေးသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည် နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ပြီးပါမှ တွေ့ဆုံဆွေးနွေးအဖြေရှာမှုများမှတဆင့် အသွင်ကူးပြောင်းရေးကြားဖြတ်အစိုးရတရပ်ကို ဖန်တည်းတည်ဆောက်ကာ လွန်ခဲ့သည့် (၆၂) နှစ်က ဗိုလ်ချုပ်နှင့်၊ တိုင်းရင်းသားခေါင်းဆောင်ကြီးများမျှော်မှန်းခဲ့သည့် စစ်မှန်သောပြည်ထောင်စုတည်ဆောက်ရေးကို အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပေသည်။

**စစ်ကျွန်အဖြစ် ခံနစ်မခံ**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အဲန်အယ်လ်ဒီ) ၏ အမျိုးသားညီညွတ်ရေးဘုံလုပ်ငန်းစဉ်

၁။ အာဏာပိုင်တို့က ယင်းတို့ကိုယ်ပိုင်ပြဋ္ဌာန်းထားသည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ (၃) နှင့်အညီ ၁၉၉၀ ပြည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်အနိုင်ရခဲ့သော နိုင်ငံရေးပါတီများမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြည်သူ့လွှတ်တော်ကို အမြန်ဆုံးခေါ်ယူဖွဲ့စည်းပေးရန်။

၂။ ယင်းပြည်သူ့လွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည်သုံးသပ်ရေးကော်မတီကို ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် အနိုင်ရနိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ အပစ်အခတ်ရပ်စဲထားသော လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များဖြင့်ဖွဲ့စည်းပေးရန်။

၃။ ဤကော်မတီကဖွဲ့စည်းပုံ အခြေခံဥပဒေပြန်လည်သုံးသပ်ရေးလုပ်ငန်းကို (၆) လ အတွင်း အပြီးဆောင်ရွက်ရန်။

ကြေညာချက်အမှတ် ၁ /၀၁ /၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ (၂၉) ရက်
၁၃၇၀ ခုနှစ်၊ တပို့တွဲလဆန်း (၄) ရက်။

## ကြေညာချက်အမှတ် ၂ /၀၂/ ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တရားဝင်နိုင်ငံရေးပါတီနှင့် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ပြည်သူလူထု၏ လွတ်လပ်သောဆန္ဒအရ တစ်ခဲနက်ထောက်ခံထားသော တရားဝင် အနိုင်ရပါတီဖြစ်သည်နှင့်အညီ နိုင်ငံရေးကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန်နှင့် တိုင်းပြည်တွင် အမှန်တကယ်ဖြစ်ပေါ်နေသော အထွေထွေအကြပ်အတည်းများကို တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာကြရန် အစဉ်တစိုက်ကြိုးပမ်းလျက်ရှိပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား နှစ်ရှည်လများ ထိန်းသိမ်းထားခြင်းသည် မိမိတို့နိုင်ငံတွင် လက်ငင်းကြုံတွေ့နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် အထွေထွေအကြပ်အတည်းများကို တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာကြရန်အတွက် အဟန့်အတားဖြစ်စေပါသည်။ ဒေါ်အောင်ဆန်းစုကြည်ကို ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးခြင်းသည် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရရှိနိုင်မည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယုံကြည်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်အား ပြန်လွှတ်ပေးခြင်းဖြင့် တိုင်းရင်းသားလူမျိုးစုများ၊ လူထုလူတန်းစားများအပါအဝင် ပြည်သူလူထုတရပ်လုံး၏ စည်းလုံးညီညွတ်ရေးကိုလည်း ပြန်လည်တည်ဆောက်နိုင်မည်ဟု အလေးအနက် ခံယူပါသည်။

ထို့ကြောင့် နိုင်ငံတော်၏ လိုအပ်ချက်အရနှင့် တိုင်းသူပြည်သား လူအများစု၏ စစ်မှန်သောဆန္ဒတို့အရ နေအိမ်များတွင် ထိန်းသိမ်းခြင်းခံနေကြရသော အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် နှစ်ရှည်လများပြစ်ဒဏ်ကျခံနေကြရသော သံဃာတော်အရှင်သူမြတ်များ၊ ခွန်ထွန်းဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နိုင်ငံရေးပါတီ (၇) ပါတီတို့က ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အထူးကြေညာချက်အမှတ်–၁ / ၁၀ / ၀၉ ကို ထုတ်ပြန်ခဲ့ပါသည်။ ဤကြေညာချက်အား တိုင်းသူပြည်သားများက ဝိုင်းဝန်းထောက်ခံကြရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

၂၆– ၀၁– ၀၉ နေ့တွင်ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)
ရန်ကုန်မြို့






**သူဟာ...တက္ကသိုလ်ဘွဲ့ရ၊ ပညာတတ်ဖြစ်ပေမယ့် ခေတ်ဆိုး၊ စနစ်ဆိုးထဲမှာ အဖိနှိပ်ခံတွေနဲ့ တသားတည်းရပ်ပြီး၊ ခက်ခဲကြမ်းတမ်းတဲ့ တော်လှန်ရေးသမားဘဝကို တလျှောက်လုံးခံယူခဲ့တဲ့လူဖြစ်တဲ့အတွက် ကျနော်တို့လူငယ်တွေအတွက်တော့ စာတွေ့ထဲက သူရဲကောင်းမဟုတ်ဘဲ၊ လက်တွေ့ထဲက သူရဲကောင်းတယောက်အဖြစ် အမြဲဦးညွှတ်သတိရနေမှာဖြစ်ပါတယ်။**

နေသွင်

ဖေဖော်ဝါရီ (၁၄)၊ ညနေ (၄) နာရီခွဲ။

'ပဒိုမန်းရှာ လုပ်ကြံခံလိုက်ရတယ်ဆိုဗျ'။

အွန်လိုင်းမှာ သူငယ်ချင်းတယောက်က ကျနော့်ကို လှမ်းမေးတယ်။

'ဟာ ... မဟုတ်တာဗျာ'

ကျနော်ဒီလောက်ပဲ အကြောင်းပြန်နိုင်ပါတယ်။ စိတ်ထဲမှာတော့ နည်းနည်းထိတ်သွားတာ အမှန်ပါပဲ။ မဲဆောက်က သူငယ်ချင်းတယောက်ဆီ ဖုန်းခေါ်ကြည့်တော့ ကျနော်က ဘာမှမမေးခင်မှာပဲ ...

'ကြားပြီးရော့ပေါ့' တဲ့။

'ဟာ ... ဒါဖြင့် သွားပြီပေါ့'

သတင်းသမားတယောက်အနေနဲ့ ဘယ်လို၊ ဘယ်ပုံဆိုတာကို မေးဖို့ထက် မိနစ်အတန်ကြာအောင် မှင်သက်သွားမိပါတယ်။ အဲဒီညနေက တော်တော်နဲ့ အိမ်မပြန်ဖြစ်ပါဘူး။ ပဒိုမန်းရှာလုပ်ကြံခံရတဲ့ကိစ္စကို ကျနော်တို့တတ်နိုင်သလောက် ပြည့်ပြည့်စုံစုံလေး လူထုကိုသတင်းပေးဖို့ ကြိုးစားရပါတယ်။ အိမ်ပြန်တော့ မှောင်စပျိုးနေပါပြီ။

.... .... ...

ည (၉) နာရီ။

'ဟေ့လူ'

'အေးဗျာ'

'ဒါ ဒုတိယ ဗိုလ်ချုပ်အောင်ဆန်းကို ဒုတိယဦးစောက သတ်သွားတာပဲဗျ'

'အိမ်ထဲဝင်ပြီး လုပ်ကြံသွားတာဗျာ။ ဘာအစောင့်အကြပ်မှမထားလို့ အခုလိုဖြစ်ရတာ။ ဗိုလ်ချုပ်အောင်ဆန်းလည်း ဒီလိုပဲ ကျသွားတာပဲ။ အဆောင်အယောင်မမက်တဲ့ လူတွေဗျာ။ ဘာပြောရမှန်းတောင်မသိပါဘူး။'

သူငယ်ချင်းရဲ့အသံမှာ ဝမ်းနည်းရိပ်တွေအပြည့်။ ကျနော်တို့နှစ်ယောက် ဖုန်းထဲမှာပြောစရာစကား သိပ်မရှိတော့။ အတွေးကိုယ်စီနဲ့ နှုတ်ဆိတ်နေကြတယ်။ အဲဒီညက တော်တော်နဲ့အိပ်မပျော်။ ကရင့်တော်လှန်ရေးရဲ့ကံကြမ္မာ၊ ဒီမိုကရေစီတော်လှန်ရေးတခုလုံးရဲ့ကံကြမ္မာကို တွေးပူနေမိတယ်။ ပဒိုမန်းရှာဆိုတာက ကေအဲန်ယူရဲ့ အရေးအပါဆုံး ထိပ်တန်းခေါင်းဆောင်။ ကေအဲန်ယူဆိုတာက တော်လှန်ရေးတခုလုံးရဲ့ အသက် ...။

.... .... ....

ပဒိုမန်းရှာကို ကျနော်တို့ သူငယ်ချင်းတသိုက်က သူရဲကောင်းတယောက်လို သိခဲ့ကြတယ်။ လွန်ခဲ့တဲ့ရက်တွေအထိ ကျနော်တို့စကားဝိုင်းမှာ ပဒိုမန်းရှာက ပါနေတုန်းပဲ။ လူငယ်သဘာဝအတိုင်း တော်လှန်ရေးအပေါ်၊ အားမလိုအားမရကြတိုင်း 'ပဒိုမန်းရှာကတော့ တော်တယ်ဗျ' လို့ တယောက် ကပြောရင် ဘယ်သူမှမငြင်းကြ။

အောက်မေ့ဖွယ် အခမ်းအနားတွေမှာ။ ရှစ်လေးလုံး နှစ်ပတ်လည်အခမ်းအနား၊ ဖုန်းမော်နေ့၊ (၇) ရက်ဂျူလိုင်၊ စသည်ဖြင့်။ ကျနော်တို့ မသိမမီလိုက်တာတွေကို သိမီသူတွေ၊ ဖြတ်သန်းခဲ့သူတွေက ပြန်ပြောပြတဲ့ အခမ်းအနားတွေ။ တော်လှန်ရေးခေါင်းဆောင်တွေ မိန့်ခွန်းပြောကြတာကို ကျနော်တို့ ဂရုတစိုက်နားထောင်ကြတယ်။ အထူးသဖြင့် ပဒိုမန်းရှာပြောတဲ့အလှည့်ကျရင် ကျနော်တို့ မတိုင်ပင်ရဘဲနဲ့ ဂရုတစိုက်နားထောင်ကြတယ်။ လက်ရှိ နိုင်ငံရေးအခြေအနေအပေါ် သူဘယ်လိုသုံးသပ်မလဲ။ နောက် ဘာတွေလုပ်ဖို့ သူဆော်ဩမလဲ။ ကျနော်တို့ စိတ်ဝင်စားကြတယ်။ သူဟာ ခေတ်မီတဲ့၊ ခေတ်အမြင်ရှိတဲ့ မျိုးဆက်ဟောင်းကြီးအဖြစ် ကျနော်တို့ ယုံကြည်ကြတယ်။

.... .... ....

ပဒိုမန်းရှာကို လွန်ခဲ့တဲ့ (၃) နှစ်လောက်က (၇) ရက်၊ ဂျူလိုင်အခမ်းအနားတခုမှာ စတွေ့ဖူးခဲ့တယ်။ အဲဒီတုန်းက သူက အခမ်းအနားသဘာပတိတွေ ထိုင်တဲ့ခုံမှာ ထိုင်နေတယ်။ ဖထီးက (၁၉၆၁) မှာ တက္ကသိုလ်ကို ရောက်တယ်၊ ၁၉၆၂ မှာ (၇) ရက် ဂျူလိုင်အရေးအခင်းနဲ့ ဆုံခဲ့တယ်။ အဲဒါအပြီးမှာ ကျောင်းသားတော်တော်များများ သူပုန်ဖြစ်ကုန်ကြတယ်။ မထင်မရှား ကျောင်းသားတယောက်ပဲ ရှိသေးလို့ အဲဒီတုန်းက တောခိုစရာ မလိုခဲ့ပေမယ့် နောက် (၄) နှစ်အကြာ၊ တက္ကသိုလ်ကဘွဲ့ရအပြီးမှာ ဖထီးလည်း သူပုန်ဖြစ်လာတာပါပဲ။ အဲဒီတုန်းက တက္ကသိုလ်ပညာတတ် လူငယ်လေးတယောက်ရဲ့ တော်လှန်ရေးအိပ်မက်ဟာ သူကွယ်လွန်သွားတဲ့အထိ အောင်မြင်မှုမရသေးပါဘူး။ ဒါပေမယ့် သူဟာ သူယုံကြည်ချက်အပေါ် သေတပန် သက်တဆုံး၊ စွဲစွဲမြဲမြဲရပ်တည်ပြီး သူရဲကောင်းဆန်ဆန် ကျဆုံးသွားခဲ့တယ်။

.... .... ....

၂၀၀၇ ခုနှစ်၊ အစမှာ ကေအဲန်ယူ၊ တပ်မဟာ (၇) က ဗိုလ်ချုပ်ဌေးမောင် ဦးဆောင်တဲ့အဖွဲ့က စစ်အစိုးရနဲ့ ပူးပေါင်းသွားတဲ့ကာလမှာ ကေအဲန်ယူခေါင်းဆောင်တွေကို ဝေဖန်တဲ့စာတွေ ပလူပျံခဲ့တယ်။ အဲဒီအချိန်လောက်မှာ ကေအဲန်ယူခွဲထွက်အဖွဲ့ခေါင်းဆောင် နောက်တဦးဖြစ်တဲ့ ပဒိုအောင်ဆန်းကလည်း မြန်မာ့အလင်းသတင်းစာမှာ ကေအဲန်ယူကို ဝေဖန်တဲ့ဆောင်းပါးရေးတယ်။ ပဒိုမန်းရှာကို 'မဲဆောက်မှာ စည်းစိမ်ခံနေတဲ့ ကရင်နိုင်ငံရေးသမား' တဲ့။ ပဒိုမန်းရှာကို ဘယ်တုန်းကမှ စည်းစိမ်းခံနေတဲ့ခေါင်းဆောင်တယောက်အနေနဲ့ ဘယ်လိုမှ မြင်လို့မရခဲ့။ ကေအဲန်ယူလို အဖွဲ့အစည်းတခုရဲ့ အထွေထွေ အတွင်းရေးမှူးရာထူးကို ယူထားတဲ့ သူ့ရဲ့အလုပ်ဖိုင်တွေ သိမ်းတဲ့စင်လေးဟာ ခနိုးခနဲ့ ဝါးလုံးစင်လေးတခုပဲ ဖြစ်နေတာဟာ နောက်လာနောင်သားတွေအတွက် နမူနာကောင်းတခု ပြသွားသလိုပါပဲ။

သူက စကားပြောတဲ့အခါ တလုံးချင်း ရှင်းအောင်ပြောတယ်။ တက္ကသိုလ်ပညာတတ်တယောက်လို၊ စကားတန်ဆာဆင်ပြီး၊ ဝေ့ကာဝိုက်ကာ ပြောလေ့မရှိဘူး။ တည့်တိုးပဲ ပြောတယ်။ ဒါကြောင့်ပဲ ကျနော်တို့မျိုးဆက်တွေက ပဒိုမန်းရှာမိန့်ခွန်းတွေကို တလေးတစား နားထောင်ချင်ကြတယ်။ ခေတ်မှီတဲ့တော်လှန်ရေးခေါင်းဆောင်လို့ ပြောရင်ရတယ်။

သူလုပ်ကြံမခံရခင်၊ ဖေဖော်ဝါရီ (၁၁) ရက်နေ့ကတော့ ကျနော် နောက်ဆုံးအကြိမ် စကားပြောခွင့်ရလိုက်တယ်။ အဲဒီမတိုင်ခင် (၂) ရက်ပဲ စစ်အစိုးရက မေလမှာ လူထုဆန္ဒခံယူပွဲလုပ်မယ်။ ၂၀၁၀ မှာ ရွေးကောက်ပွဲလုပ်မယ်ဆိုပြီး ကြေညာထားတယ်။ ဒီလို ကောက်ခါငင်ခါ ကြေညာလိုက်တာ ဘာကြောင့်လဲဆိုတာ ကျနော်တို့ အတွေးနဲ့သုံးသပ်ကြတယ်။ ဒီကိစ္စအပေါ် ပဒိုမန်းရှာက ဘယ်လိုသုံးသပ်မလဲဆိုတာ ကျနော်သိချင်တယ်။ အဲဒီတုန်းက ပဒိုမန်းရှာရဲ့တယ်လီဖုန်းကို ဆက်တော့ စခန်းတခုရောက်နေတယ်လို့ တယောက်ကဖြေပြီး ဖုန်းနံပါတ်တခုကို ပေးတယ်။ ဖုန်းခေါ်ကြည့်တော့ ကံအားလျော်စွာပဲ တယောက်က ဖုန်းဖြေအပြီး (၂) မိနစ်လောက်အကြာမှ ပဒိုမန်းရှာ ရောက်လာတယ်။ ဖုန်းလိုင်းမကောင်းလို့ 'ဟုတ်ကဲ့' ဆိုတဲ့အသံကို တိုးတိုးလေးစပြီး ကြားရတယ်။ ကျနော်သိချင်တာတွေကို သူက တိုတိုပဲဖြေတယ်။ ဒါဟာ လက်ရှိမြန်မာပြည်နိုင်ငံရေးအပေါ် သူရဲ့ နောက်ဆုံး သုံးသပ်သွားချက်ဖြစ်ပြီး ဒီမိုကရေစီလိုလားသူတွေအတွက် နောက်ဆုံးလမ်းညွှန်ချက် ပေးသွားတာလည်းဖြစ်မှာပါ။

.... .... ....

လူတယောက်ကွယ်လွန်သွားတဲ့အခါ ဒီလူဟာ ဘယ်လိုလူလဲဆိုတာ ကျနော်တို့ သိချင်ကြတယ်။ အထူးသဖြင့် တော်လှန်ရေးခေါင်းဆောင်တယောက်ဆိုရင် သူ့မှာ လူသားဆန်တဲ့တန်ဖိုးတွေ ဘယ်လောက်ရှိသလဲဆိုတာကို ကျနော်တို့ သိချင်ကြတယ်။ ဗိုလ်ချုပ်ကြီးစောဘိုမြ ကွယ်လွန်တဲ့အခါမှာ ပဒိုမန်းရှာက နောင်လာနောင်သားတွေအနေနဲ့ ဗိုလ်ချုပ်ကြီးစောဘိုမြအကြောင်းကို ခြေခြေမြစ်မြစ် လေ့လာမယ်ဆိုရင် တော်လှန်ရေးလမ်းညွှန်တခုကိုရရှိမယ်လို့ပြောခဲ့တာကို မှတ်မိနေပါတယ်။ ပဒိုမန်းရှာဟာ ဗိုလ်ချုပ်ကြီးစောဘိုမြရဲ့အနားမှာ တစားပွဲတည်း (၁၀) နှစ်နီးပါးလောက် အလုပ်အတူတူလုပ်လာတဲ့ ရှားရှားပါးပါးခေါင်းဆောင်တဦးဖြစ်ပါတယ်။ ဒါကြောင့်ပဲ ဗိုလ်ချုပ်စောဘိုမြကွယ်လွန်ပြီးနောက်ပိုင်း ကေအဲန်ယူအတွင်းမှာ အကွဲအပြဲလှိုင်းတံပိုးထန်ခဲ့ပေမယ့် သူဟာ စစ်အစိုးရရဲ့ လှည့်ကွက်တွေ၊ မာယာတွေကိုကျော်လွှားပြီး ကရင့်တော်လှန်ရေးတခုလုံးကို မှန်မှန်ကန်ကန် ကြံ့ကြံ့ခံ၊ ဦးဆောင်မှုပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ပဒိုမန်းရှာရဲ့ ကျောင်းနေဘက်သူငယ်ချင်းတဦးဖြစ်တဲ့ စောသမိန်ထွန်းက 'ဒီလူက စာတော်တော်ဖတ်တဲ့လူဗျ။ ပြီးရင် ဆွေးနွေးတာ ဝါသနာပါတဲ့လူ။ သူယုံကြည်တာကို ပြတ်ပြတ်ပြောတဲ့လူ။ ဒါပေမယ့် အများဆန္ဒကိုလည်း ဘယ်တော့မှ မပစ်ပယ်တဲ့လူ'လို့ ပြောပါတယ်။ စစ်ခေါင်းဆောင်တဦးအနေနဲ့ အထက်အောက်ဆက်ဆံရေး။ မင်းစိတ်ပေါက်နေတဲ့အရာရှိတွေ မနည်းမနောရှိပါတယ်။ ဒါပေမယ့် စောသမိန်ထွန်းက 'သူ့မှာ အထက်အောက်ဆက်ဆံရေးမရှိပါဘူး။ ကျနော်တို့က လက်ဝဲသန်တဲ့လူတွေမှာ အားလုံးတတန်းတည်းဆက်ဆံတယ်။ သူလည်း ဒီလိုပါပဲ' လို့ ပြောပါတယ်။

ပဒိုမန်းရှာဘဝဟာ ရေစုန်လမ်း မဟုတ်ပါဘူး။ သူကိုယ်တိုင်ကလည်း သူ့ဘဝခရီးဟာ ရေဆန်လမ်းလို့ပြောပါတယ်။ ၁၉၈၈ ခုနှစ်၊ ကျောင်းသားတွေ တောမခိုခင်က ဗိုလ်ချုပ်မြက ပဒိုမန်းရှာကို ကိစ္စတခုနဲ့ အပြစ်ထားတာပါ။ ပဒိုမန်းရှာကို ဘာရာထူးမှမပေးဘဲ ထားခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ကရင်ရဲဘော်တွေက ပဒိုမန်းရှာကို သူတို့နဲ့ တတန်းတည်းထားဆက်ဆံရမယ့်လူလို့ မမြင်ကြပါဘူး။ ဗိုလ်ချုပ်မြကိုယ်တိုင်ရော၊ တခြားကရင်ခေါင်းဆောင်တွေရော ပဒိုမန်းရှာရဲ့အရည်အချင်းကို ဘယ်တော့မှ အထင်မသေးကြပါဘူး။ ဒါကြောင့်ပဲ ကျောင်းသားတွေ တောခိုလာတဲ့အချိန်မှာ ဗိုလ်ချုပ်မြက ပဒိုမန်းရှာကို အနီးကပ်ခေါ်ပြီး ကျောင်းသားရေးရာတွေမှာ အကြံပေးစေခဲ့တာ ဖြစ်ပါတယ်။

လူတယောက်ကွယ်လွန်တဲ့အခါမှာ လူတွေက ကွယ်လွန်သူရဲ့အပြစ်အနာအဆာတွေကို ထုတ်မပြောကြတော့ဘဲ ကောင်းကွက်တွေကိုပဲ ပြောကြပါတယ်။ ပဒိုမန်းရှာကျဆုံးသွားတဲ့အခါမှာလည်း တော်လှန်ရေးအတွက် အစားထိုးမရတဲ့ ဆုံးရှုံးမှုအဖြစ် တော်လှန်ရေးရဲဘော်ရဲဘက်တွေ၊ သူချစ်သော ကရင်လူထုတွေသာမက တိုင်းရင်းသားပြည်သူတရပ်လုံးက နှမြောတသကြပါတယ်။ တိုင်းပြည်အတွက် အရေးကြီးတဲ့အချိန်မှာ ခေါင်းဆောင်ကောင်းတယောက် မမျှော်လင့်ဘဲ လုပ်ကြံခံရလို့လည်း စိတ်ထိခိုက်မဆုံးကြပါဘူး။ ကျနော့်အထင် ပဒိုမန်းရှာနဲ့ပတ်သက်လို့ ကောင်းကွက်တွေကိုမပြောဘဲ အပြစ်အနာအဆာတွေကို ရှာပြောမယ်ဆိုရင်လည်း အင်မတန်ခက်မယ့်လူပါ။ ဟံသာဝတီ ဦးဝင်းတင်အတွက် လူထုဦးစိန်ဝင်းရည်ညွှန်းတဲ့ နာမဝိသေသနအတိုင်း 'ကောင်းပြီး တော်တဲ့လူ' ပါ။ 'သူဖြတ်သန်းခဲ့တဲ့သမိုင်းက သူ့ပခုံးပေါ်တင်ပေးလိုက်တဲ့တာဝန်ကို ကျေပွန်ခဲ့တဲ့လူ' လည်း ဖြစ်ပါတယ်။ သူဟာ တက္ကသိုလ်ဘွဲ့ရ၊ ပညာတတ်ဖြစ်ပေမယ့် ခေတ်ဆိုး၊ စနစ်ဆိုးထဲမှာ အဖိနှိပ်ခံတွေနဲ့ တသားတည်းရပ်ပြီး၊ ခက်ခဲကြမ်းတမ်းတဲ့ တော်လှန်ရေးသမားဘဝကို တလျှောက်လုံး ခံယူခဲ့တဲ့လူဖြစ်တဲ့အတွက် ကျနော်တို့လူငယ်တွေအတွက်တော့ စာတွေ့ထဲက သူရဲကောင်း မဟုတ်ဘဲ၊ လက်တွေ့ထဲက သူရဲကောင်းတယောက်အဖြစ် အမြဲ ဦးညွှတ်သတိရနေမှာဖြစ်ပါတယ်။

နေသွင်

# ရေကြည်ရာသန့်ကို ရအောင်ခပ်ပါ ဂမ်ဘာရီ

မြန်မိုး



(၁)

မစ္စတာဂမ်ဘာရီတော့ ပြန်ပြီ။

မစ္စတာဂမ်ဘာရီရဲ့ ဒီသတ္တမမြောက်ခရီးစဉ်ဟာ ဘယ်လောက်ခရီးရောက်နိုင်ပါသလဲ။

ပြီးခဲ့တဲ့ ဆဋ္ဌမမြောက်ခရီးစဉ်နှင့် ဘယ်လောက်ကွာခြားပါသလဲ။

တဆင့်တော့ တိုးတက်လာတယ်လို့ ယူဆလို့ရနိုင်မလား။

ဒါမှမဟုတ် ထူးမခြားနားပဲ ဆက်ဖြစ်သွားမလား။

မေးခွန်းတွေ၊ ဆန်းစစ်ချက်တွေ ...

မြန်မာ့အရေးစိတ်ဝင်စားကြတဲ့ ဘယ်သူ မဆိုရဲ့ရင်ထဲမှာ စီပြီး ကျန်ခဲ့မယ်ထင်ပါတယ်။

(၂)

မစ္စတာဂမ်ဘာရီ ဘယ်သူတွေနှင့် တွေ့ခွင့်ရခဲ့ပါသလဲ။ ကျနော်တို့ ကြည့်ကြရအောင်။

ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်ရတယ်။ အဲန်အယ်လ်ဒီစီအီးစီတွေနှင့်အတူ တွေ့ခွင့်ရတာဖြစ်တယ်။ အဲဒီလို ဂမ်ဘာရီနှင့် မတွေ့ဆုံခင်မှာ ဒေါ်အောင်ဆန်းစုကြည်နှင့် အဲန်အယ်လ်ဒီစီအီးစီကို (၁၅) မိနစ်လောက် စကားပြောခွင့်၊ ဆွေးနွေးခွင့်ပေးတယ်။ အဲဒီလို ဆွေးနွေးပြီးတော့မှ မစ္စတာဂမ်ဘာရီနှင့် တွေ့ကြတာဖြစ်တယ်။ တွေ့ချိန်ဟာ မိနစ် (၉၀) လောက်ရှိမယ်လို့ ဆိုတယ်။ တွေ့ဆုံပွဲမှာ အဲန်အယ်လ်ဒီဘက်က တင်ပြတာက ....

လက်ရှိအခြေအနေတွေအပေါ် သုံးသပ်ကြပြီး ဒီအကြပ်အတည်းတွေက ဖောက်ထွက်နိုင်ဖို့ဆိုရင် ...

(၁) နိုင်ငံရေးအကျဉ်းသားအားလုံး ချွင်းချက်မရှိ ပြန်လွှတ်ပေးဖို့လိုမယ်။

(၂) ပြည်သူ့လွှတ်တော် ခေါ်ပေးဖို့ လိုမယ်။

(၃) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးကော်မတီဖွဲ့ပြီး ပြန်လည်သုံးသပ်ကြဖို့လိုမယ်။

(၄) အားလုံးပါဝင်တဲ့ တွေ့ဆုံဆွေးနွေးရေးတွေ လုပ်ဖို့လိုမယ်။

ဒီအချက် (၄) ချက်ကို အကြံပြုတင်ပြပါတယ်။

တနည်းအားဖြင့်ပြောရရင် ဒါကို အဲန်အယ်လ်ဒီက ကနေ့အခြေအနေ၊ ကနေ့အကြပ်အတည်းကနေ ဖောက်ထွက်နိုင်တဲ့၊ ကျော်လွှားသွားနိုင်တဲ့ အစပြုချက်တွေ၊ နည်းလမ်းတွေအဖြစ် တင်ပြလိုက်တာဖြစ်တယ်။ ဒါတွေကို စစ်အစိုးရက ခဏမဆိုင်းဆောင်ရွက်ပေးခြင်းဖြင့် တိုင်းပြည်ကို ကြမ္မာဆိုးထဲကနေ လက်တွဲပြီး ဆယ်တင်ကြရအောင်လို့ တင်ပြလိုက်တာလည်းဖြစ်တယ်။ ဖိတ်ခေါ်လိုက်တာလည်းဖြစ်ပါတယ်။

မစ္စတာဂမ်ဘာရီကတော့ သူ့စတိုင်အတိုင်း ပြုံးပြုံး ပြုံးပြုံးနှင့်၊ ခေါင်းလေး ငြိမ့်ငြိမ့် ငြိမ့်ငြိမ့်နှင့် နားထောင်နေမှာ ကျနော်မြင်ယောင်ပါတယ်။

အနားထိတိုးပြီးများ နားထောင်ကြည့်ရင် မစ္စတာဂမ်ဘာရီရဲ့ သက်ပြင်းခိုးခိုးချမယ့်အသံတွေကိုတောင် ကြားကောင်းကြားရနိုင်လောက်တယ်လို့ ကျနော်အောက်မေ့မိတယ်။

'သူတို့ပြောတာ ဟုတ်တာပဲ။

ဒါတွေ အမှန်လုပ်ပေးသင့်တာပဲ။

ဒါပေမယ့် ငါ ဟိုပုဂ္ဂိုလ်တွေကို နားဝင်သွားအောင်၊ အဲဒီပုဂ္ဂိုလ်တွေ လက်ခံပြီး လိုက်လုပ်လာအောင် ငါ ဘယ်လိုနားချရပါ့။ ခက်လိုက်တာ' လို့ စဉ်းစားနေလေမလား ကျနော်တွေးကြည့်မိတယ်။

ဟုတ်လည်း ဟုတ်ပါတယ်။

အဲန်အယ်လ်ဒီရဲ့တင်ပြချက်က အဆန်းတစ်လုံးမှ မပါဘူး။ အသစ်လည်း တစ်ခုမှ မပါဘူး။ ခုမှထွင်ပြီး ကြုံတုန်း ကောက်ကာငင်ကာ လက်တန်းပြောချလိုက်တဲ့စကားမျိုးလည်း လုံးဝမဟုတ်ဘူး။ နှစ်ပေါင်းများစွာ တောက်လျှောက် မနားတမ်းပြောဆိုနေတဲ့ စကားတွေချည်းပဲ။

ပြီးတော့ အားလုံးဟာ ဖြစ်သင့် ဖြစ်ထိုက်တဲ့၊ တရားနည်းလမ်းကျတဲ့ အချက်အလက်တွေ ချည်းပဲ။

ပြီးတော့ ဒီအချက် (၄) ချက်ဟာ မြန်မာပြည်သူအားလုံးရဲ့ဆန္ဒနှင့်လည်း ထပ်တူကျတဲ့ အချက်အလက်တွေဖြစ်တယ်။ ပြည်တွင်းပြည်ပ အင်အားစုအသီးသီးနှင့် နိုင်ငံတကာက တင်ပြတောင်းဆိုနေတဲ့ အကြံပြုမေတ္တာရပ်နေတဲ့ အချက်အလက်တွေလည်း ဖြစ်တယ်။

ပြောရရင် အခု ခေါင်းတငြိမ့်ငြိမ့်နှင့် ဆွေးနွေးနေတဲ့ မစ္စတာဂမ်ဘာရီတို့၊ မစ္စတာဘန်ကီမွန်းတို့ရဲ့ စဉ်းစားချက်တွေ၊ UNSC ဥက္ကဋ္ဌရဲ့အကြံပြုချက်တွေ၊ UNGA ရဲ့ဆုံးဖြတ်ချက်တွေနှင့်လည်း အလွန်အင်မတန် နီးစပ်ဆီလျော်တဲ့ တင်ပြချက်တွေဖြစ်တယ်။

မစ္စတာ ဘန်ကီမွန်းပြောပြောနေတဲ့ "သိသာမြင်သာတဲ့ တိုးတက်မှုတစုံတရာရှိမှ သူ မြန်မာနိုင်ငံကိုလာမယ်" ဆိုတဲ့စကားနှင့် အဟပ်ညီတဲ့တင်ပြချက်တွေလည်း အမှန်ဖြစ်ပါတယ်။

ဒါပေမယ့် ...

ဒီ (၄) ချက်အပေါ် စစ်အုပ်စု ဘယ်လိုတုန့်ပြန်မှာလဲ။

ခေါင်းငြိမ့်မယ့်အလားအလာ ရှိနိုင် မရှိနိုင်။

ဘယ်လိုထင်လဲ။ မစ္စတာဂမ်ဘာရီကတော့ ခေါင်းတွေကုပ်နေပြီ။

သူလည်း မျက်စိကြီး၊ နားကြီးပဲလေ။ အပွေးမြင် အပင်သိ။ အသွေးမြင် အသွင်သိနိုင်တဲ့ ပုဂ္ဂိုလ်အမျိုးအစားပေပဲ။

မစ္စတာဂမ်ဘာရီအဖို့ သက်ပြင်းတွေသာ အကြိမ်ကြိမ်ချရတော့မယ့် ဇာတ်လမ်းပဲ ဆက်ဖြစ်တော့မှာလေလား။ ဆက်ပြီး အကဲခတ်ကြည့်ကြရအောင်။

ဆွေးနွေးပွဲအဆုံးမှာ ဒေါ်အောင်ဆန်းစုကြည်က အခုလိုပဲ တိကျပြတ်သားတဲ့ Massage ကို မစ္စတာဘန်ကီမွန်းအတွက် လက်ဆောင်စကားအဖြစ် ပြောပြလိုက်ပါတယ်။

'အနိမ့်ဆုံးအဆင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ လွှတ်ပေးတာမျိုးလောက်တော့ နအဖအစိုးရက လုပ်ပေးရလိမ့်မယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုရင် သိသာမြင်သာတဲ့ တိုးတက်မှုဆိုတာ ဘာမှအဓိပ္ပါယ်မရှိတော့ဘူး။ အဲဒီလို အနေအထားမျိုးရဲ့အောက်မှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း အနေနှင့် မြန်မာနိုင်ငံကို မလာသင့်ပါဘူး။ဒီစကားကို ဘယ်လိုသဘောရပါသလဲ။

ဒီစကားအပေါ် မစ္စတာဘန်ကီမွန်း တယောက် ထောက်ခံနိုင်လိမ့်မယ်။ သဘောတူနိုင်လိမ့်မယ်လို့ ကျနော်တော့ ယူဆမိပါတယ်။ ဟုတ်မဟုတ်တော့ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

(၃)

နအဖစစ်အုပ်စုဆိုတာ ဈေးဆစ်တဲ့နေရာမှာတော့ ပထမတန်းပဲ။

" တိုင်းပြည်ကို တကယ်ချစ်တယ်ဆိုရင် အဲဒီလူတွေဟာ နိုင်ငံရေးသမား ဖြစ်ချင်ဖြစ်မယ်။ အရပ်သူ အရပ်သား ဖြစ်ချင် ဖြစ်မယ်။ စစ်ဗိုလ် စစ်သား ဖြစ်ချင်ဖြစ်မယ်။ သူတို့အားလုံးရဲ့ အသံတွေဟာ ထပ်တူ ကျနေတတ်ကြပါတယ်။

အဲန်အယ်လ်ဒီ အီးစီနှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ခွင့်ပေးတာတောင် ဆရာဦးဝင်းတင်၊ ဦးခင်မောင်ဆွေနှင့် ဒုဥက္ကဋ္ဌ ဦးတင်ဦးတို့ကို ချန်ဖြစ်အောင် ချန်ထားခဲ့သေးတယ်။ တံဆိပ်တုံးမပါလို့လိုလို၊ သူကြီး ထောက်ခံစာမပါလို့လိုလို လုပ်နေသေးတယ်။

အဲန်အယ်လ်ဒီအီးစီမှာ ဘယ်သူတွေပါဝင်သလဲဆိုတာ အဲန်အယ်လ်ဒီအီးစီပါတီက ဆုံးဖြတ်ရမယ့်ကိစ္စ၊ သူက ကြားထဲကဝင်ပြီး ဘာမှဆုံးဖြတ်ပေးစရာ အကြောင်းမရှိဘူး။ စည်းကတော့ အတော်ကျော်တဲ့လူ။

ဘာကြောင့် ဒီလိုလုပ်ရတာလဲ။ အဆုံးမှာတော့ ကြောက်လို့ဖြစ်ပါတယ်။ နအဖစစ်အုပ်စု သွေးပျက်နေတဲ့ကိစ္စက ...။

ဆရာဦးဝင်းတင်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ဆုံမိသွားကြမယ့်ကိစ္စလို့ ထင်တယ်။

ဒီခေါင်းဆောင် (၂) ဦးတွေ့မိကြရင် အတွေးသစ်၊ အမြင်သစ်တွေ၊ စိတ်ကူးစိတ်သန်းသစ်တွေနှင့် အကြံဉာဏ်သစ်တွေ အများကြီးတိုင်ပင်ဖြစ်၊ ရှာဖွေဖြစ်သွားမှာကို စိုးရိမ်ကြတာဖြစ်ပါတယ်။ ဒီလိုအတွေးခေါင်ပြီး ကြောက်တာဖြစ်ပါလိမ့်မယ်။

စစ်အုပ်စုကြောက်တတ်လိုက်ပုံများ တကယ်ကို အံ့လောက်တာပါ...။

(၄)

ကဲ ... ထားတော့။

နောက်ထပ် ဘယ်သူတွေ တွေ့ခွင့်ရခဲ့သေးပါသလဲ။

ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (SNLD) နှင့် တွေ့ခွင့်ရတယ်။

ဒါကတော့ ရရှိချက်အသစ်ဖြစ်ပါတယ်။ မစ္စတာဂမ်ဘာရီရဲ့ ခရီးစဉ် (၇) ခေါက်ထဲမှာ ဒါဟာ ပထမဆုံးတွေ့ဆုံခြင်းဖြစ်ပါတယ်။

SNLD တာဝန်ရှိသူများနှင့် တွေ့ဆုံတဲ့အခါ ....

မစ္စတာဂမ်ဘာရီက SNLD ခေါင်းဆောင်များတင်ပြကြတာက .... NLD က တင်ပြချက်တွေနှင့် ထပ်တူပဲ။

အဲဒီတင်ပြချက်တွေကို နအဖစစ်အစိုးရဘက်က ဘာမှလိုက်လျောခြင်းမလုပ်ဘူးဆိုရင် နအဖရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ပြင်ဆင်တာမျိုးမလုပ်ဘူးဆိုရင် နအဖက လုပ်ပေးမယ်ဆိုတဲ့ ၂၀၁၀ ရွေးကောက်ပွဲကိုလည်း လုံးဝလက်ခံ အသိအမှတ်ပြုနိုင်မှာမဟုတ်ဘူးဆိုတဲ့ တိကျတဲ့သဘောထားတရပ်ကိုပါ မစ္စတာဂမ်ဘာရီကို ဆွေးနွေးတင်ပြလိုက်ကြပါတယ်။

မစ္စတာဂမ်ဘာရီ ခင်ဗျား ....။

စစ်အုပ်စုရဲ့ အဖိနှိပ်ခံနေရတဲ့ ကျနော်တို့ မြန်မာနိုင်ငံသားတွေမှာ ညှိမထားဘဲနှင့်တောင် အသံတွေ တူတူနေတတ်တာ တွေ့ရတဲ့အချိန်မျိုးမှာ အံ့အားသင့်သင့်သွားရပါသလား။ မအံ့ဩလိုက်ပါနဲ့ မစ္စတာဂမ်ဘာရီ ....။

တိုင်းပြည်ကို တကယ်ချစ်တယ်ဆိုရင် အဲဒီလူတွေဟာ နိုင်ငံရေးသမားဖြစ်ချင်ဖြစ်မယ်။ အရပ်သူအရပ်သား ဖြစ်ချင်ဖြစ်မယ်။ စစ်ဗိုလ်စစ်သား ဖြစ်ချင်ဖြစ်မယ်။

သူတို့အားလုံးရဲ့အသံတွေဟာ ထပ်တူကျနေတတ်ကြပါတယ်။

(၅)

မစ္စတာဂမ်ဘာရီ ဘာတွေပျက်ကွက်ခဲ့သလဲ။

'တွေ့ချင်တယ်၊ ပြောပြစရာတွေရှိတယ်' လို့ တဖွဖွတင်ပြခဲ့ကြတဲ့ ပုဂ္ဂိုလ်အချို့၊ အဖွဲ့အစည်းအချို့ကိုတွေ့ဖို့ မစ္စတာဂမ်ဘာရီ ပျက်ကွက်ခဲ့တယ်။

သူတို့က (၉၀) ရွေးကောက်ပွဲမှာ အနိုင်ရထားတဲ့ တိုင်းရင်းသားပါတီများ၊ အဖွဲ့အစည်းများနှင့် အထင်ကရ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေ ဖြစ်ပါလျှက်နှင့်၊ UNA, UNLD, CRPP, စတဲ့ နိုင်ငံရေးအရ အလွန်အဓိပ္ပါယ်ကြီးတဲ့ အဖွဲ့အ

စာမျက်နှာ (၅) ကော်လံ (၁) သို့...

**စာမျက်နှာ (၄) ဖွန်မှိုင်းဆောင်းပါးမှ ...**

စည်းများက တာဝန်ကြီးသူများဖြစ်ပါလျှက်နှင့် မစ္စတာဂမ်ဘာရီ တွေ့မသွားခဲ့တာ ဘာကြောင့်လဲ....။

တခေါက်လည်းမက၊ နှစ်ခေါက်လည်းမက ခုဆို (၇) ခေါက်တိုင်တိုင် မတွေ့ပဲ ပြန်ပြန်သွားခဲ့တာ ဘာသဘောလဲ။

မစ္စတာဂမ်ဘာရီကိုယ်တိုင်က မတွေ့ချင်တာလား၊ အထင်မကြီးတာလား၊ တန်ဖိုးမပေးတာလား။ အလေးမထားတာလား။

ကျနော် ဒီလိုမထင်ဘူး။ ဒါဟာ စစ်အုပ်စုလက်ချက် သေချာတယ်။

ပြောရရင် မစ္စတာဂမ်ဘာရီက သူ့စိတ်နှင့်သူ့ကိုယ်ဆို ဒီလစ်ဟာသွားမှုကို တခေါက်မသိ တခေါက်သိကိုသိနိုင်တယ်။ သိကို သိနိုင်တဲ့ သံတမန်မျိုးလည်း အမှန်ဖြစ်ပါတယ်။

မစ္စတာဂမ်ဘာရီဟာ လူညံ့တယောက် လုံးဝမဟုတ်ပါ။ ဒီလောက် ဘယ်လိုမှမညံ့နိုင်ပါ။

ပြီးတော့ ဝါရင့်နိုင်ငံရေးသမားကြီးတွေကို ဘယ်အခေါက်ကမှတွေ့မသွားဘူး။

ဝါရင့်နိုင်ငံရေးသမားကြီးတွေဆိုတာ ... အမျိုးသားလွတ်မြောက်ရေး စစ်ပွဲကအစ ဒီနေ့ ဒီမိုကရေစီနှင့်လူ့အခွင့်အရေး တိုက်ပွဲတွေအထိ စက္ကန့်မနား လူထုရှေ့ကရပ်ပြီး အရေးဆိုခဲ့ကြသူတွေ။

ဒီလိုပုဂ္ဂိုလ်မျိုးတွေဆီက....

သူတို့က တွေ့ချင်တယ်လို့မဆိုရင်တောင် အကြံဉာဏ်ဝင်တောင်းသင့်တယ် မဟုတ်ဘူးလား။

ခုတော့ အကြံဉာဏ်လည်းမတောင်း။ သွားရောက် တွေ့ဆုံတာမျိုးလည်းမရ။ ရှိတယ်လို့တောင် သဘောမထား။ ဘာကြောင့် ဒီလောက်စိမ်းရတာလဲ။

သေချာပါတယ်။

မစ္စတာဂမ်ဘာရီဟာ စိတ်သွားတိုင်း ကိုယ်ပါလို့ မရဘူးဆိုတာ ...။

'ဒီကိုသွားပါ။ ဒီကိုကွေ့ပါ။ ဟိုဘက်ကိုမကြည့်နဲ့၊ ဟိုဘက်ကိုသွားလို့မရဘူး'ဆိုတဲ့ အစိမ်းရင့်ရောင် လမ်းညွှန်ဆိုင်းဘုတ်တွေက ခွင့်ပြုသလောက်သာ ရှေ့ကို အနည်းမထအောင် ကြည့်ခပ်နေရတဲ့အချိုးထဲက ဖြစ်ပုံရပါတယ်။

အနည်မထအောင် ကြည့်ခပ်တာကတော့ ကောင်းတဲ့သတိပါပဲ။

ဒါပေမယ့် ရေလည်း တစက်မှမပါဘူးဆိုရင်တော့ ဒီအချိုးက သိပ်နေရာကျမယ် မထင်ဘူး။

(၆)

နောက်ထပ် ဘယ်သူတွေကို ဆက်ပြီးပေးတွေ့လိုက်သလဲ။ ကြည့်ကြဦးစို့။

၈၈ မျိုးဆက်ကျောင်းသား (ပြည်ထောင်စုမြန်မာနိုင်ငံ) ဆိုတာနှင့် တွေ့ခွင့်ပေးတယ်။

ယုံကြည်ချက်ကို အခွင့်အရေးလေး မဖြစ်စလောက်နှင့် တဲ့ချင်းလဲပြီး ၈၈ အရေးတော်ပုံတပ်သားတွေရဲ့ ဂုဏ်သရေကို ညှိုးအောင်မှိန်အောင် မိုက်ကမ်းစွာကြိုးစားဖျက်ဆီးနေတဲ့ သူရူးတချို့စုဖွဲ့ထားတဲ့ အဖွဲ့ကလေး ...။ ပြီးတော့ ဝံသာနု NLD နှင့် တွေ့တယ်။

မိခင်ပါတီကိုသစ္စာမဲ့ပြီး စစ်ထောက်လှမ်းရေးအလိုကျ ထိမ်းမနိုင်သိမ်းမရ ဇာတ်ကို ကနေတဲ့၊ သင်းကွဲဖြစ်နေတဲ့လူ၊ ကိုယ့်ကိုမဲထည့်ပြီး ရွေးချယ်ပေးလိုက်တဲ့ မန္တလေးမြို့သူမြို့သားတွေကိုမှ အားမနာ စစ်အုပ်စုကြိုးဆွဲရာ ကနေရတဲ့လူ။ ၁၉၉၀ ဂန္ဓီဟောအလွန်ကာလ လက်တွေ့ကျတဲ့ ဖြတ်သန်းမှုတွေကြောင့် စစ်ထောက်လှမ်းရေးရဲ့ မတရားဖမ်းဆီးထောင်ချပစ်ခံခဲ့ရဖူးတဲ့ ကိုယ့်ရဲ့ရွှေရောင်သမိုင်းတွေကိုတောင် နောင်တရပါပြီ၊ နောက်မမှားတော့ပါဘူး ဆိုတဲ့လေသံတွေပစ်ပြီး မှောက်မှားချင်တိုင်း မှောက်မှားနေတဲ့လူ အဲဒီလိုပုဂ္ဂိုလ်မျိုး လူညံ့တချို့နှင့်စုဖွဲ့ထားတဲ့ အစုအဖွဲ့။

ပြီးတော့ Scientific Economy Study Group နှင့် တွေ့တယ်။

ဒီလူတွေက အလံနီပျက်တွေ။ အလံနီစစ်စစ်ဆိုရင်တောင် သူ့သမိုင်းနှင့်သူကာလတခုမှာ ဩဇာတခုနှင့် ဖြတ်သန်းခဲ့ဖူးတဲ့ပါတီပါ။

အခုဟာက.....

အဲဒီပါတီထဲက မီးကြိုးမောင်းပျက်တချို့ စုဖွဲ့ထားတဲ့ လူ ၃ – ၄ – ၅ ယောက်ပါတဲ့ လူအုပ်တအုပ်။

မစ္စတာဂမ်ဘာရီ ခင်ဗျား ....

ခင်ဗျား ဒီလူတွေ၊ ဒီအဖွဲ့အစည်းတွေကို ဘယ်လိုထင်လို့ သွားတွေ့လိုက်တာလဲ။ လူထုကို တစုံတရာတော့ ကိုယ်စားပြု တန်ကောင်းရဲ့လို့ ခင်ဗျားထင်များထင်နေတာလား ...။

ကျနော် ရိပ်မိပါတယ်။ ခင်ဗျား ဒီလောက် ဗဟုသုတမနည်းပါဘူး။

ဦးအေးသာအောင်တို့၊ ဦးပုကျင့်ရှင်းထန်တို့၊ သခင်ချန်ထွန်းတို့ကိုတောင် ခင်ဗျား မတွေ့ခဲ့ဘဲနဲ့ ဒီလူတွေကိုမှ တခုတ်တရ သွားတွေ့တယ်ဆိုတာ ....။

ခင်ဗျားစိတ်နှင့် ခင်ဗျားကိုယ် မဟုတ်လောက်ဘူးလို့ ကျနော်ထင်တာပဲ။

ကျနော်ထင်တာလွဲသွားပြီဆိုရင်တော့ မစ္စတာဂမ်ဘာရီ ခင်ဗျားသတိထားတော့။

ခင်ဗျား ကုန်းကျော်တံတားအောက်က သုံးပုံဖဲသမားရဲ့ အလံရှူးကို တကယ့်လူကြီးလူကောင်းထင်ပြီး အိမ်သော့အပ်မိတဲ့ကိန်း ကျကျနနဆိုက်တော့တာပဲ။

အဲဒီလိုတော့ မဖြစ်ပါစေနဲ့ဗျာ...။

နိုင်ငံတကာပတ်ပြီး သံမှုသံခင်းလုပ်နေတာ ဗိုလ်သန်းရွှေနှင့်တွေ့မှ ပတ်တီးချခံရရင် ရှက်စရာကောင်းလွန်းလို့ပါ။

(၇)

ပြီးတော့ တစည့ကိုတွေ့တယ်။

ဒါတော့ သင့်လျော်ပါတယ်။ ကျနော်တို့စိတ်နှင့်မတွေ့ပေမယ့် သူလည်း ၉၀ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ ပါတီ။ အမတ်နေရာတချို့လည်း အနိုင်ရရှိခဲ့တဲ့ ပါတီပေပဲ။

လွတ်လပ်စွာကွဲလွဲခွင့်ကို ကျနော်တို့ ယုံကြည်ပါတယ်။

နောက်တော့ ကြံ့ဖွံ့နှင့်တွေ့တယ်။ ကြံ့ဖွံ့ကတော့ နအဖရဲ့လက်ကိုင်တုတ်။ ဒီပဲယင်းမှာ ဒေါ်အောင်ဆန်းစုကြည်တို့ယာဉ်တန်းကို ကားလမ်းပိတ်ပြီး ရိုက်နှက်သတ်ဖြတ်ခဲ့တဲ့ အဖွဲ့အစည်း။ ၂၀၀၇ စက်တင်ဘာမှာ တုတ်တကိုင်ကိုင်၊ လက်သီးတပြင်ပြင်နှင့် မစုစုနွေးတို့လို အမျိုးသမီးလေးတွေကိုတောင် အညှာအတာမရှိ စစ်အုပ်စုအလိုကျ လက်ရဲဇက်ရဲ ပွဲကြမ်းခဲ့ကြတဲ့သူတွေ။

ခင်ဗျား သူတို့ကိုတွေ့တာတော့ ကျနော့်အမြင် မသင့်လျော်လှဘူး။

ပြီးတော့ ....

စစ်အုပ်စုဝင်တွေ။

ဗိုလ်ကျော်ဆန်းကနေ ဗိုလ်သိန်းစိန်အထိ တော်တော်များများ တွေ့တာပါ။

ဗိုလ်မောင်အေးနှင့် ဗိုလ်သန်းရွှေကတော့ ပုဏ္ဏားကွယ်နောက်က ဇာတ်ညွှန်းစာရွက်ကိုင်ပြီး 'ဘာပြီးရင် ဘာထွက်။ ဟိုဇာတ်ရပ်က ငိုပြ။ ဒီဇာတ်ရပ်က ရယ်ပြ ဒါပဲတော်ပြီ။ ကားလိပ်ချလိုက်တော့' ဆိုတာတွေ ညွှန်းကြားရင်းနှင့် ချောင်းမြောင်းပြီးတွေ့ပေါ့လေ။

တွေ့ခဲ့ကြရတဲ့ ခင်ဗျားရဲ့ (၄) ရက်တာခရီးကတော့ ဒါပဲ။

ဗိုလ်သန်းရွှေကို ခင်ဗျားတွေ့ချင်တယ်လို့ပြောမှာကတော့ သေချာပါတယ်။

မတွေ့တာကတော့ သူတို့အကြောင်းနှင့် သူတို့ပေါ့ဗျာ။ ထားလိုက်ပါတော့။

(၈)

အဲတော့ ဘယ်လိုနိဂုံးချုပ်မလဲ မစ္စတာဂမ်ဘာရီ .....

စစ်အုပ်စုနှင့် ခင်ဗျားနှင့်တွေ့တော့ သူတို့ဘက်က ပြန်ပြောလိုက်တာလေးတွေ သတ္တုချကြည့်ရင် ....

– NLD ဟာ မဖြစ်နိုင်တာတွေ တောင်းဆိုနေတယ်။

– ဖွင့်ထားတဲ့ တံခါးကဝင်ခဲ့ဖို့ ခင်ဗျားက တိုက်တွန်းပေးပါ။

– စီးပွားရေးတည်ငြိမ်မှ နိုင်ငံရေးတည်ငြိမ်မှာမို့လို့ ပိတ်ဆို့ထားတာတွေ အရင်ပွင့်အောင် ဖွင့်ပေးပါ။

– ရွေးကောက်ပွဲအတွက် နည်းပညာတွေ အကူအညီပေးမယ်ဆိုတာ အခုပေးပါ။ ကျနော်တို့ အဆင်သင့်ဖြစ်နေပြီဆိုတာပဲ ဖြစ်နေပါလားဗျ ....။

NLD တင်ပြတဲ့ တင်ပြချက်တွေ၊ NLD ရဲ့ တင်ပြချက်တွေ၊ ဝါရင့်တွေနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးတွေရဲ့ အကြံပြုချက်တွေကိုတော့ ဖုတ်လေတဲ့ ငါးပိရှိတယ်လို့ကို မအောက်မေ့ပါလား။ဒီလိုပုံနှင့်တော့ ရေပါပ့ါမလား ကိုယ့်လူရေ။

အနည်လည်း မထ၊ ရေလည်း မပါဆိုရင်တော့ 'သတ္တမသည် ဆဋ္ဌမနှင့် ထူးမခြားနားပါပဲခင်ဗျား' လို့ သူများတွေပြောကုန်ကြတော့မယ်။

'တကယ်မြင်ရင် မြင်တဲ့အတိုင်း....
တကယ်ကြားရင် ကြားတဲ့အတိုင်း
ပစ္စုပ္ပန်တည့်တည့်ရှုပြီး နိဂုံးမှန်မှန်ချုပ်နိုင်ပါစေ' ဒါပဲ ကျနော် ဆုတောင်းပါတယ်ဗျာ။

မစ္စတာဘန်ကီမွန်းကြီး မယောင်မလည်နှင့် ရောက်လာ။ နောက်တော့ လူကဲ့ရဲ့စရာဖြစ်ပြီး ပြန်သွားဆိုရင်တော့ ကုလသမဂ္ဂ သိက္ခာကျလှပါတယ်။

အဲဒီလို မဖြစ်လောက်ပေဘူးလို့ဘဲ ကျနော် အောက်မေ့လိုက်ပ့ါမယ်။

အကျိုးများအောင် ဆောင်ကြဉ်းပေးနိုင်သူတိုင်းကို အကျိုးခံစားရသူအပေါင်းက ကောင်းချီးပေးကြမှာအမှန်ပါ မစ္စတာဂမ်ဘာရီ ...။ ။

ဖွန်မှိုင်း
၄၊ ၂၊ ၂၀၀၉

*ဗိုလ်မှူးစောလှငွေနှင့် အင်တာဗျူးမှ ...*

မျိုးအတွက်၊ နယ်မြေအတွက်လည်း ဘာမှအာမခံချက်ရမှာမဟုတ်ဘူး။ နောက်ဆုံးတော့ ခင်ဗျားတို့ဟာ အသုံးချခံတွေအဖြစ်ရောက်သွားမယ်။

အဲဒီလို ကျနော်တို့က ခွဲထွက်အဖွဲ့တွေကိုပြောပါတယ်။ မတရားသောနည်းနဲ့ အကျိုးစီးပွားတွေမရှာကြပါနဲ့။ ပြီးတော့ နအဖရဲ့လက်ကိုင်ဒုတ်တွေခိုင်းတိုင်း မလုပ်ကြပါနဲ့။ ခိုင်းတိုင်းလုပ်ရင် ပြည်သူလူထုကြီးကရော၊ ကမ္ဘာကြီးကပါ ခွင့်မလွှတ်နိုင်တဲ့ ရာဇဝတ်မှုကျူးလွန်မိလို့ရှိရင် ခိုင်းတဲ့သူတွေနဲ့အတူ ခင်ဗျားတို့ဟာ ကမ္ဘာ့ခုံရုံးကိုတက်ပြီးတော့ စစ်ရာဇဝတ်ကောင်တွေဖြစ်သွားလိမ့်မယ်လို့ ကျနော်တို့က အမြဲတမ်းဖြောင်းဖျတယ်။ လျှို့ဝှက်တွေ့လို့ရရင်လည်း လျှို့ဝှက်တွေ့တယ်။ မီဒီယာတွေကနေပြီးတော့လည်း ပြောတယ်။ သူတို့ကို ကျနော်တို့တွေက အမြဲတမ်းကြိုဆိုတယ်။ ပြန်လာစေချင်တယ်။ အမြင်တွေပြောင်းလဲစေချင်တယ်။

သို့သော်လည်းဘဲသူတို့တွေက အဲဒီကိုရောက်သွားတဲ့အခါကျတော့ တချို့တွေက မသိလိုက်လို့ပါသွားတယ်။ တချို့က ဟိုရောက်မှ အမြင်မှန်ရတယ်။ သဘောပေါက်တယ်။ တချို့က အဖျက်ဆီးခံလိုက်ရလို စရိုက်ပျက်သွားကြတယ်။ တချို့တွေကျတော့ အခြေအနေအချိန်အခါစောင့်ပြီးတော့ သူတို့လုပ်ငန်းကိုဆောင်ရွက်နေကြတဲ့သူတွေရှိတယ်။

နောက်ဆုံးတော့ ကျနော်တို့တွေကို စစ်မြေပြင်မှာ ရန်သတ်ခွင့်ပြုပြီးတော့ အစွယ်တမြားမြားနဲ့ ချေမှုန်းလာကြတဲ့အခါ ကျနော်တို့က ခုခံကာကွယ်တယ်။ လုံးဝ ကျနော်တို့ဆီ ပြန်လည်ပူးပေါင်းလာတဲ့သူတွေကို ကျနော်တို့က အချိန်မရွေးပြန်လက်ခံတယ်။ တံခါးဖွင့်ထားတယ်။

စစ်ဖုံအတွင်းမှာရှိနေတဲ့သူတွေဟာ စစ်ရဲ့ဥပဒေအရ ရန်သူလည်းဖြစ်တယ်။ တပြိုင်ထဲမှာ ကျနော်တို့ကလူသားတွေဖြစ်တယ်။ အမျိုးသားတွေဖြစ်တယ်။ လူသားတွေဖြစ်တဲ့အတွက်ကြောင့် လူသားကောင်းရာကောင်းကြောင်းတွေကိုဆောင်ရွက်ကြဖို့ ကျနော်တို့က ဆုံချက်တခုမှာဆုံပြီးတော့ နိုင်ငံရေးပြဿနာတွေကို ဝိုင်းပြီးဖြေရှင်းကြဖို့ကို တပ်မတော်ထဲကပဲဖြစ်စေ၊ ကျနော်တို့ဖက်က ခွဲထွက်သွားတဲ့အထဲကပဲဖြစ်စေ၊ အမှန်တရားဘက်က ပူးပေါင်းဆောင်ရွက်ချင်တဲ့ပုဂ္ဂိုလ်တွေကို ကျနော်တို့ အမြဲ ဆက်သွယ်၊ ရှာဖွေ၊ စုံစမ်းပြီးတော့ အခွင့်အလမ်းရှိတဲ့တနေ့မှာ သူတို့တွေနဲ့ပူးပေါင်းပြီး လုပ်ဆောင်သွားမှာဖြစ်တယ်။ ဒါကတော့ ခွဲထွက်သွားတဲ့ အဖွဲ့တွေနဲ့ပတ်သက်ပြီးတော့ ညီညွတ်ရေးရယူလိုတဲ့ဆန္ဒတွေ အမြဲတမ်းရှိနေတယ်ဆိုတဲ့ အကြောင်းကို ပြောလိုခြင်းဖြစ်ပါတယ်။



*မျက်နှာဖုံးသတင်းမှ ...*

သာဖြစ်ပြီး ၎င်းမှ အတွေ့မခံခြင်းကြောင့် မည်သို့မှ ထူးခြားလာမည်မဟုတ်ကြောင်း၊ ဒီမိုကရေစီစနစ် တည်ထောင်မည်ဟု ပြောဆိုနေသော်လည်း စစ်အုပ်စု၏ လုပ်ကိုင်ပုံ အပြုအမူတို့သည် အာဏာရှင်စနစ်ဘက်သို့သာ ပိုမိုဦးတည်လျှက်ရှိကြောင်း ပြောဆိုခဲ့သည်။

မစ္စတာဂမ်ဘာရီအနေဖြင့် အဆိုပါ (၄) ရက်တာခရီးစဉ်တွင် အဲန်အယ်လ်ဒီ ခေါင်းဆောင်ပိုင်းများဖြင့် တွေ့ဆုံမှုများရှိခဲ့သော်လည်း နအဖစစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်ကြီးသန်းရွှေနှင့်မူ တွေ့ခွင့်မရရှိပေ။

ယခုကဲ့သို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ လက်ခံတွေ့ဆုံခြင်းမရှိသည့်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးကြိုးပမ်းမှုရလဒ် တစုံတရာမရှိခဲ့ကြောင်း အဲန်စီဂျီယူဘီမှ ဒေါက်တာသောင်းထွန်းက ဝေဖန်ပြောဆိုခဲ့သည်။

သို့သော် ကုလအကြီးအကဲဖြစ်သူ မစ္စတာဘန်ကီမွန်းက မစ္စတာဂန်ဘာရီ အနေဖြင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တွေ့ခွင့်မရခဲ့သော်လည်း စစ်အစိုးရဝန်ကြီးချုပ်၊ ဒေါ်အောင်ဆန်းစုကြည်၊ အတိုက်အခံပါတီ အဲန်အယ်လ်ဒီတို့နှင့် တွေ့ဆုံခဲ့သည့်အတွက် ကောင်းမွန်သည့်ဆွေးနွေးပွဲများပြုလုပ်နိုင်ခဲ့သည်ဟု ပြောဆိုခဲ့သည်။

ကုလသမဂ္ဂသည် မြန်မာနိုင်ငံဒီမိုကရေစီစနစ်ဖော်ဆောင်ရေးတွက် ကြားဝင်ဆောင်ရွက်လျှက်ရှိပြီး၊ မြန်မာနိုင်ငံသို့ အထူးကိုယ်စားလှယ်များအား အဆက်မပြတ် စေလွှတ်လျှက်ရှိသည်။

တိုင်းရင်းသားခေါင်းဆောင်တဦးဖြစ်သည့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအေးသာအောင်ကမူ ကုလသမဂ္ဂ၏ မြန်မာပြည်အရေး ကြားဝင်ဆောင်ရွက်နေမှုများအပေါ်တွင် အားရခြင်းမရှိလှကြောင်း ပြောဆိုခဲ့သည်။

သွယ်လျသောခန္ဓာကိုယ်၊ ထူထဲသောမျက်မှန်၊ ပြေပြစ်သောဦးခေါင်းနှင့် လိုက်ဖက်ညီလှသည့် ဆံပင်ထူထူတို့က ပညာတတ်တယောက်ဖြစ်ကြောင်း မြင်ရုံမျှနှင့် သိသာလှသည်။ သူ့ကို ကျနော်စတင်တွေ့ဖူးသည်က ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကျင်းပသည့် အဲန်အယ်လ်ဒီ အထူးအစည်းဝေးကြီးအပြီးတွင် ဖြစ်သည်။ အကျယ်ချုပ်အားဖြင့် အထိန်းသိမ်းခံနေရသည့် အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က ရွေးကောက်ပွဲဝင်မည်ဟု ၂၂-၁၂-၈၉ နေ့စွဲပါစာဖြင့် ကြေညာလိုက်သည့်အတွက် အထူးအစည်းအဝေးကြီးက ရွေးကောက်ပွဲဝင်ရေးမူကို လက်ခံလိုက်ခြင်းအားဖြင့် "ရွေးကောက်ပွဲဖြစ်လျှင်ပြီးရော ဝင်ရမှာပဲ" ဟူသော အတွေးအခေါ်နှင့် "ရွေးကောက်ပွဲအား လွတ်လပ်ပြီး တရားမျှတမှုရှိသော အခြေအနေများဖန်တီးပြီးမှ ဝင်ရေး" ဟူသော အတွေးအခေါ် (၂) ရပ်တိုက်ပွဲကို ဆုံးခန်းတိုင်စေခဲ့သည်။

ကျနော်တို့ မြို့နယ်စည်းရုံးရေးအဖွဲ့ကမူ ရွေးကောက်ပွဲကို မလွှဲမရှောင်သာဖြတ်သန်းရမည့် မှတ်တိုင်တရပ်အနေနှင့် သာလက်ခံသည်။ ရွေးကောက်ပွဲတွင် အနိုင်ရသည့်တိုင် စစ်အုပ်စုက အာဏာလွှဲပေးမည်မဟုတ်ဆိုတာ သေချာသည်။ အာဏာလွှဲပြောင်းရေးတိုက်ပွဲအဆင့်ကို တိုက်ရဦးမည်။ စစ်အာဏာရှင်တို့ကား အလွယ်တကူ လက်လျှော့ရိုးထုံးစံမရှိ။ တိုက်ပွဲကားရှည်လျားဦးမည်။ တိုက်ပွဲအတွက် ခေါင်းဆောင် အသစ် အသစ်များကို မွေးထုတ်ပျိုးထောင်ရန်လိုသည်။ ကျနော်တို့ ခေါင်းဆောင်သည် မြို့နယ်ခေါင်းဆောင်အဆင့်သာမက တနိုင်ငံလုံးကိုယ်စားပြု ခေါင်းဆောင်ဖြစ်စေချင်သည်။ ဒီအခါ ဗိုလ်ချုပ်အကို၊ အာဇာနည်ဦးဘဝင်း၏သား ဒေါ်အောင်ဆန်းစုကြည်၏အကိုဝမ်းကွဲ ဒေါက်တာစိန်ဝင်းဆိုပါက မသင့်လား။ ကျနော်တို့ မြို့ခံခေါင်းဆောင်များတွင် အမတ်လုပ်ရန်အရည်အချင်း မရှိကြ၍မဟုတ်။ သင့်လျော်သူများ ရှိကြပါသည်။ သို့သော် ကျနော်တို့လိုအပ်နေသည်မှာ မြို့နယ်အဆင့်ခေါင်းဆောင်မဟုတ်။ အမတ်မဟုတ်။ တနိုင်ငံလုံးအတိုင်းအတာနှင့် ဒီမိုကရေစီတိုက်ပွဲကို ခေါင်းဆောင်မည့်သူဖြစ်သည်။ အခက်အခဲအကြပ်အတည်းတွေကို ရင်ဆိုင်တွန်းလှန်ရင်း ကျနော်တို့အားလုံးကို ခေါင်းဆောင်မည့်သူဖြစ်ရမည်။ ပြည်သူလိုလားနေသောအပြောင်းအလဲကို ဖော်ဆောင်နိုင်သူဖြစ်ရမည်။ သူ့မှာ ဤအရည်အချင်းတွေ ရှိမည်ဟုထင်သည်။ သူ့ကို ကျနော်တို့လျာထားပြီး နိုင်ငံရေးသမားအချို့နှင့်တိုင်ပင်ကြည့်တော့ လိုသူလည်းရှိသည်။ မလိုသူလည်းရှိသည်။ သူ့အား နည်းချက်များထောက်ပြ၍ ကန့်ကွက်သလို၊ အားကောင်းချက်များပြောပြ၍ အားပေးသူလည်းရှိသည်။ သို့ပေမယ့် အဲန်အယ်လ်ဒီ၏ Life Boat အသက်ကယ်ပါတီ PND ၏ဥက္ကဋ္ဌအဖြစ် အရေးကြီးတဲ့ တာဝန်များကို ထမ်းဆောင်နေသည်ကိုက ဒေါ်စုတို့ခေါင်းဆောင်တွေက သင့်လျော်လို့ တာဝန်ပေးထားတာဖြစ်မည်။ ယုံကြည်လို့ အပ်နှင်းထားတာဖြစ်မည်။

ကျနော်တို့အားလုံး တညီတညွတ်တည်း ဆုံးဖြတ်ချက်ချလိုက်ကြသည်။

သူ ...ဒေါက်တာစိန်ဝင်းကို ကျနော်တို့မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဖြစ်ကိုဖြစ်စေရမည်။

သူ့ကို ကျနော်တို့အားလုံးက ဆရာဟုခေါ်သည်။ သူ၏ ကျောင်းဆရာသဘာဝနှင့် ကိုက်ညီသည့်အခေါ်အဝေါ်မို့ အားလုံးအတွက် အဆင်ပြေလှသည်။ အနေအထိုင်အပြောအဆို အေးဆေးတည်ငြိမ်မှုက သူနှင့် ဆက်ဆံသူအလွှာမရွေး၊ လူတန်းစားမရွေး၏ ကြည်ညိုလေးစားမှုကို ရရှိစေသည်။ ပျော့ပြောင်းညင်သာမှု၊ ပြေပြစ်မှု အပြည့်ရှိသည်။ သချာဆရာမို့ ပေလားမသိ။ ပြောဆိုလုပ်ကိုင်ရာတွင် တိကျသည်။ မဝေဝါး။ အရိုးခံအတိုင်း ပြောချစ်စခင်စသမယကို မတမ်းတနိုင်၊ မလွှမ်းဆွတ်နိုင်။ တော်တောင်ချိုင့်ဝှမ်းလျှိုမြောင်ကြားမှာ တရွာဝင် တရွာထွက် ခရီးဆက်၍ မဲဆွယ်ပွဲကို စတင်ရသည်။

"ကိုရဲထွန်း၊ ခင်ဗျား နည်းနည်းမှ ကိုယ်ချင်းမစာဘူးဗျာ"

သူ့ကို ကျနော်က လက်ထပ်ပြီးပြီးချင်းမဲဆွယ်ပွဲအတွက် ကျနော်မြို့ကိုပြန်လာဖို့ ဖုန်းဆက်သည်ကိုရည်ရွယ်၍ ကျနော့်ကို မကြာခဏစလေ့ရှိသည်။ ခရီးဘယ် လောက်ကြမ်းပါစေ၊ ဘယ်တော့မှ မငြီး။ ဟင်းလျာဘယ်လောက်ညံ့ပါစေ၊ ဘာလေးစားချင်တယ် ဘယ်တော့မှမပြော။ ကျွေးသမျှသာ စားသည်။ ရောင့်ရဲလွယ်သောသူ့အပြုအမူကြောင့် နိုင်ငံရေးအတွေ့အကြုံရင့်ကျက်နေခဲ့သည့် ကျနော်စပ်လျှက် ဆရာအောင်ပွဲခံသည်။ ဆရာ့ရိုသားမှုနှင့်ကြိုးပမ်းမှုကို မြို့နယ်ပြည်သူတို့ မျက်ဝါးထင်ထင် တွေ့မြင်ရ၍ဆိုလျှင်မမှား။

ရွေးကောက်ပွဲပြီး နောက်တနေ့ညမှာ ကျနော်တို့ အောင်ပွဲခံအခမ်းအနား ကျင်းပသည်။ လူငယ်တချို့၏ပုခုံးပေါ်တွင်ရောက်နေသော ဆရာက သူ့ထုံးစံအတိုင်း လူအများအလယ်တွင် အနေခက်ဟန် အားတုံ့အားနာပြုသည်။ သို့သော် တစထက်တစ ကြည်လင်ပြတ်သားလာသော ဆရာ့မိန့်ခွန်းက ကျနော်တို့အားလုံး၏ရင်ကိုသိမ့်တုန်လှုပ်ခါစေသည်။ "ကျနော့်ကို ရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူလူထုရဲ့ ဒီမိုကရေစီရေးလိုအင်ဆန္ဒကို ဘယ်လိုအခက်အခဲတွေရှိပါစေ။ ကျနော် ဦးဆောင်ဆံမြေ့ ဖြည့်စွမ်းမှာပါ" တဲ့။ ကိုထွန်းအောင်ကျော်၏ဆွေးနွေးမှုကို ကိုးကားပြီး ...

"ကောသလမင်းအိပ်မက် (၁၆) ချက်ထဲက ဆိတ်ကလေးနို့ကို ဆိတ်မကြီးစို့သလိုပါပဲ။ အခု ဇရာဝတီတိုင်း လူငယ်တာဝန်ခံပြောသွားတာကို လိုက်လုပ်ဖို့လိုပါတယ်။ လူထုကလည်း ကျနော်တို့ကို Mandate ပေးထားပြီးဖြစ်တယ်" ဟုပြောဆိုခဲ့သည်။ ၅ / ၉၀ လက်ခံရေး၊ လက်မခံရေးက လမ်းစဉ်တိုက်ပွဲ (၂) ရပ်တိုက်ပွဲကား ပြင်းထန်လှသည်။

၅ / ၉၀ နဲ့စပ်လျဥ်း၍ ပဲခူးတိုင်းအနောက်ခြမ်း ဆွေးနွေးပွဲကို အုတ်ဖို့ မြို့ရုံးတွင် ၂၀-၉-၁၉၉၀ တွင် ကျင်းပသည်။ မြို့နယ်ကိုယ်စားပြု၍ ဆရာနှင့် ကျနော်သွားတက်သည်။ ပဲခူးတိုင်းအနောက်ခြမ်း




# ရင်မှာထာဝစဥ်စွဲထင်နေမည့် ပုံရိပ်များ

**ကျနော် တို့မြို့ခံခေါင်းဆောင်များတွင် အမတ်လုပ် ရန်အရည်အချင်း မရှိကြ၍မဟုတ်။ သင့်လျော်သူများ ရှိကြပါသည်။ သို့သော် ကျနော်တို့လိုအပ်နေသည်မှာ မြို့နယ်အဆင့်ခေါင်းဆောင်မဟုတ်။ အမတ်မဟုတ်။ တနိုင်ငံလုံးအတိုင်းအတာနှင့် ဒီမိုကရေစီတိုက်ပွဲကို ခေါင်းဆောင်မည့်သူဖြစ်သည်။ အခက်အခဲအကြပ်အတည်းတွေကို ရင်ဆိုင်တွန်းလှန်ရင်း ကျနော်တို့အားလုံးကို ခေါင်းဆောင်မည့်သူဖြစ်ရမည်။ ပြည်သူလိုလားနေသော အပြောင်းအလဲကို ဖော်ဆောင်နိုင်သူဖြစ်ရမည်။ သူ့မှာ ဤအရည် အချင်းတွေ ရှိမည်ဟုထင်သည်။ သူ့ကို ကျနော်တို့လျာထားပြီး နိုင်ငံရေးသမားအချို့နှင့် တိုင်ပင်ကြည့်တော့ လိုသူလည်းရှိသည်။ မလိုသူလည်းရှိသည်။ သူ့အား နည်းချက်များထောက်ပြ၍ ကန့်ကွက် သလို၊ အားကောင်းချက်များပြောပြ၍ အားပေးသူလည်းရှိသည်။**

**ရဲထွန်း**

ဆိုဆက်ဆံသည်။ ရင်ထဲက အရှိတရားနှင့်အပြင် နှုတ်ထွက်စကားတို့ တသားတည်းကျသည်။ ကျနော်တို့ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် မြို့ခံလူထုနှင့် မကြာခင်ပဲ အသားကျသွားသည်။

မဲဆွယ်ကာလအတွင်း ဆရာအိမ်ထောင်ပြုသည်။ ဆရာတို့သင်္ချာဌာနမှ ဆရာမတဦး၊ ဆရာထက် အတော်လေးအသက်ငယ်ပေမယ့် သူတို့အိမ်ကို မမျှော်လင့်ပဲ ကျနော်ရောက်သွားတုန်းက တွေ့ရသည့်မြင်ကွင်းအရ ဆရာတော်တော်ကံကောင်းသည်ဟု ကျနော်မှတ်ပွားရသည်။ ဆရာနှင့် ဆက်ဆံပြောဆိုလေတိုင်း ဆရာ့ဇနီး၏မျက်ဝန်းများက ဖော်ပြရန်ခက်ခဲလှသောအရိပ်အငွေ့များဝေသန်းမှုကို မှတ်မှတ်ထင်ထင်ရှိရသည်။ ပြည်ထဲရေးထက် လွှမ်းရေးခက်သည်ဟု မြဝတီမင်းကြီးဦးစက ဆိုသည်။ ဆရာကတော့ လွှမ်းရေးထက် ပြည်ထဲရေးကခက်သည့်ကာလမို့ တို့မြို့နယ်က ရွာသူရွာသားများက ဆရာ့အပေါ်လေးစားထောက်ခံမှုကို ပိုလို့တိုးပွားလာစေသည်။

ဒီလိုနှင့် ရွေးကောက်ပွဲမှာ ကျနော်တို့နိုင်သည်။ အမှန်က ကျနော်တို့မြို့နယ်မှာ မဆလအရှိန်အဝါကြီးသည်။ ဗိုလ်နေဝင်းကြောင့်ဆိုင်လျှင် မမှား။ သူ့တပည့်တပန်း၊ ဆွေမျိုးသားချင်းများက လွှမ်းမိုးထားသည်။ သို့သော် တဘက်ကလည်း အုပ်စိုးသူလူတန်းစား ဆန့်ကျင်ရေးစိတ်ဓာတ်များ မိုးလုံးပြည့်လျှံနေသည်။ အတိတ်ကာလ ကွန်မြူနစ်ပါတီ၏ စည်းရုံးရေးအငွေ့အသက် အကြွင်းအကျန်များကြောင့်ဖြစ်သည်။ ဦးလေးဗိုလ်ချုပ်နှင့် ဖခင်အာဇာနည်တို့၏ အရှိန်အဝါ ပေါင်း

ဒီလိုနှင့် အဲန်အယ်လ်ဒီဗဟိုနှင့် အရွေးချယ်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ဂန္ဒီအစည်းအဝေးကျင်းပသည်။ ဆရာက PND ကိုယ်စား မိန့်ခွန်းပြောတော့ အစည်းအဝေးတက်ရောက်နေသူများထဲမှ လုပ်ဖော်ကိုင်ဖက်အချို့က ဆရာဦးစိန်ဝင်းက ပိုပြီးတော်လှန်ရေးဆန်လာတယ်ဟုဆိုကြသည်။ ဆရာ့မိန့်ခွန်းတိတ်ခွေကို ကျနော်ဖွင့်ပြတော့ နှစ်ထောင်းအားရရှိကြသည်။ ဒါမှ တို့ဆရာကွ၊ အာဇာနည်မျိုး၊ ဗိုလ်ချုပ်သွေးကို တို့ရွေးခဲ့တာမှန်ပြီလို့ ပြောကြသည်။ ကျနော်ကတော့ ဘာမှမဆိုင်သလိုနေလိုက်ပါသည်။

နဝတ၏ ၁/၉၀ ကို အဲန်အယ်လ်ဒီက ၅/၉၀ ဖြင့်တုံ့ပြန်သည်။ အဲန်အယ်လ်ဒီဌာနာချုပ်ရုံးအပေါ်ထပ်မှာ ၅ / ၉၀ ကို ကန့်ကွက်သံ ကြွက်ကြွက်ညံနေသည်။ အထူးသဖြင့် ဆရာဦးအောင်ခင်ဆင့်က အဲန်အယ်လ်ဒီလူငယ် ဧရာဝတီတိုင်းတာဝန်ခံ တိုင်းတာဝန်ခံ ကိုအောင်စောဦးနှင့် ကိုရန်အောင်တို့လည်း တက်ရောက်သည်။ ဗဟိုမှ အဲဒီအချိန်က အတွင်းရေးမှူးအဖွဲ့ဝင်ဖြစ်နေသည့် မောင်ဝံသ (ခ) ကိုစိုးသိန်းက သဘာပတိအဖြစ်ဆောင်ရွက်သည်။ အဲန်အယ်လ်ဒီ၏ CEC ဖြစ်လာပြီးမှ ကွယ်လွန်သွားရှာသူ ဗဟိုကော်မတီဝင် ဦးမြလေးလည်းပါသည်။ ကျနော်တို့က စာတမ်းပြင်၍ တင်ပြသည်။ ဘာဆုံးဖြတ်ချက်မှ မယ်မယ်ရရ မချနိုင်။ ဗဟိုက လူကြီးများလည်း ၅ / ၉၀ ကို အောက်ခြေပါတီထုက လက်မခံနိုင်ကြောင်း သိသွားကြပြီ။

အုတ်ဖိုအစည်းအဝေးကအပြန် ပျော်ဘွယ် အဲန်အယ်လ်ဒီလွှတ်တော်ကိုယ်စားလှယ် ကိုလှဖေ (ထိုင်းနိုင်ငံ ဘန်ကောက်တွင် ရန်သူ့လက်ချက်ဖြင့်ကျဆုံး) ကျနော်တို့ ပြည်ဘူတာရုံက စောင့်နေသည်။ ပေါက်ခေါင်းကိုလိုက်ပြီး နောက်တနေ့ ကျ

စာမျက်နှာ (၇) သို့....

*စာမျက်နှာ (၆) ရဲ့ထွင့်ဆောင်းပါးမှ...*

နေ့ဘ်ယာတောခြံမှာ အစည်းအဝေး စကြသည်။ ကိုလှဖေက "ရှေ့သို့ မျက်နှာဖုံးမှာပါတဲ့ 'သူတို့ ကျောခိုင်းသွားလေပြီ' ခေတ်ပုံရိုက်တဲ့ချောင်း ဘယ်မှာလဲ။ သွားချင်တယ်" ဟုမေးသည်။ ကျနော်က "နည်းနည်းဝေးတယ်။ အချိန်မရဘူး။ ပြီးတော့ ခင်ဗျားဒီရောက်နေတာ လူတွေသိကုန်မယ်" ဟုပြောရသည်။ ပန်းတောင်းမြို့နယ်ကလူတွေကလွဲပြီး ပြည်ခရိုင်အတွင်းက အခြားမြို့နယ်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ကိုလှဖေက မန္တလေးအစည်းအဝေးနှင့် ရည်ရွယ်ချက်ကို ရှင်းပြသည်။

မန္တလေးအစည်းအဝေးတက်ရောက်ရန် ကျနော်တို့ ပဲခူးတိုင်းအနောက်ခြမ်းကိုယ်စားလှယ်အဖြစ် သုံးဦးရွေးလိုက်သည်။ ဒေါက်တာစိန်ဝင်း၊ ကိုအောင်စောဦးနှင့် အခြားတယောက်။ မန္တလေးအစည်းအဝေးကိစ္စနှင့်စပ်လျဉ်း၍ သတင်းမျိုးစုံကြားနေရသည်။ ကိုအောင်စောဦး ပြန်ရောက်လာမှ အတိအကျသိရတော့သည်။

ဒီလိုနှင့် ကျနော်တို့မြို့တွင် ရိုးရာအစဉ်အလာအရ အစည်ကားဆုံးကျင်းပလေ့ရှိသော သီတင်းကျွတ်လပြည့်ကျော် (၁) ရက်နေ့ ဆွမ်းကြီးလောင်းပွဲတော်အတွင်း ကိုဝင်းကို (ရေဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တရုတ်ပြည်ကူမင်းမြို့တွင် ရန်သူ့လက်ချက်ဖြင့် ကျဆုံး) ကျနော်ထံရောက်လာသည်။ ဒေါက်တာစိန်ဝင်းထံသွားလိုသည်။ ဆွေးနွေးလိုသည်။ လိုက်ခဲ့ပါဟု ဆိုသည်။ ထိုနေ့ညရထားနှင့်ရန်ကုန်အရောက်သွားပြီး ဒေါက်တာစိန်ဝင်းနှင့်တွေ့သည်။ ဦးဝင်းကိုက သူတို့ MP ချင်း ဦးစွာဆွေးနွေးလိုသည်ဟု ဆိုသည်။ ဆွေးနွေးအပြီး မအောင်မြင်၊ မဖြစ်နိုင်တော့။ သူ မန္တလေးပြန်တော့မည်ဟု အဖွဲ့ချုပ်ရုံးအသွား လေးဘီးကားနောက်ခန်းတွင် ကျနော့်ကိုပြောသည်။ ဒေါက်တာစိန်ဝင်းက ရှေ့ခန်းမှာထိုင်သည်။ အဖွဲ့ချုပ်ရုံးရှေ့ရောက်တော့ ရုံးတွင်းသို့ပင် မဝင်တော့ပဲ ညနေရထားဖြင့် မန္တလေးပြန်တော့မည်ဟုဆိုကာ စီးလာသည့်လေးဘီးကားနှင့်ပဲ မြို့ထဲပြန်သွားခဲ့သည်။

သို့သော် ...။

ရှိရှိသမျှ MP တွေကိုစုစည်း၍ ဒေါက်တာစိန်ဝင်းဦးဆောင်ပြီး နယ်စပ်သို့ ထွက်ခဲ့ကြသည်။ ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်ကို ကောင်အထည်ဖော်ရန် ကြိုးပမ်းခဲ့ကြသည်။ ဘာ့ကြောင့် ဦးဝင်းကို မန္တလေးသို့ မပြန်ဖြစ်တော့ပဲ သူပါလိုက်ပြီး NCGUB တွင် ပါဝင်ခဲ့သည်ကို နောက်နောင်မှ အသေးစိတ်ရေးရတော့မည်။ သေချာသည်က ဒေါက်တာစိန်ဝင်းပါဝင်မှုကြောင့်သာ NCGUB ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်သည်။

NCGUB ပေါ်ပေါက်ရေး ပြည်တွင်းကြိုးပမ်းမှုများမှာ သည်းထိတ်ရင်ဖိုစွန့်စားခန်းများလည်းဖြစ်သည်ဟု ဆိုချင်သည်။ ရန်သူ့ထောက်လှမ်းရေးက ဗဟိုကိုသာအာရုံစိုက်ပြီး အသဲအမဲဖိနှိပ်နေစဉ် မထင်သည့်လူစုက မထင်သည့်အင်အားကိုစုစည်းပြီး ထိုးဖောက်ခဲ့မှု၏ ရလဒ်ဖြစ်သည်။ ကိုပီတာလင်းပင်၊ ကိုဘိုလှတင့်နှင့် ကိုလှဖေတို့လည်း အဓိကအခန်းကပါဝင်သည်။ ပြည်တွင်းတွင် NCGUB ပေါ်ပေါက်ရေးအတွက် လှုပ်ရှားစည်းရုံးခဲ့စဉ်က ကိုသန်းစိန် (ပုလဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) က တက်တက်ကြွကြွ ရှိလှသည်။ လူဟန်ကန္ဒဲ့နွဲ့။ ကဗျာဆရာဖြစ်ပေမယ့် စိတ်ဓာတ်က ပြတ်သားခိုင်မာသည်။ သူ၏ အနစ်နာခံစွန့်လွှတ်လိုစိတ်က ကျနော်တို့ရင်ကို ကူးစက်လာသည်။ သို့ပေမယ့် အတွေ့အကြုံနည်းပါးသည့်စီစဉ်မှုများကြောင့် ထိုင်း–မြန်မာနယ်စပ်ကို တကယ်တမ်းထွက်လာတော့ သူကျန်ရစ်သည်။ ပြည်သူ့ကာကွယ်ရေးတပ် PDF တပ်မှူး ဗိုလ်မှူးကြီးစိန်မြနှင့် ပဲခူးတိုင်း NLD စည်းရုံးရေးမှူး ကိုရန်အောင်၏ အခိုင်အမာဆယ်သွယ်မှုဖြင့် လွတ်မြောက်နယ်မြေသို့ရောက်ရှိလာသည်။ မွန်ပြည်သစ်ပါတီ၏ပံ့ပိုးမှုဖြင့် ဒီအေဘီတပ်ပေါင်းစုရုံးစိုက်ရာ မာနယ်ပလောဌာနချုပ်သို့ ဒေါက်တာစိန်ဝင်းခေါင်းဆောင်သော MP များရောက်ရှိလာပြီး အမျိုးသားညွန့်ပေါင်းအစိုးရကို အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့ခြင်းမှာ အမျိုးသားသွေးစည်းညီညွတ်ရေးမျိုးစေ့များကို မြန်မာပြည်အနှံ့ ကြဲဖြန့်လိုက်သကဲ့သို့ ဖြစ်စေခဲ့သည်။ ၁၉၉၁ ခု၊ ဖေဖဝါရီလတွင် ဖွဲ့စည်းခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဗဟိုအစည်းအဝေးတွင် ဥက္ကဋ္ဌ ဒေါက်တာစိန်ဝင်းက "မဟာလူမျိုးကြီးဝါဒနဲ့ ကျဉ်းမြောင်းတဲ့အမျိုးသားရေးအမြင်ကို တပြိုင်တည်းမှာ တိုက်ဖျက်ရမယ်။ နှိုင်းယှဉ်ချက်အရ မဟာလူမျိုးကြီးဝါဒက ပိုပြီးတာဝန်ရှိတယ်။ စစ်အာဏာရှင်များဟာ ဒီအချက်နှစ်ချက်အပေါ် အခွင့်ကောင်းယူပြီး သူတို့ရှင်သန်ရေးအတွက် ကြိုးပမ်းနေတာဖြစ်ပါတယ်။ ဒါကြောင့် ဒီရောက်လာတဲ့ NLD များအနေနဲ့ ပြောခဲ့တဲ့အစွန်းနှစ်ဘက်ကို ရှောင်ကြဉ်ပြီး စစ်မှန်တဲ့အမျိုးသားသွေးစည်းညီညွတ်ရေးကို အဓိကတာဝန်တရပ်အနေနဲ့ ထမ်းဆောင်ကြရမယ်"ဟု ပြောခဲ့ဖူးသည်။ NCGUB ဖွဲ့စည်းပြီးနောက်ပိုင်း သက်ဆိုင်သူ MP များ၏ တာဝန်ယူလုပ်ဆောင်မှုများသည် အထင်အရှားပင်ဖြစ်သည်။ ကျနော် အထူးပြောရန်လိုမည်မထင်။ NCGUB တွင် တာဝန်ယူသူများသည်သာ သူတို့သမိုင်းကို သူတို့ကိုယ်တိုင်ရေးပြခြင်းက ပို၍ သင့်လျော်သည်ဟု ယူဆသည်။ အခုလာမည့် ဒီဇင်ဘာ (၁၈) နေ့ဆိုလျှင် NCGUB ဖွဲ့စည်းခဲ့သည်မှာ (၁၀) နှစ် တင်းတင်းပြည့်တော့မည်ဖြစ်သည်။ ဆယ်စုနှစ်တစ်စုကို တာဝန်ယူဆောင်ရွက်ရသည်မှာ လွယ်ကူလှသည်တော့မဟုတ်။ မည်သို့ဆိုစေ တာဝန်ယူရသူများအဖို့ မှားတာတွေလည်းရှိမည်။ မှန်တာတွေလည်းရှိသည်။ NCGUB ၏ သမိုင်းသည် ဒေါက်တာစိန်ဝင်း၏ သမိုင်းနှင့် ခွဲခြားမရ။ NCGUB သည် ဒေါက်တာစိန်ဝင်းဖြစ်၍ ဒေါက်တာစိန်ဝင်းသည် NCGUB ဟုဆိုနိုင်သည်။ ထို့အတူ ဒေါက်တာစိန်ဝင်းသည်ပင် NCGUB တည်းဟူသော နိုင်ငံရေးစင်မြင့်၏ အကန့်အသတ်နှင့် ထူးခြားသော လက္ခဏာဖြစ်ထွန်းမှုများကို ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကျော်လွှား၍မရ။ ဤကား လောက၏ နိယာမဖြစ်သည်။ လောက၏ အစိတ်အပိုင်းမျှသာဖြစ်သော NCGUB သည်လည်းကောင်း၊ ဒေါက်တာစိန်ဝင်းသည်လည်းကောင်း ဤနိယာမသဘောကို လွန်ဆန်၍မရ။ ဤကား NCGUB နှင့် ဒေါက်တာစိန်ဝင်းအပေါ် ကျနော် သိမြင်နားလည်ထားချက်များ ဖြစ်သည်ဟု ဆိုချင်သည်။ မှားသည် မှန်သည်ကိုတော့ သမိုင်းကဆုံးဖြတ်ပေလိမ့်မည်။

မည်သို့ဆိုစေ NCGUB ပေါ်ပေါက်ရေးအတွက် ပါဝင်ကြိုးပမ်းကြသူများ၏ စွန့်လွှတ်စွန့်စားသော၊ တက်ကြွပိုင်းဖြတ်သော လှုပ်ရှားမှုပုံရိပ်များသည် ပြည်သူလူထုအတွက် အလုပ်အကျွေးပြုရင်းတော်လှန်ရေးကို ဆုံးခန်းတိုင်ဆင်နွှဲရန် ခွန်အားကိုပေးစွမ်းနိုင်ခဲ့သော အတိတ်ကာလပုံရိပ်များအဖြစ် ကျနော့်ရင်ဝယ် ထာဝရစဉ် စွဲထင်နေမည်သာဖြစ်သည်။

> "အခုလာမည့် ဒီဇင်ဘာ (၁၈) နေ့ဆိုလျှင် အဲန်စီဂျီယူဘီ ဖွဲ့စည်းခဲ့သည်မှာ (၁၀) နှစ် တင်းတင်းပြည့်တော့မည် ဖြစ်သည်။ ဆယ်စုနှစ်တစ်စုကို တာဝန်ယူ ဆောင်ရွက်ရသည်မှာ လွယ်ကူလှသည် တော့မဟုတ်။ မည်သို့ဆိုစေ တာဝန်ယူရ သူများအဖို့ မှားတာတွေလည်းရှိမည်။ မှန် တာတွေလည်းရှိသည် အဲန်စီဂျီယူဘီ၏ သမိုင်းသည် ...



## မန်းရွာခန်းမ

ဌာနချုပ်ရဲ့ စည်းဝေးခန်းမ
သူတို့ ကင်ပွန်းတပ်လိုက်ကြတယ်
ကန့်ကွက်သူမရှိ
တခဲနက် အတည်ပြုတာက
မန်းရွာခန်းမတဲ့
သောင်းရင်းကမ်းနဘေးမှာပဲ ထားထား
ဒေါနတောင်စွယ်ပေါ်မှာပဲ နားနား
အကယ်လို့များ
မြို့တော်ဆီကို ပြန်သွားရရင်တောင်
ဒီနာမည်ဟာ
ကမ္ဘာမကြေ ဥဒါန်းတွေဝေစေရမတဲ့ ...။

သူဟာ ဖားစည်
ဒါပေမယ့် ...
ဟသ်ာလိုဝင်းပ
အောက်ချင်းငှက်လို အဆင်းလှခဲ့
တချိန်တည်းမှာ
ခြသေ့်မင်းရဲ့ခွန်အားနဲ့
နဂါးလိုလဲ မာန်ဟုန်ပြင်းရဲ့
ဒေါင်းယောင်မဆောင်ပေမယ့်
ခွပ်ဒေါင်းတွေနဲ့ ယှဉ်တွဲကခဲ့ ...။

သူဟာအနီ
ဒါပေမယ့်
ကောင်းကင်ပြာကိုကိုယ်စားပြု
စစ်ခွေးတွေကိုအံတုရင်း
စံပယ်ငုံလေးတွေကိုမှ ချစ်တတ်သူဖြစ်ခဲ့။

ချစ်တတ်သူတွေကြားက
ချစ်သူပျောက်ကိုရှာတဲ့တေးသွား
သံစုံမြည်ဟည်းတီးခတ်
နှလုံးသားတူရိယာရဲ့
အနှိုင်းမဲ့သံစဉ်မို့
နှလုံးသားနားနဲ့ ဆင်မှရ
ဗင်သိုဗင်ရဲ့ ဂန္တဝင်တေးသွား
မိုဇစ်ရဲ့ သံစဉ်များ
ဘယ်လိုပြိုင်ပြိုင် မနိုင်နိုင်ခဲ့ပဲ
ဟိုး ... ခပ်ဝေးဝေးမှာကျန်ခဲ့လေရဲ့...။

ဇီဝဖိုး
မတ် ၁၀၊ ၂၀၀၈။

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ □ သတင်းစဉ်သို့ ...

အယ်ဒီတာချုပ်
ဇီဝဖိုး

တာဝန်ခံအယ်ဒီတာ
ရေချမ်း

စာစီစာရိုက်
ကျော်ထက်၊ တင်ထွန်းပိုင်

စာမျက်နှာဖွဲ့စည်းမှု
အောင်ထက်

စာမူများ၊ ဝေဖန်အကြံ□ပစာများအား
အောက်ပါလိပ်စာအတိုင်း
ဆက်သွယ်ပေးပို့နိုင်သည်။

P.O.Box (91),
Tak 63110,
Mae Sod ,
Thailand.
binamojo@cscoms.com
www. binamojo.com

ပြည်တွင်း
လှုပ်ရှားမှုဓာတ်ပုံများအား
အသုံးပြုခွင့်ပေးသည့်
နိုင်ငံရေး
အံ့တုမှုကော်မတီအား
ပိုး□ကားသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။
အယ်ဒီတာအဖွဲ့

ဂမ်ဘာရီ ပြန်သွားပါပြီ ...။

စစ်အာဏာရှင်ထိပ်သီးကြီးက တော့ လက်ခံမတွေ့ဆုံခဲ့ပါဘူး။ နိုင်ငံရေး ပြဿနာကို တွေ့ဆုံဆွေးနွေးအဖြေမရှာဘဲ မိမိတို့အာဏာတည်မြဲရေးနဲ့ စစ်တပ်မင်းဆက် ထာဝရကြီးစိုးရေးကိုသာ အမြဲတမ်း အဓိကထားလုပ်ကိုင်တဲ့နေရာမှာ တော့ သူတို့ရဲ့အဖေကြီး သွားလေသူ ဗိုလ်နေဝင်းဆိုသူအတိုင်းပါပဲ။ အခု ကြုံကြိုက်တုန်း တွေ့ဆုံဆွေးနွေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဘယ်သူက လိုလားတယ်၊ ဘယ်သူက ငြင်းဆန်တယ်ဆိုတာကို အချက်အချို့နဲ့ နှိုင်းယှဉ်ပြချင်တယ်။ ဗိုလ်နေဝင်းဆိုသူနဲ့ တွေ့နိုင်မယ့်အကြောင်း ဘာမှမပြောဘူး။ ဒေါ်စုကိုတော့ "နို့ စုစုက နိုင်ငံရေးမလုပ်ဘူးဆို" လို့ပြောမေးမေးပါတယ်။ (ဒါ ဗိုလ်နေဝင်းဆို သူရဲ့စနက်ဖြစ်တယ်။)

ဒေါ်စုကလည်း ကောက်ကာငင်ကာ "ကျမ နိုင်ငံရေးမလုပ်ဘူးဆိုတာက နိုင်ငံခြားမှာနေပြီးတော့ နိုင်ငံရေးမလုပ်မှာကိုပြောတာပါ"လို့ ပြန်ပြီးပြောခဲ့တယ်။ အဲဒီဗိုလ်မှူးလှမြင့်ဆိုသူက ဘာမှပြန်မပြောဘဲတယ်လီဖုန်းကိုလည်း ချလိုက်ပါတယ်။ အဲဒီအချိန်တုန်းက နိုင်ငံရေးပါတီတွေလည်းမပေါ်သေးပါဘူး။ ရှစ်လေးလုံးအမြင့်ကဆွေးနွေးရာမှာ သခင်အုန်းမြင့်က ကောင်းပါတယ်။ ဒီကစရင် ကောင်းပါတယ်။ ကော်မတီထဲမှာ ဘယ်သူဘယ်ဝါ ပါရမယ်၊ ဘာမယ်တော့ မတောင်းဆိုဘဲနဲ့ ကော်မတီဖွဲ့ဖို့ပဲ တောင်းဆိုရင် ကောင်းမယ်လို့ ဦးထွေးမြင့်ရဲ့ဆွေးနွေးချက်ကို ဖြည့်စွက်ဆွေးနွေးပါတယ်။

ဒေါ်စုကလည်း ကျမသဘောတူပါတယ်။ ဒီကပဲ စပြီးလုပ်ကြတာပေါ့။ ပြီးတော့ ကျမတို့ ဒီလုပ်ငန်းတွေကို စလုပ်တာနဲ့ လုံးဝအကြမ်းမဖက်ရေးပဲ။ အကြမ်းမဖက်ဝါဒ။ ဂန္ဒီဝါဒပေါ့။ ဒါကို ကျမတို့ရဲ့မူအနေနဲ့ ထားလိုက်မယ်။ နောက်ပြီး

အဖြေရှာခြင်း၏ ပြေပြေလည်လည် ဖြစ်ထွန်းမှုရလဒ်အပေါ်တွင် မူတည်နေသည်ဟု ယုံကြည်ပါသည်။ တွေ့ဆုံဆွေးနွေးရေး စတင်ဆောင်ရွက်နိုင်ပါရန်အတွက် ခွင့်လွှတ်ခြင်းသည် မေတ္တာ၏ အမြင့်မားဆုံး အသွင်သဏ္ဌာန်တရပ်ဖြစ်သည်နှင့် အညီ သင်ပုန်းချေရေးကိစ္စကို စတင်ဆွေးနွေးသင့်သည်ဟု ရိုးသားစွာယူဆပါသည်။ ယနေ့ပေါ်ပေါက်နေသော အမျိုးသားရေးပြဿနာများ၏အဖြေမှာ သင်ပုန်းချေရေးနှင့်ပတ်သက်သောကိစ္စရပ်များအပေါ်တွင် တည်မှီနေသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယုံကြည်ပါသည်။




66 ............

**ဒီဖော်ပြချက်တွေကို သုံးသပ်ကြည့်ရင် နိုင်ငံရေးပြနာကို ငြိမ်းချမ်းတဲ့နည်း နဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာဖို့ ကြိုးပမ်းအားထုတ်ကြတာဟာ ဘယ်သူတွေလဲ။ ဒါကို လုံးဝလက်မခံဘဲ ငြင်းဆန်ပေကပ်နေတာဟာကော ဘယ်သူတွေလဲ။ အဖြေ က ရှင်းတယ်။**

ပါတယ်။

အချိန်က ၁၉၈၈ ခုနှစ်၊ ဇူလိုင်လနောက်ဆုံးပတ်။ မဆလပါတီ နောက်ဆုံးညီလာခံ။ ဗိုလ်နေဝင်းဆိုသူ ပါတီဥက္ကဋ္ဌအဖြစ်က (အာဏာကို နောက်ကွယ်ကကြိုးကိုင်ထားဆဲ) နုတ်ထွက်ပြီးစ၊ ဒေါ်အောင်ဆန်းစုကြည်ကလည်း မိခင်ဒေါ်ခင်ကြည် မကျန်းမာတာကိုပြုစုဖို့ ရန်ကုန်ကိုရောက်ရှိနေတဲ့အချိန်။ အမြောက်နဲ့ ယန္တရားတပ်က ဗိုလ်မှူးလှမြင့်ဆိုသူက ဒေါ်အောင်ဆန်းစုကြည်ထံကို တယ်လီဖုန်းဆက်လာခဲ့တယ်။ ဘာကြောင့်ဆက်လာတယ်ဆိုတာတော့ မသိပါဘူး။ သာမန်ပဲ ဒေါ်ခင်ကြည်ရဲ့ကျန်းမာရေးအခြေအနေကို မေးမြန်းတာဖြစ်နိုင်ပါတယ်။ ဒီမှာတင် ဒေါ်စုက ဦးနေဝင်းနဲ့တွေ့ချင်ကြောင်း၊ စီစဉ်ပေးဖို့အကြောင်း ပြောလိုက်ပါတယ်။ ဗိုလ်မှူးလှမြင့်ဆိုသူက သူ့အကြောင်းပြန်မယ်လို့ပြောခဲ့တယ်။

နောက်မကြာခင် ဗိုလ်မှူးလှမြင့်ဆိုသူက ဒုတိယအကြိမ် ဖုန်းပြန်ဆက်လာ ရေးအခင်းကြီးလည်း တပြည်လုံးအနှံ့ မပေါ်ပေါက်သေးပါဘူး။ ရွှေတိဂုံအနောက်ဘက်မုဒ်မှာတက်ရောက်ပြီး လူထုအစည်းဝေးကြီးမှာ စကားပြောဖို့လည်း အစီအစဉ်မရှိသေးပါဘူး။ ဒါမေမယ့် မတ်လနဲ့ ဇွန်လ သွေးထွက်သံယိုအရေးအခင်းတွေကတော့ ဖြစ်ပြီးခဲ့ပါပြီ။

၁၉၈၈ ခုနှစ် ဩဂုတ်လ (၃) ရက်နေ့မှာ သမတဦးစိန်လွင်ဆိုသူနဲ့ ဗိုလ်ချုပ်ကြီးစောမောင်ဆိုသူတို့နှစ်ဦး လက်မှတ်ထိုးပြီး ရန်ကုန်မြို့မှာ မာရှယ်လော (စစ်ဥပဒေ) ထုတ်ပြန်ကြောင်း ကြေညာခဲ့တယ်။ တက္ကသိုလ်ရိပ်သာလမ်း ဒေါ်စုရဲ့အိမ်မှာ သခင်အုန်းမြင့်၊ ဦးထွေးမြင့်၊ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်စကြာတို့နဲ့ ဒေါ်စု တွေ့ကြတယ်။တိုင်းပြည်အခြေအနေက သိပ်ဆိုးနေပြီ။ လူတွေကလည်း ဒုက္ခသိပ်ရောက်နေပြီ။ ငြိမ်းချမ်းရေးအတွက် အတိုင်ပင်ခံကော်မတီတခုဖွဲ့ပြီးလုပ်ဖို့တောင်းဆိုရင်တော့ ကောင်းမယ်ထင်တယ်။ ကောင်းမယ်ထင်တယ်လို့ ဦးထွေး ဥပဒေဘောင်အတွင်းကပဲ လုပ်မယ်။ မြေအောက်တို့၊ တောခိုတာတို့။ လက်နက်ကိုင်တာတို့ လုံးဝမလုပ်ဘူး။ ဒါ ကျမတို့ရဲ့နိုင်ငံရေးလမ်းစဉ်ပဲလို့ ထပ်ဖြည့်ဆွေးနွေးပါတယ်။

ဒီဖေါ်ပြချက်တွေကို သုံးသပ်ကြည့်ရင် နိုင်ငံရေးပြဿနာကို ငြိမ်းချမ်းတဲ့နည်းနဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာဖို့ ကြိုးပမ်းအားထုတ်ကြတာဟာ ဘယ်သူတွေလဲ။ ဒါကို လုံးဝလက်မခံဘဲ ငြင်းဆန်ပေကပ်နေတာဟာကော ဘယ်သူတွေလဲ။ အဖြေက ရှင်းတယ်။

နောက်ထပ် တချက်ထောက်ပြချင်တာက ၂၀၀၃ ခုနှစ် မေ ၃၀ (ဒီပဲရင်း လူသတ်ပွဲ) အပြီး တနှစ်ကျော်အကြာ၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်နေ့မှာ နအဖဥက္ကဋ္ဌဆီကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌကပေးပို့တဲ့ စာပါအကြောင်းအရာတချို့ဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အနာဂတ်သည် တွေ့ဆုံဆွေးနွေး ညှိနှိုင်း

ဒါဟာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ သူမနာကိုယ်မနာ သင်ပုန်းချေ ငြိမ်းချမ်းရေးလမ်းစဉ်အတိုင်းပါပဲ။ ဒီပဲရင်းလူသတ်ပွဲမှာ ရက်ရက်စက်စက် သတ်ခဲ့ဖြတ်ခဲ့တာကိုတောင် ချေပ့်မယ်၊ ကျေပ့်မယ်လို့ တဖက်က ကမ်းကုန်အောင်အလျှော့ပေးလက်ကမ်းတာကို စစ်အာဏာရှင်တွေက ခေါင်းမာမာနဲ့ အကြောက်အကန်ငြင်းဆန်ပေကပ်နေကြတယ်။ တရားမရတဲ့ စစ်ဗိုလ်ချုပ်တွေကို တရားပြရတာဟာ တရားကိုတောင် အားနာဖို့ကောင်းလှပြီ။ မာကျစ်နေတဲ့ ဦးနှောက်နှင်းခဲတွေပျော်ခဲလိုက်တာ။ မင်ဒဲလားနဲ့ဒီကလပ်၊ အာရာဖတ်နဲ့ရာဘင်တို့ ကမ္ဘာ့ငြိမ်းချမ်းရေးဆု အတူရကြတာ နမူနာယူစရာလို့ သိကောင်းပါတယ်။ မသိတာကို မသိတာက အဆိုးဆုံးပဲ ....။

မသိတာဟာ ကင်ဆာ၊

ကင်ဆာ ကျဆုံးပါစေ ...၊

အောင်စောဦး

(ခေတ္တ အမေရိကား)

## ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ (၁၂) ရက် ပြည်ထောင်စုနေ့ ထုတ်ပြန်ကြေညာချက်

(က) ပြည်ထောင်စုသမတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ သည် စတင်အာဏာတည်ခြင်းမရှိသေးသောကြောင့် ပြန်လည်သုံးသပ်နိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မိမိတို့ကိုယ်တိုင်ပြဋ္ဌာန်းထားသည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ ထုတ်ပြန်ထားသည့် ကြေညာချက်များနှင့်အညီ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ပြည်သူ့လွှတ်တော်ကိုအမြန်ဆုံးခေါ်ယူဖွဲ့စည်းပေးရန်။

(ခ) မိမိနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိစေရန် အစဉ်တစိုက်ကြိုးပမ်းအားထုတ်မှုကြောင့် နေအိမ်များတွင် ထိန်းသိမ်းခြင်းခံနေကြရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား နိုင်ငံတော်၏လိုအပ်ချက်အရ ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်။

(ဂ) တိုင်းရင်းသားလူမျိုးစုများ မပါဝင်ဘဲ စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည်မဟုတ်သောကြောင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုးညွန့်လွင်နှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များအား နှစ်ရှည်လများ ပြစ်ဒဏ်ကျခံနေရခြင်းမှ ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်။

(ဃ) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ဖမ်းဆီးထိန်းသိမ်းထားခြင်း၊ ပြစ်ဒဏ်ချခြင်းခံနေကြရသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒီမိုကရေစီအင်အားစုများ စသည့်နိုင်ငံရေးအကျဉ်းသားအားလုံးတို့ကို ကန့်သတ်ချက်များမရှိဘဲ ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်။

(င) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ပြစ်ဒဏ်ကျခြင်းခံနေကြရသော မင်းကိုနိုင်၊ ကိုကိုကြီး စသည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်။

(စ) နိုင်ငံရေးပါတီများ မှတ်ပုံခြင်းဥပဒေနှင့်အညီ တရားဝင်ရပ်တည်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဆင့်ဆင့်သော စည်းရုံးရေးအဖွဲ့ရုံးများကို ဥပဒေနှင့်ညီညွတ်ခြင်းမရှိဘဲ ခေတ္တဟုဆိုပြီး ယနေ့အထိ ငါးနှစ်ကျော်သည့်တိုင် ကာလရှည်ကြာစွာ ချိပ်ပိတ်ထားခြင်းမှ အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးရန်နှင့် လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့်ပေးရန်။

(ဆ) ၁၉၉၀ ပြည့်နှစ်ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီး ဖျက်သိမ်းခြင်းခံထားကြရသော တိုင်းရင်းသားနိုင်ငံရေးပါတီများ အပါအဝင် နိုင်ငံရေးပါတီများကို ပြန်လည်မှတ်ပုံတင်ခွင့်ပေး၍ လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့်များပေးရန်။

# စတုတ္ထအကြိမ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များညီလာခံ အောင်မြင်စွာပြီးဆုံး ဒေါက်တာစိန်ဝင်း ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခံရ



စတုတ္ထအကြိမ်မြောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ညီလာခံအား ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့မှ (၂၃) ရက်နေ့ထိ (၄) ရက်တိုင်တိုင် အိုင်ယာလန်နိုင်ငံ၊ ဒဗလင်မြို့၊ မာလဟိုဒ်တွင်ကျင်းပခဲ့သည်။ ထိုညီလာခံတွင် ဝန်ကြီးချုပ်အဖြစ် ဒေါက်တာစိန်ဝင်းအား ပြန်လည်ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များညီလာခံအား အိုင်ယာလန်အစိုးရနှင့် အိုင်ယာလန်ဆိုင်ရာ မြန်မာ့အရေးလှုပ်ရှားသူများတို့မှ ကမကထပြုကာ ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ပထမအကြိမ်ညီလာခံကိုလည်း အိုင်ယာလန်နိုင်ငံ ဒဗလင်မြို့တွင် ၂၀၀၀ ခုနှစ်က ကျင်းပခဲ့ဖူးသည်။

ယခု ၂၀၀၉ ခုနှစ်တွင် ကျင်းပသည့် စတုတ္ထအကြိမ်မြောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များညီလာခံသို့ ပြည်ပတွင်ရောက်ရှိနေသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၂) ဦးတက်ရောက်ခဲ့ပြီး တဦးမှာမူ ကျန်းမာရေးအခြေအနေကြောင့် တက်ရောက်နိုင်ခြင်းမရှိခဲ့ချေ။

ညီလာခံမှနေ၍ ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်းအား ထောက်ခံမဲ (၂၁) မဲဖြင့် ဝန်ကြီးချုပ်နေရာအား ပြန်လည်ရွေးချယ်တင်မြှောက်ခဲ့ပြီး ယခင်ဝန်ကြီးများဖြစ်သည့် ဦးဘိုလှတင့်၊ ခွန်မာရ်ကိုဘန်း၊ ဒေါက်တာတင့်ဆွေတို့မှာ ပြန်လည်ရွေးချယ်တင်မြှောက်ခံခဲ့ရပြီး ဦးထွန်းဝင်း၊ ခွန်မြင့်ထွန်း၊ ဦးဝင်းလှိုင်တို့အား ဝန်ကြီးများအဖြစ် တိုးချဲ့ရွေးချယ်တင်မြှောက်ခဲ့သည်။







ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ၏ ဝန်ကြီးချုပ်နေရာအား မည်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မဆို ဝင်ရောက်ရွေးချယ်ခံခွင့်ရှိပြီး ညီလာခံအား (၄) နှစ်တကြိမ် ကျင်းပလေ့ရှိကြောင်းသိရသည်။ ညီလာခံမှနေ၍ ဝန်ကြီးချုပ်အား မဲခွဲဆုံးဖြတ်တင်မြှောက်လေ့ရှိပြီး ဝန်ကြီးချုပ်ဖြစ်လာသူမှနေ၍ ဝန်ကြီးများအားစိတ်ကြိုက်ရွေးချယ်ခွင့်ရှိပြီး ညီလာခံတွင် မဲခွဲအတည်ပြုပေးရခြင်းဖြစ်သည်။

ညီလာခံ၏ဆုံးဖြတ်ချက်များထဲတွင် ၂၀၀၈ ခုနှစ် စက်တင်ဘာ (၈) ရက်နေ့က ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးမှတဆင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့မှတင်သွင်းခဲ့သည့် ကုလသမဂ္ဂတွင် နအဖကိုယ်စားလှယ်အဖွဲ့၏ ကိုယ်စားပြုနေမှုအား ရပ်တန့်ပစ်နိုင်ရေး စိန်ခေါ်မှု (Credential Challenge) ကိစ္စအား ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် ညီလာခံမှ လျှို့ဝှက်မဲ (၁၈) မဲ၊ (၁၅) မဲဖြင့် ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။

ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီဂျီယူဘီ)၊ မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ် (ဒဗလျူအယ်လ်ဘီ)နှင့် မြန်မာနိုင်ငံရှေ့နေများကောင်စီ (ဘီအယ်လ်စီ) တို့၏ နအဖစစ်အစိုးရအား နိုင်ငံတကာရာဇဝတ်ခုံရုံး (အိုင်စီစီ) တွင် တရားစွဲဆိုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ချက်များတွင်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (အမ်ပီယူ) အနေဖြင့် တတ်စွမ်းသရွေ့ ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် သဘောတူဆုံးဖြတ်ခဲ့သည်။

လတ်တလောအခြေအနေတွင် ပြည်ထောင်စုမြန်မာနိုင်ငံညွန့်ပေါင်းအစိုးရအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့်သာ ပြင်ဆင်တိုးချဲ့သွားမည်ဖြစ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ အပါအဝင် သက်ဆိုင်ရာ တိုင်းရင်းသားအင်အားစုများ၊ ဒီမိုကရေစီအင်အားစုများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်ကို ထပ်မံအတည်ပြုဆုံးဖြတ်ခဲ့သည်။ အဲန်စီဂျီယူဘီ တိုးချဲ့ဖွဲ့စည်းရေးကိစ္စနှင့်ပတ်သက်၍ ဆက်စပ်ညှိနှိုင်းကော်မရှင်တရပ်ကိုလည်း (၅) ဦးဖြင့်ဖွဲ့စည်းအတည်ပြုခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ဝင်များအဖြစ် တပြိုင်တည်းတွင်တာဝန်ထမ်းဆောင်ခွင့်မရှိစေရဟူသည့် ဆုံးဖြတ်ချက်ကိုလည်း အလုပ်မှုဆောင်ကော်မတီဝင်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များတွင် ဆုံးဖြတ်ဖော်ပြထားသည်။

ထို့ပြင် ၂၀၀၉ ခုနှစ် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ညီလာခံ ကြေညာချက်စာတမ်းတွင်လည်း လူမျိုးဘာသာမခွဲခြားပဲ တောင်ပေါ်မြေပြန့်ရှိ ပြည်သူလူထုအားလုံး တန်းတူအခွင့်အရေးရရှိစေမည့် ဖက်ဒရယ်ပြည်ထောင်စုတရပ် ပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသည့် နိုင်ငံရေးပါတီများ၏ ဒီမိုကရေစီရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့တွင် ပံ့ပိုးကူညီပေးရန်မှာ တာဝန်တရပ်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ထုတ်ပြန်ထားသည်။

နအဖစစ်အုပ်စုအနေဖြင့် ၂၀၀၈ အခြေခံဥပဒေသည် မြန်မာ့ဒီမိုကရေစီအရေးကို ဦးဆောင်မှုပေးနိုင်လိမ့်မည်မဟုတ်သည့်အပြင် တိုင်းပြည်ငြိမ်းချမ်းသာယာမှုနှင့် ကြွယ်ဝချမ်းသာမှုကို ဆောင်ကျဉ်းပေးနိုင်လိမ့်မည်မဟုတ်သည့်အတွက် စစ်ခေါင်းဆောင်များအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် အခြားအနိုင်ရပါတီများနှင့် အတူတကွပူးပေါင်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြင်ဆင်သင့်သည်များကို ပြင်ဆင်ပြီး မြန်မာ့တိုင်းရင်းသားလူမျိုးများအပေါ်တွင်ထားရှိသည့် တင်းမာသည့်သဘောထားများကိုလည်း လျှော့ချပေးရန်အတွက် ပြန်လည်သုံးသပ်သင့်ကြောင်း အဆိုပါကြေညာချက်စာတမ်းတွင် အကြံပြုထားသည်။

မိမိတို့ မြန်မာ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် စစ်အုပ်စုမှ မြန်မာနိုင်ငံအတွင်းတွေ့ကြုံခံစားနေရသည့် လူမှု၊ စီးပွားပြဿနာအရပ်ရပ်နှင့် နိုင်ငံရေးပြဿနာများကို ဖြေရှင်းရာတွင် တရားမျှတမှုရှိရန် လိုလားသည်။ မြန်မာ့စစ်ခေါင်းဆောင် ဗိုလ်ချုပ်များအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရင်ကြားစေ့ရေးအတွက် အမျိုးသားခေါင်းဆောင် ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များဖြစ်သည့် ဦးခွန်ထွန်းဦး၊ ချုပ်နှောင်ခံထားရဆဲဖြစ်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ (၈၈) မျိုးဆက်ကျောင်းသားများအပါဝင် နိုင်ငံရေးအကျဉ်းသားအားလုံးအား ခြွင်းချက်မရှိ ပြန်လွှတ်ပေးရန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အစဉ်တစိုက်တောင်းဆိုနေသည့် တွေ့ဆုံဆွေးနွေးမှုပေါ်ပေါက်လာရန်အတွက် သတ်မှတ်ထားသည့်ကာလအတွင်း အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပါရန်တို့အား အဆိုပါ

*စာမျက်နှာ (၁၂) ကော်လံ (၃) သို့...*

# အောင်မြင်မှုပန်းတိုင်ဆီသို့ရောက်ရန်

## ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းအားလုံး ညီညီညွတ်ညွတ်ဖြင့် ရှေ့ဆက်သွားရန်လို

### ပြည်ထောင်စုမြန်မာနိုင်ငံညွန့်ပေါင်းအစိုးရဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းနှင့် မိုးကြိုးသတင်းစဉ် တွေ့ဆုံမေးမြန်းခန်း



*မေး။ ။ အမ်ပီယူညီလာခံကိုယ်စားလှယ်တွေကို ဘယ်လိုစံချိန်းစံညွှန်းတွေနဲ့ သတ်မှတ်ပြီးမှ ဒီညီလာခံကိုတက်ခွင့်ပြုပါသလဲ။*

ဖြေ။ ။ ဒီလိုပါ ကျနော်တို့ Member of parliament union အဖွဲ့ပေါ့နော်။ အဖွဲ့လို့ခေါ်မလား၊ သမဂ္ဂလို့ခေါ်မလား။ သူ့ရဲ့အဖွဲ့ဝင်အားလုံး တက်ပိုင်ခွင့်ရှိပါတယ်။ ဆိုတော့ ဘယ်သူပဲဖြစ်ဖြစ် အဲဒီအဖွဲ့ဝင် အမ်ပီပေါ့နော် တက်ခွင့်ရှိပါတယ်။

*မေး။ ။ တကယ်လို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တယောက်ယောက်က တတိယနိုင်ငံကိုထွက်လာပေမယ့် အမ်ပီယူအဖွဲ့ဝင်အဖြစ် လျှောက်မထားဘူးဆိုရင်ကော ဘယ်လိုစဉ်းစားပါသလဲ။*

ဖြေ။ ။ အဲဒါကတော့ တက်လို့မရဘူး။

*မေး။ ။ ညီလာခံကိုတက်လာပြီးဆိုတော့ ညီလာခံကိုယ်စားလှယ်တွေ လိုက်နာရမယ့် စည်းမျဉ်း၊ စည်းကမ်းတွေ ကြိုတင်သတ်မှတ်ထားတာတွေရှိပါသလား။*

ဖြေ။ ။ အတိအကျတော့ မရှိဘူးပေါ့နော်။ ဒါပေမယ့်လို့ နားလည်မှုကတော့ရှိကြတာပေါ့။ ဒီမှာပါတဲ့ကိုယ်စားလှယ်တွေအနေနဲ့ ယဉ်ယဉ်ကျေးကျေး ဆက်ဆံကြဖို့ပေါ့နော်။ နောက်ပြီး သဘာပတိတို့ အကျိုးတော်ဆောင်တို့က ထိန်းသိမ်းဖို့ပေါ့နော် ဒါကတော့ရှိပါတယ်။

*မေး။ ။ အဲဒီ MPU ညီလာခံမှာ နိုင်ငံရေးအစီရင်ခံစာတင်သွင်းတာတွေ၊ လုပ်ငန်းအစီရင်ခံစာတင်သွင်းတာတွေ၊ နောက် ဘဏ္ဍာရေးအစီရင်ခံစာတင်သွင်းတာတွေ အဲဒီ Agenda အစီအစဉ်တကျရှိပါသလား။*

ဖြေ။ ။ ရှိပါတယ်။ ဒါက ကျနော်တို့ ထုံးစံအတိုင်း ပထမဦးဆုံးပေါ့နော်။ အဲဒီတော့ ဒီမှာ နှစ်မျိုးနှစ်စားရှိတယ်။ ပထမကတော့ အမ်ပီယူရဲ့ လုပ်ငန်းအစီရင်ခံစာတို့၊ ဘဏ္ဍာရေးအစီရင်ခံစာတို့၊ နိုင်ငံရေးအစီရင်ခံစာတို့ တင်သွင်းတယ်။ နောက်ပြီးရင်တော့ အဲန်စီဂျီယူဘီရဲ့ လုပ်ငန်းအစီရင်ခံစာ၊ နိုင်ငံရေးအစီရင်ခံစာ၊ ဘဏ္ဍာရေးအစီရင်ခံစာ ဒါတွေတင်သွင်းပါတယ်။

*မေး။ ။ အဲဒီလိုတင်သွင်းပြီးတဲ့အခါမှာ ညီလာခံကိုယ်စားလှယ်တွေက အဲဒီအစီရင်ခံစာအားလုံးကိုအတည်ပြုထောက်ခံခဲ့တာရှိပါသလားခင်ဗျ။*

ဖြေ။ ။ သူတို့အတည်ပြုတယ်။ ပြင်ဆင်ချက်နဲ့ထောက်ခံတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအပေါ်မှာ အကျဉ်းချုံးဆွေးနွေးကြတာပေါ့။ ဆွေးနွေးပြီးတော့ ခုနကပြောသလိုပဲ အတည်ပြုထောက်ခံတာတို့ ပြင်ဆင်ချက်နဲ့ထောက်ခံတာတို့ ဒါမျိုးတွေရှိတယ်။

*မေး။ ။ အခု အမ်ပီယူညီလာခံကနေတဆင့် နှစ်စဉ်အမြဲတမ်း အမျိုးသားညွန့်ပေါင်းအစိုးရကို ရွေးချယ်တင်မြှောက်တယ်ဆိုတော့ အဲဒီလို နောက်ထပ်တဖန်ဖွဲ့မယ့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းပုံနဲ့ ပတ်သက်လို့ ဒီညီလာခံမှာ ပြင်ဆင်တာ၊ ဖြည့်စွက်တာ၊ ပယ်ဖျက်တာ အဲဒါတွေများရှိခဲ့ပါသလား။*

ဖြေ။ ။ အဲဒါကတော့ ရှိပါတယ်။ ဒီညီလာခံမှာရှိပါတယ်။ Agenda တခုအနေနဲ့ပါတယ်။ ဆိုတော့ ထုံးစံအရတော့ ဒီဝန်ကြီးချုပ်အသစ်ကို လျှို့ဝှက်မဲနဲ့ဆုံးဖြတ်တယ်။ ဆုံးဖြတ်ပြီးတဲ့အခါမှာ ဒီဝန်ကြီးချုပ်အသစ်ကနေပြီးတော့ သူနဲ့လုပ်မယ့် လုပ်ဖော်ကိုင်ဖက် ဝန်ကြီးစာရင်းကို တင်တယ်။ အဲဒီမှာလဲပဲ ထုံးစံသဘောကတော့ အတည်ပြုပေးတယ်။ ဒီတခါကျတော့ ဝန်ကြီးချုပ်ကိုတော့ ခုနလိုပဲရွေးတယ်။ ဝန်ကြီးစာရင်းကိုတင်တဲ့အခါမှာလဲပဲ approval ဒီအတည်ပြုဖို့အတွက်ကို မဲနဲ့တခါထပ်ဆုံးဖြတ်တယ်။ (၅၁) ရာခိုင်နှုန်းရမှ approve ဒါကို အတည်ပြုတယ်ဆိုတဲ့သဘောပါပါတယ်။

*မေး။ ။ အဲဒီတော့ ဒီမှာ ကျနော်တို့ ညီလာခံမတိုင်ခင်မှာပေါ့နော်။ ကျနော်တို့ ကြားနေတဲ့ကိစ⬚တွေက Credential challenge campaign ကိုဆက်လက်ဆောင်ရွက်မလား၊ မဆောင်ရွက်ဘူးလားဆိုတဲ့ အင်အားစု နှစ်စုရှိနေတယ် ဆိုတဲ့အသံတွေလည်း ကြားနေရတယ်။ နောက်တခါ ဝန်ကြီးချုပ်ကိုလည်း အသစ်ပြန်ရွေးမယ်။ အဲဒီအသစ်ပြန်ရွေးတဲ့ ဝန်ကြီးကကော ထောက်ခံတဲ့ဖက်မှာ ပါမလား၊ ဆန့်ကျင်တဲ့ဖက်မှာပါမလားဆိုတော့ အဲဒါတွေကလည်း သဲသဲကွဲကွဲမသိ တော့ အဲဒီမှာ ဝန်ကြီးချုပ်ရွေးချယ်တာနဲ့ Credential Challenge Campaign ကို ဆက်လက်လုပ်ဆောင်သင့်၊ မလုပ်ဆောင်သင့်ဆိုတဲ့ကိစ⬚နှစ်ခုကို ဘယ်အရာကို အရင်ဆောင်ရွက်ပါသလဲ။*

ဖြေ။ ။ Credential challenge က အရင်လာတာပေါ့နော်။ အဲဒီမှာ ဆက်လက်လုပ်ဆောင်သင့်၊ မလုပ်ဆောင်သင့် အဲဒါကိုဆုံးဖြတ်တာက ပထမပါ။ ဝန်ကြီးချုပ်ရွေးတာက နောက်ဆုံး Agenda ပါ။

*မေး။ ။ Credential challenge ကိုလုပ်သင့်မလုပ်သင့်ဆိုတဲ့အခါကျတော့ ဒါက ကျနော်တို့က personal အရ လျှို့ဝှက်မဲ မဟုတ်တော့ဘဲ policy assue ဖြစ်သွားတဲ့အခါမှာ ပြောင်မဲပေးတဲ့စနစ်နဲ့ by consensus နဲ့သွားသလား။ ဒါမှမဟုတ် အဲဒါကိုပဲ လျှို့ဝှက်မဲပေးစနစ်နဲ့ သွားပါသလား။*

ဖြေ။ ။ ကျနော်တို့ တော်တော်ကြာကြာတော့ ဆွေးနွေးကြရတယ်ခင်ဗျ။ ဆွေးနွေးကျတော့ ဥက္ကဋ္ဌ၊ သဘာပတိဆိုတာကလည်း အမ်ပီယူဥက္ကဋ္ဌပါပဲ။ တချိန်လုံးပေါ့။ ဒီဥက္ကဋ္ဌကကော ပြောတာကတော့ consensus နဲ့သွားချင်တယ်။ compromise ကိုသွားချင်တယ်။ ကျနော်တို့ မဲမခွဲချင်ကြပါဘူး။ ဒါပေမယ့် တချို့တလေပေါ့နော်။ သို့သော်လည်းပဲ အတော်ကြာအငြင်းခုံလို့တော့ မပြေလည်ဘူးပေါ့နော်။ ကိုယ့်ရဲ့ရပ်တည်ချက်တွေကို ပြောဆိုကျတဲ့အခါမှာ တော်တော်များများလည်းပဲ ရှင်းရှင်းပြောရရင်တော့ ထပြီးပြောတဲ့အတွက် မှန်းလို့ရပါတယ်။ အဲဒီတော့ နောက်ဆုံးပိတ်မှာတော့မဲခွဲတယ်။ ခွဲတဲ့အခါမှာ လျှို့ဝှက်မဲနဲ့ပဲ မဲခွဲကြပါတယ်။

*မေး။ ။ အဲဒီလို လျှို့ဝှက်မဲနဲ့ခွဲတဲ့အခါမှာကျတော့ ဘယ်လိုအင်အားအချိုးအစားနဲ့ အနိုင်ရရှိသွားတယ်ဆိုတာ နည်းနည်းရှင်းပြပေးလို့ရနိုင်မလားခင်ဗျ။*

ဖြေ။ ။ လျှို့ဝှက်မဲနဲ့ဆိုတော့ ကျနော်တို့ ဒီမဲကတော့ credential challenge ကို လုပ်မယ်ဆိုတာထောက်ခံရင် Yes ပေါ့နော် Y ပါ။ မထောက်ခံဘူးဆိုရင်တော့ No ပေါ့နော်။ N ပါ။ ဆိုတော့ Y က (၁၅) မဲ၊ N က (၁၈) မဲနဲ့ ကျနော်တို့ မထောက်ခံဘူးဖက်က အနိုင်ရသွားပါတယ်။

*မေး။ ။ အဲဒီတော့ ဆရာကအမျိုးသားညွန့်ပေါင်းအစိုးရရဲ့ ဝန်ကြီးချုပ်တယောက်ဖြစ်တဲ့အနေနဲ့ဆိုရင် Credential challenge ကို ဆောင်ရွက်သင့်တယ်။ မဆောင်ရွက်သင့်ဘူးဆိုတဲ့နေရာမှာ ဘယ်ဘက်မှာ ဆရာရှိပါသလဲ။*

ဖြေ။ ။ ကျနော် စကတည်းက ပြောတယ် မဆောင်ရွက်သင့်ဘူး။ ကျနော် ကိုယ်တိုင်လည်း လက်မှတ်မထိုးဘူး။ အဆင့်တဆင့်အထိတော့ လုပ်ချင်ရင်လုပ်ပေါ့။ ခုနကပြောသလို Campaign အဆင့် လောက်အထိတော့လုပ်ပေါ့။ တကယ်တမ်း အဲဒီမှာလက်မှတ်ထိုးပြီးတော့ Credential Challenge ကို ဒီ UN ပေါ့နော်။ ကုလသမဂ္ဂ Mechanism မှာ အတိအကျလုပ်တော့မယ်ဆို့ရှိရင်တော့ မလုပ်သင့်ဘူးဆိုတဲ့ဖက်က အမြဲတမ်းရပ်တည်တာပါ။

*မေး။ ။ အဲဒီလိုဆိုလို့ရှိရင်ဘာကြောင့် မလုပ်သင့်ဘူးဆိုတဲ့အချက်ကိုဆရာအနေနဲ့ အကျဉ်းချုပ်ပြီးတော့ နိုင်ငံရေးအရ ဘာကြောင့်မလုပ်သင့်ဘူးလဲဆိုတာကို နည်းနည်းရှင်းပြပေးလို့ရရင်နည်းနည်းရှင်းပြပေးပါလားခင်ဗျ။*

ဖြေ။ ။ နိုင်ငံရေးအရကတော့ ဒီခုနပြောသလိုပေါ့။ လမ်းကတော့ အများကြီးရှိပါတယ်။ နိုင်ငံရေးအရကကြည့်ရင် အမျိုးမျိုးမြင်တာပေါ့နော်။ ဒါပေမယ့် လက်တွေ့အရက ဘာလဲ။ လက်တွေ့အရက ကျနော်တို့နိုင်မှာမဟုတ်ဘူး။ ဒါက ကျနော်တို့ ဖေဒင်မဟောဘဲနဲ့သိတယ်။ တရုတ်။ ကျနော်တို့ region ပေါ့နော်။ ဒေသတွင်းဆိုင်ရာမှာ ထောက်ခံမယ့်လူမရှိဘူး။ ကျနော်တို့ဖက်ကပါပြီးတော့ ထဲထဲဝင်ဝင်ပြောမယ့်သူမရှိဘူး။ ဒေသတွင်းဆိုင်ရာမှာ ပြင်းပြင်းထန်ထန်ကန့်ကွက်မဲ့လူများတယ်။ အထူးသဖြင့်တော့ တရုတ်။ တရုတ်က အမြဲတမ်းပြောနေတာပဲ။ ဒါ ကျနော်တို့သိသွားတဲ့အခါ အကုန်လုံးသိတယ်။ အခုလို Drastic Action ပေါ့နော်။ ဒါမျိုးလာရင် သူမကြိုက်ဘူးဆိုတာ လူတိုင်းသိတာပဲ။ ဆိုတော့ တရုတ်၊ ကုလား၊ ယိုဒယား အိမ်နီးနားချင်းနိုင်ငံတွေက ဘယ်နိုင်ငံမှမထောက်ခံဘူး။ မထောက်ခံတဲ့အပြင် ကန့်ကွက်ဖို့ဟာ သေချာပါတယ်။ ကျနော့်အနေအမြင်နဲ့လေ။ ဒီ Region မှာလည်း ထောက်ခံမှာလည်းမဟုတ်ဘူး။ ကျနော်တို့ ဒီဟာကို ဒီအခုအချိန်မှာ အထွေထွေညီလာခံကြီးမှာမဲခွဲကြတယ်။ ဒီအခု နှစ်နှစ်တော့ရှိပြီ။ နောက်ဆုံးမဲခွဲသွားတဲ့ Record စာရင်းကိုကြည့်ရင် ကျနော်တို့သိတယ်။ ကျနော်တို့ဖက်မှာ ဘယ်သူတွေထောက်ခံလည်းဆိုရင် အများသောအားဖြင့်က ဒီမိုကရေစီနိုင်ငံတွေလည်းဖြစ်တယ်။ ဥရောပနိုင်ငံတွေ၊ အမေရိကန်၊ ဩစတြေးလျ၊ ဥရောပနိုင်ငံတွေက ထောက်ခံတယ်။ အများသောအားဖြင့် နိုင်ငံတွေက ကြားနေနေတဲ့နိုင်ငံတွေရှိတယ်။ ကန့်ကွက်တဲ့နိုင်ငံတွေရှိတယ်။ ဒါဟာ အထွေအထွေညီလာခံမှာ လူ့အခွင့်အရေးချိုးဖောက်မှုအတွက် ကျနော်တို့ အဆိုအရတော့ Non– violating Resolution ကို မဲခွဲကြတယ်။ ဒါကိုကြည့်ချင်အားဖြင့် ကျနော်တို့သိတယ်။ ဒီတခါက Credential Challenge ဆိုတာက အင်မတန်မှ Sensitive ဖြစ်တာ။ ဒါက ဘယ်လောက်အထိ နီးစပ်သွားလဲဆိုရင် သံတမန်အဆက်အသွယ်ဖြတ်တဲ့အထိလောက် နီးစပ်တာ။ ဆိုတော့ သူတို့သေချာစဉ်းစားကြတယ်။ ဆိုတော့ (၁) အချက်က မဖြစ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ အိမ်နီးနားချင်းနိုင်ငံ၊ ဘယ်နိုင်ငံမှ ကျနော်တို့ကို ထောက်ခံမှာမဟုတ်ဘူး။ Regional နိုင်ငံတွေကလည်းထောက်ခံမှာမဟုတ်ဘူး။ နောက်ပြီးတော့ ကျနော်တို့ မဟာမိတ်နိုင်

*စာမျက်နှာ (၁၁) ကော်လံ (၁) သို့...*

*စာမျက်နှာ (၁၀) မှ...*

င်တွေ အကြီးအကျယ်ဆုံး မဟာမိတ်နိုင်ငံတွေဖြစ်တဲ့ အမေရိကန်၊ ယူကေ၊ ဂျာမဏီ၊ ပြင်သစ်၊ အီတလီပေါ့။ ဒီနိုင်ငံတွေကလည်း ကျနော်တို့အတွေ့အကြုံ ကျနော်တို့ရဲ့သတင်းစကားအရ မလုပ်ပါနဲ့လို့ ကျနော်တို့ကပြောတယ်။ ဒါဟာ အကျိုးမရှိပါဘူး။ အဲဒီလိုပြောထားတဲ့နိုင်ငံတွေဆိုတော့ ကျနော်တို့ တသီးတခြားကြီးသွားမယ်။ နိုင်လည်းမနိုင်ဘူး။ နအဖကနိုင်သွားပြီဆိုရင်တော့ ကျနော်တို့အတွက်အများကြီးဆုတ်ယုတ်တယ်။ သူကပြောမှာပေါ့။ ယူအဲန်ကငါတို့ထောက်ခံထားတာပဲ။ ၁၉၉၀ ရွေးကောက်ပွဲတွေဘာတွေမလိုပါဘူး။ ဒါမျိုး။ ၂၀၁၀ ကိုပြောကြတယ်။ ၂၀၁၀ မတိုင်မီမှာ ၉၀ ရွေးကောက်ပွဲရဲ့ရလဒ်က ဒုက္ခရောက်သွားနိုင်တယ်။ အဲဒီတော့ နိုင်လည်းမနိုင်ဘူး။ သူ့ရဲ့ဆိုးကျိုးတွေကလည်းရှိသေးတယ်။ အများကြီးပဲ။ နောက်ပြီးတော့ နိုင်ငံတကာက ဘယ်လို ကျနော်တို့ကို မြင်မလဲဆိုတော့ ကျနော်တို့ဟာ ကုလသမဂ္ဂရဲ့ လုပ်ထုံးလုပ်နည်းတွေလည်းမသိဘူး။ ကုလသမဂ္ဂရဲ့ Dynamism ပေါ့နော်။ ဒီနိုင်ငံရေးကိုလည်းမသိဘူး။ ကျနော်တို့လုပ်ချင်တာကိုပဲလုပ်တယ်။ နိုင်မှာရှုံးမှာကိုလည်း မတွက်ဘူး။ ဒီလူတွေနဲ့ အလုပ်လုပ်လို့တော့ဖြစ်မယ်မထင်ပါဘူးဆိုရင် အဲဒါဘာမှ လုပ်လို့ရမှာမဟုတ်တော့ဘူး။ နိုင်ငံတကာအရေးမှာ။ ဆိုတော့ အဲဒါတွေကို ကျနော်တို့ကအကုန်တွက်ဆပြီးတော့ ကျနော်တို့မလုပ်တာပါ။

*မေး။ ။ အခု ညီလာခံမှာ လွှတ်တော်ကိုယ်စားလှယ် ဘယ်နှစ်ဦးတက်ရောက်ပါသလဲ။*

ဖြေ။ ။ (၃၂) ဦး၊ အားလုံး (၃၃) ဦး ရှိတယ်။ လွှတ်တော်ကိုယ်စားလှယ်ဦးတင်ထွဋ်မှ သူကတော့ ကျန်းမာရေးအကြောင်းကြောင့်မလာနိုင်တာပါ။

*မေး။ ။ အဲဒီတော့ ဆရာတို့ကစောစောကပြောတဲ့ မဲခွဲဆုံးဖြတ်မှုပြီးသွားတဲ့အခါကျတော့ ဝန်ကြီးချုပ်အသစ်ကို အမျိုးသားညွန့်ပေါင်းအစိုးရကို ဦးဆောင်မယ့် ဝန်ကြီးချုပ်အသစ်ကိုရွေးတဲ့အခါကျတော့ လျှို့ဝှက်မဲစနစ်နဲ့ပါလား။*

ဖြေ။ ။ လျှို့ဝှက်မဲနဲ့ပါပဲခင်ဗျ။

*မေး။ ။ အဲဒီမှာ အင်အားအချိုးအစားအရ ဆရာ့အနေနဲ့ ဘယ်နှစ်မဲရရှိခဲ့ပါသလဲ။*

ဖြေ။ ။ ကျနော်မေ့တော့သွားပြီဗျ။ (၂၀) ထက်တော့ကျော်တယ်။ (၂၁) ဖြစ်နိုင်တယ်။ မဲ (၂၁) ရတယ်။ ဦးသိန်းဦးက (၁၀) မဲလောက်ရတယ်။ ဦးတယ်ရီဘူးရီက (၁) မဲရတယ်။

*မေး။ ။ ဝန်ကြီးချုပ်အရွေးချယ်ခံရတယ်ဆိုပြီးတဲ့နောက်တော့ ကျန်တဲ့ဝန်ကြီးဌာနတွေကိုဘယ်လိုသတ်မှတ်ပြီးတော့ ဆရာတို့ရွေးချယ်ပါသလဲ။*

ဖြေ။ ။ အဲဒါကတော့ တကယ်တော့ကျနော့်သဘောပဲ။ ဒါပေမယ့်လို့ အကြံပေးတာတွေရှိတယ်။ ကျနော်တို့ ဒီညီလာခံမှာပြောဆိုတဲ့ ပြောဆိုချက်တွေရှိတယ်။ ပထမကတော့ ငါးဦးကော်မတီပေါ့ဗျာ။ ဒီလူတွေကပဲလုပ်နေတယ်။ ဒုတိယကတော့ တိုးချဲ့သင့်တယ်။ တိုးချဲ့တဲ့အခါမှာ ဝန်ကြီးဌာနတွေနဲ့ တိုးချဲ့ချင်တယ်။ ဘယ်လောက်အထိတိုးချဲ့သင့်သလဲဆိုရင် (၉) ယောက်အထိတောင်ပြောသေးတယ်။ နောက်ပြီးရင်လည်းပဲ ဗမာမဟုတ်တဲ့တိုင်းရင်းသားတွေလည်းပါသင့်တယ်။ အမျိုးမျိုးပြောကြတာပေါ့ဗျာ။ ဒါပေမယ့်လက်တွေ့လုပ်တဲ့အခါကျတော့ အင်မတန်မှခက်ပါတယ်။ လက်တွေ့ကျတော့ ဝန်ကြီးခန့်တယ်ဆိုရင် ဝန်ကြီးရဲ့အရည်အချင်း Image ပေါ့ဗျာ။ ဒါမျိုးတွေလည်းကြည့်ရတယ်။ လုပ်နိုင်တဲ့နေရာမှာ လုပ်နိုင်တဲ့ Commitment နဲ့ လုပ်နိုင်တဲ့အခြေအနေတွေရှိလည်း ရှိရဦးမယ်။ နောက်ပြီးတော့ လုပ်သင့်လုပ်ထိုက်တာလည်းဖြစ်ရမယ်ဆိုတော့ တော်တော့်ကိုခက်ပါတယ်။ တကယ်တမ်းကျတော့၊ ဒါပေမယ်လို့ ကျနော်တို့အဲဒီအခြေခံအပေါ်မှာ တတ်နိုင်သလောက်ကောင်းအောင်လုပ်ပြီးတော့ဖွဲ့တာပေါ့နော်။

*မေး။ ။ အခု ဝန်ကြီးဘယ်နှစ်ဦး ရွေးချယ်သတ်မှတ်ခဲ့ပါသလဲ။*

ဖြေ။ ။ အရင်တုန်းက(၄) ဦး၊ ကျနော်ပါပါရင်(၅) ဦး။ အခုဆိုရင် (၆) ဦး၊ ကျနော်ပါပါရင်( ၇) ဦး။ အဲဒီတော့ Portfolio တွေအနေနဲ့တော့ နိုင်ငံခြားရေးဝန်ကြီးပါတယ်။ ပြန်ကြားရေးပါတယ်။ နောက်ထိုင်းမှာ ဝန်ကြီးချုပ်ရုံးဝန်ကြီးပါတယ်။ နောက်ဖက်ဒရယ်ရေးရာဝန်ကြီးပါတယ်။ အလုပ်သမားဝန်ကြီးပါတယ်။ ပညာရေးဝန်ကြီးပါတယ်။ အားလုံး (၆) ဦး။

*မေး။ ။ အဲဒီလို (၆) ဦး ရွေးပြီးသွားတဲ့အခါကျတော့ ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်တွေက အတည်ပြုပေးရပါသလား။*

ဖြေ။ ။ အတည်ပြုပေးရတယ်။ သူတို့လျှို့ဝှက်မဲနဲ့ပဲ ဒီတခါအတည်ပြုတယ်။ တဦးချင်းစီကို အတည်ပြုတယ်။ (၅၁) ရာခိုင်နှုန်းရမှ အတည်ဖြစ်တယ်။

*မေး။ ။ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းကပဲ လွှတ်တော်ကိုယ်စားလှယ်များသမဂ္ဂရဲ့ ဒုဥက္ကဋ္ဌ ဒေါ်စန်းစန်းက ခေတ်ပြိုင်နဲ့အင်တာဗျူးလုပ်တာကို ကျနော်တို့ဖတ်ရှုလိုက်ရပါတယ်။ ဒီညီလာခံမတိုင်ခင်တုန်းကလည်းတကြိမ် ခေတ်ပြိုင်နဲ့ပဲ ဖတ်ရှုခဲ့ရတဲ့အခါကျတော့ သူ့ပြောဆိုချက်အရ ညီလာခံမစခင်ကတည်းက မဲဆောက်မှာ ဝန်ကြီးစာရင်းက ပေါက်နေပါတယ်တဲ့။ အဲဒါကြောင့်မို့လို့ ဒီဝန်ကြီးတွေကို ဒေါက်တာစိန်ဝင်းကနေ ဝယ်ယူသွားတယ်ဆိုပြီးတော့ အင်တာဗျူးမှာကြားလိုက်တဲ့အခါ ကျတော့ ဆရာ့ဘက်ကိုပါလာမယ့်ဝန်ကြီး နှစ်ဦးကို ဝယ်ယူနိုင်လောက်အောင်ဆရာ့မှာဘယ်လို အင်အားတွေများ လျှို့ဝှက် ဆန်းကြယ်တဲ့ ဘယ်လိုစွမ်းပကားတွေများရှိနေသလဲ ဆိုတာနည်းနည်းရှင်းပြပေးပါ။*

ဖြေ ။ ။ ဒီလိုပါ။ ကျနော်တို့ ဝန်ကြီးအဟောင်းလို့လည်း ပြောလို့မရဘူးပေါ့နော်။ ကျနော်တို့ နှစ်ပေါင်းများစွာအတူတူလုပ်လာတဲ့ဝန်ကြီးတွေကတော့ ကျနော်နဲ့သိနေတာပေါ့နော်။ ဒီမှာ စကားစပ်လို့ပြောလိုက်မယ်။ ဒေါက်တာစန်းအောင်က သူ့ဘာသာသူ နုတ်ထွက်သွားတာ။ ကျနော်တော့ မလုပ်နိုင်တော့ဘူး။ သူ့ရဲ့ကိုယ်ရေးကိုယ်တာကြောင့်။ ကျန်တဲ့ဝန်ကြီးတွေကတော့ ကျနော်တို့ မှန်းဆလို့ရပါတယ်။ အဲဒီတော့ ဒီလိုပါ။ အဲဒါကြောင့်လည်း တိုက်ကွက်တွေရှိကြပါတယ်။ ဒီလူတွေကို ပြန်ပြီးတော့ ဘာလို့ဝန်ကြီးနေရာပေးထားသလဲ စသည်အားဖြင့်ပေါ့နော်။ ကျနော်ရှင်းရှင်းပြောရင်တော့ ဒီ Credential Challenge လုပ်တဲ့အချိန်ပဲ။ ကျနော်ဝန်ကြီးအသစ်လို့ပဲပြောရမှာပေါ့။ ကျနော် သူတို့နဲ့ တွေ့ကိုမတွေ့ဘူး။ Credential Challenge အချိန်ပဲ။ ကျနော် ဒီအကြောင်းပြောလည်း မပြောဘူး။ သွားရင်းလာရင်းပဲတွေ့တယ်။ ဒီအကြောင်းလည်းမပြောဘူး။ ဒါပေမယ့်လို့ ကျနော်တို့ဝန်ကြီးအဖွဲ့က ဝန်ကြီးတွေကတော့ အစကတည်းက ကျနော်တို့အချင်းချင်း ဆွေးနွေးပြီးသား။ သဘောထားကျပြီးသား။ Credential Challenge ကို ကျနော်တို့လက်မခံဘူးဆိုတာ။ အဲဒီတော့ (၁) နာမည်အရပြောရင်တော့ ကိုဝင်းလှိုင်တို့၊ ခွန်မြင့်ထွန်းတို့နဲ့ ကျနော်တွေ့ကို မတွေ့ဘူး။ ဒီအကြောင်းလည်း မပြောဘူး။ Credential Challenge ကို မဲခွဲပြီးတဲ့နောက်ပိုင်းမှာ ကျနော်တို့မပြောသေးဘူး။ ဒါပေမယ့်လို့ နောက်ဆုံးနေ့မှာ ဝန်ကြီးချုပ်ရွေးရတော့မယ်ဆိုတော့ ကျနော်လည်းဝင်ရွေးမယ်ဆိုတော့ ကျနော်တွက်တယ်။ တွက်တော့ များသောအားဖြင့် ထုံးစံအရက ဝန်ကြီးချုပ်ရွေးပြီးတဲ့အခါမှာ သူ့စာရင်းကိုပြတယ်။ ပြတဲ့အချိန်ပဲ အချိန်ရှိတယ်။ အချိန်ရှိတဲ့အတွက် ဥပမာဆိုရင် MPU ဥက္ကဋ္ဌတို့ ဘာတို့ ခေါ်ပြီးတော့တိုင်ပင်မယ်။ ကျနော်တော့ ဒါလုပ်ချင်တယ်။ အဲဒီကာယကံရှင်တွေခေါ်တယ်။ မေးတယ်၊ ပြုတယ်ပေါ့နော် လုပ်တယ်။ ဒီတခါက ကျနော်တို့အချိန်မရှိဘူးဗျ။ အချိန်ကဘယ်လိုမှမဖြစ်နိုင်ဘူး။ ဘာ့ကြောင့်လဲဆိုတော့ ရွေးကောက်ပွဲကနောက်ကိုဆုတ်သွားမယ်။ နောက်ပြီးရင်လည်းပဲ အသစ်အစီအစဉ်ကလည်းရှိသေးတယ်။ အဲဒီတော့ ကျနော်က ဘာလုပ်မလဲဆိုတော့ အကယ်၍ အရွေးခံရရင် စာရင်းကလည်း ချက်ချင်းထုတ်ပြရမှာ။ ကိုယ့်ခေါင်းထဲမှာရှိတဲ့စာရင်းကို ထုတ်ပြလိုက်လို့ ကာယကံရှင်တွေက မလုပ်နိုင်ပါဘူးဆိုရင် ပြဿနာကရှိပြန်ရော။ အဲဒီကျမှ ကျနော်တွေ့တယ်။ တွေ့ပြီးတော့မေးတယ်။ လုပ်နိုင်မလား၊ အကယ်၍ ခန့်ရင်။ အဲဒါကတော့ ကျနော် ညမှမေးတာပေါ့နော်။ ဒါပေမယ့်လို့ Credential Challenge နဲ့ ဘာမှမဆိုင်ဘူး။

*မေး။ ။ နောက်တခုပေါ့ဆရာရယ်။ အခုအမျိုးသားကောင်စီပေါ့နော်။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီကလည်း concept paper ထွက်ထားတယ်ပေါ့။ သူတို့ကအမျိုးသားညီညွတ်ရေးလွှတ်တော်၊ အမျိုးသားညီညွတ်ရေးအစိုးရတရပ် ဖွဲ့မယ်ဆိုတဲ့အခါကျတော့ တခုတည်းပဲ ကျနော်မေးချင်တယ်ခင်ဗျ။ အမျိုးသားကောင်စီ*

> “ ရွေးကောက်သွားတဲ့
> အခါမှာပြည်တွင်းက
> အဲန်အယ်လ်ဒီရဲ့
> ရှေ့ဆောင်မှုရှိတယ်။
> စီအာရ်ပီပီရဲ့
> ရှေ့ဆောင်မှုရှိတယ်။
> တိုင်းရင်းသား
> ကျနော်တို့
> အက်စ်အဲန်အယ်လ်ဒီကအစ
> အားလုံးဟာ
> ညီညီညွတ်ညွတ်နဲ့
> ရှေ့ဆောင်နေတာ
> တွေ့ပါတယ်။
> ကျနော်တို့အားလုံး
> ပြည်ပမှာလည်း
> ညီညွတ်မှုကို
> အခြေခံပြီးတော့
> ကျနော်တို့သွားမယ်။
> သွားပြီးရင်
> ၂၀၀၉၊၂၀၁၀ဟာ
> အင်မတန်မှအရေး
> ကြီးပါတယ်။
> နောက်ဆုံးပိတ်
> ဘာမှလုပ်လို့မရရင်တောင်မှ
> ကိုယ့်ရဲ့ဆန္ဒကိုဖော်ပြ
> ဖို့တော့လိုမယ်လို့တော့
> ကျနော်မြင်ပါတယ်။
> အားလုံး
> ညီညီညာညာနဲ့သွားရင်
> ကျနော်တို့
> အောင်မြင်မှာပဲလို့
> ကျနော်မြင်ပါတယ်။

*ကနေဖွဲ့မယ်ဆိုတဲ့ အမျိုးသားညီညွတ်ရေးလွှတ်တော်နဲ့ ပြည်တွင်းမှာ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ စီအာရ်ပီပီဖွဲ့ထားတာရှိနေပြီးပြီဖြစ် တယ်။ အဲဒီထဲမှာ နောက်ထပ်လွှတ်တော် ကိုယ်စားလှယ်မဟုတ်တဲ့ ဦးဝင်းတင်တို့၊ဦးခင်မောင်ဆွေတို့ ဥပမာဦးတင်ဦးတို့၊ ဒေါ်အောင်ဆန်းစုကြည်တို့ဆို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေမဟုတ်ပါဘူး။ ဒါပေမယ့် သူတို့ဟာ လွှတ်တော်ကိုယ်စားပြုကော်မတီထဲမှာ ပါထားတော့ အဲဒီစီအာရ်ပီပီနဲ့ အခုအမျိုးသားကောင်စီကနေ အဆိုပြုတင်သွင်းထားတဲ့ Concept Paper ထဲမှာ ပါတဲ့အမျိုးသားညီညွတ်ရေးလွှတ်တော်နဲ့ ဘယ်လိုကွာခြားဆန့်ကျင်မှုတွေရှိမလဲ။ တူညီမှုတွေရှိမလဲ။ အဲဒါကို နည်းနည်းရှင်းပြပေးလို့ရမလားခင်ဗျာ။*

ဖြေ ။ ။ ကျနော့်အနေနဲ့မြင်တာတော့ အမျိုးသားလွှတ်တော် သူတို့တင်ပြတယ်။ NUP ပေါ့၊ ဒီ NUP ဟာ လက်တွေ့အရကျင့်သုံးနိုင်မလား။ နောက်ပြီးတော့ ဒီဟာကြီးက တကယ်တော့တပ်ပေါင်းစုကြီးပဲခင်ဗျ။ တပ်ပေါင်းစုကြီးကနေပြီးတော့ ပါလီမန်အသွင်ကို ပြန်ပြောင်းလိုက်တဲ့သဘောပဲ။ အဲဒီတော့ ဒါကြီးဟာဖြစ်နိုင်မလား။ နောက်ပြီး ရှုပ်ထွေးချက်တွေက အများကြီးဖြစ်သွားမယ်။ တဆင့်တဆင့် သွားဖို့မဟုတ်ပဲနဲ့ ဒါကြီးက တခါတည်း ကျနော်ဖတ်ပြီးပါပြီ။ ဒီ Concept Paper က ဘယ်နှစ်ရွက်လဲ။ စာမျက်နှာဘယ်နှစ်ရွက်လဲမသိဘူး။ ရေးထားတာတွေကအများကြီး။ ဆိုတော့ ဒါဖြစ်နိုင်ချေရှိမလား။ ဒီအချိန်မှာရောလုပ်သင့်သလား။ လုပ်နိုင်မှာလား။ အချိန်တွေရော အကုန်ခံမလား။ ရှုပ်ထွေးမှုတွေအများကြီးရှိတယ်ခင်ဗျ။ ကျနော်တို့က လွယ်လွယ်ကူကူတပ်ပေါင်းစုရှိနေပြီလေ။ ဒီမှာ Consensus ဆိုတာ လိုအပ်တာချည်းပဲ။ ပါလီမန်ထည့်လို့ Consensus မလိုဘူး မဟုတ်ဘူး။ ပါလီမန်ထဲမှာလည်းပဲ တယောက်နဲ့တယောက်ဆွေးနွေးပြီး Consensus ယူကြတာပဲ။ အဲဒီတော့ ဒီ NUP ကတော့ ကျနော့်အနေနဲ့ ကြည့်ရင်တော့ တော်တော်ရှုပ်ထွေးမယ်။ တကယ်လုပ်ရင် တော်တော့ကို ရှုပ်ထွေးမယ်။

*မေး ။ ။ အဲဒီတော့ အမျိုးသားညီညွတ်ရေးလွှတ်တော်ကနေ အမျိုးသားညီညွတ်ရေး အစိုးရတရပ်ဖွဲ့တော့မယ်ဆိုရင် အဲဒီ Concept Paper ထဲမှာ တိတိလင်းလင်းဖော်ပြမထားတာ တချက်တော့ရှိတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မဟုတ်တဲ့ပုဂ္ဂိုလ်တွေကို အစိုးရအဖွဲ့ထဲ ထည့်ဖွဲ့မယ်ဆိုရင် သူတို့အနေနဲ့ ဘယ်ဖွဲ့စည်းပုံအခြေခံဥပဒေကိုကိုင်စွဲပြီးတော့ ဖွဲ့မယ်ထင်ပါသလဲ။*

ဖြေ။ ။ အခြေခံဥပဒေ ဘယ်အဖွဲ့အစည်းလို့ထည့်မလဲဆိုတော့ သူတို့ကတော့ ပြောတော့မပြောဘူးပေါ့ဗျာ။ အမြဲတမ်း NCUB ရဲ့ အခြေခံဥပဒေတို့၊ နောက်တခါ ဖက်ဒရယ် ဘာညာပေါ့နော်။ ဖက်ဒရယ်ဥပဒေတို့ ဒါမျိုးတွေကို အခြေခံမယ်လို့ထင်တာပဲ။ ဒါပေမယ်လို့ ခုနပြောသလိုပေါ့နော်။ ကျနော်တို့ဘာလုပ်လုပ် အခြေခံကတော့ အရေးကြီးပါတယ်။ နောက်မို့ဆိုရင် ညီညွတ်ရေးထက်ပိုပြီးတော့ ပြိုကွဲရေးဖြစ်သွားနိုင်တယ်။ ဘယ်အခြေခံလဲဆိုတဲ့ အပေါ်မှာ။

*မေး။ ။ ကျနော်တို့တွေ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ စတင်ဖွဲ့စည်းတဲ့အချိန်တုန်းက ကျနော်တို့ တော်လှန်ရေးနယ်မြေ မာနယ်ပလောမှာပေါ့နော်။ ညွန့်ပေါင်းအစိုးရရှိနေတာနဲ့တချိန်တည်းမှာ KNU မှာလည်း သူ့ရဲ့ကရင်အစိုးရဆိုတာရှိနေတာပဲ။ KNPP မှာလည်း*

*စာမျက်နှာ (၁၁) ကော်လံ (၁) သို့...*

*စာမျက်နှာ (၉) အိုင်ယာလန်ညီလာခံမှ ...*

ကြေညာစာတမ်းတွင် တောင်းဆိုတင်ပြထားသည်။

ဆက်လက်၍ ဇန်နဝါရီလ (၂၄) ရက်မှ (၂၆) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၊ တိုင်းရင်းသားအင်အားစုအဖွဲ့အစည်းများနှင့် ဒီမိုကရေစီအင်အားစုအဖွဲ့အစည်းများ၏ ညှိနှိုင်းဆွေးနွေးပွဲတရပ်ကိုလည်း အိုင်ယာလန်နိုင်ငံ၊ ဒဗလင်မြို့၊ မလာဟိုက်တွင်ပင် ဆက်လက်ကျင်းပခဲ့သည်။

ထိုဆွေးနွေးပွဲတွင် SCM အစည်းအဝေးမှချမှတ်ခဲ့သော မူသဘောထားနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် စုဖွဲ့မှုများကို တပ်ပေါင်းစုအဖွဲ့အစည်းများအားလုံး၏ပါဝင်မှုဖြင့် အမြန်ဆုံးဆောင်ရွက်သွားရန် တိုက်တွန်းလိုက်သည်။

ပြည်ပရောက် အတိုက်အခံအင်အားစုများအတွင်း ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာစေရန်အတွက် SCC ကို ယခုထက်ပိုမိုအားကောင်းအောင် စုဖွဲ့သွားရန်ကိုလည်း ထည့်သွင်းတိုက်တွန်းထားသည်။

နိုင်ငံတကာရှိ အဝေးရောက်မြန်မာအဖွဲ့အစည်းများနှင့်လည်း လုပ်ငန်းတူကိစ္စများတွင် ပူးပေါင်းဆောင်ရွက်သွားရန်ကိုလည်း သဘောတူခဲ့သည်။



အိုင်ယာလန်နိုင်ငံ ဒဗလင်မြို့မာလဟိုက် ညှိနှိုင်းဆွေးနွေးပွဲသို့တက်ရောက်လာသည့် ကိုယ်စားလှယ်များ

နိုင်ငံတကာဆိုင်ရာမူဝါဒသဘောထားနှင့်ပတ်သက်၍လည်း FACT အစည်းဝေး၌ချမှတ်ထားသော နိုင်ငံခြားရေးလုပ်ငန်းစဉ်များကို ထပ်မံအတည်ပြု၍ ယင်းလုပ်ငန်းစဉ်များအောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် သဘောတူခဲ့သည်။

ထို့ပြင် ပင်မဒီမိုကရေစီအင်အားစုများအတွင်း၌သာမက နိုင်ငံတကာရောက်မြန်မာ့ဒီမိုကရေစီအင်အားစုများ၊ Solidarity Groupများနှင့်ပါ မူဝါဒဆိုင်ရာညှိနှိုင်းမှုများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်သွားစေရန်ကိုလည်းသဘောတူခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံညွန့်ပေါင်းအစိုးရမှ ထိုအစည်းအဝေးသို့ တင်ပြသောအသွင်ကူးပြောင်းရေးဆိုင်ရာစီမံချက်အားဆက်လက်ဆောင်ရွက်သွားသင့်ကြောင်းကို မူအားဖြင့်သဘောတူသည်။ အဲန်စီဂျီယူဘီအနေနှင့် ထိုစီမံချက်ကို ...

(က) တာဝန်ယူပူးပေါင်းဆောင်ရွက်သွားလိုသောအင်အားစုများ၊ အဖွဲ့အစည်းများ

(ခ) ကျွမ်းကျင်သူများအဆင့်၌ ပူးပေါင်းဆောင်ရွက်လိုသော အစုအဖွဲ့များ၊ ကျွမ်းကျင်သူများ။

(ဂ) စုစည်းညှိနှိုင်းဆွေးနွေးခြင်းအဆင့်များ၌ပါဝင်ပတ်သက်လိုကြသော အစုအဖွဲ့များအားလုံးကို လမ်းဖွင့်ကြိုဆိုသွားသင့်ကြောင်း အကြံပြုတိုက်တွန်းသွားခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (အဲန်စီဂျီယူဘီ) အား ယခင် နဝတစစ်အစိုးရ၏အုပ်ချုပ်မှုအောက်တွင် တရားဝင်အစိုးရတရပ်ဖွဲ့စည်းတည်ထောင်ရန်မှာ လုံးဝမဖြစ်နိုင်တော့သည့်အခြေအနေများကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တသီးပုဂ္ဂလလွှတ်တော်ကိုယ်စား လှယ်များမှနေ၍ ...

(၁) စစ်အာဏာရှင်အုပ်စု နဝတအစိုးရ အမြန်ဆုံးချုပ်ငြိမ်းရေး၊

(၂) ၁၉၉၀ ခုနှစ် မေ (၂၇) ရက်နေ့တွင် တရားဝင်ရွေးကောက်ပြီးဖြစ်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ်ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် ဒီမိုကရေစီအင်အားစုများပါဝင်သည့် အမျိုးသားညီလာခံကြီးတရပ်ခေါ်ယူရေး။

(၃) စစ်မှန်သော ဒီမိုကရေစီအစိုးရတရပ်ပေါ်ထွန်းရေးဟူသည့် တာဝန်ကြီး (၃) ရပ်အား မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်ရမည်ကို ကောင်းစွာယုံကြည်ကြသည့်အလျောက် လွတ်လပ်သော၊ ငြိမ်းချမ်းသော၊ ညီညွတ်သော၊ သာယာဝပြောသော၊ ခေတ်မီသော ပြည်နယ်ပေါင်းစု၊ ပြည်ထောင်စုတည်ဆောက် ရေးအတွက် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာ (၁၈) ရက်နေ့တွင် ကရင်မျိုးသားအစည်းအရုံး ဌာနချုပ် မာနယ်ပလောတွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ + + +

---

အရင်အတိုင်းတော့ သွားလို့မရဘူး။ ဆိုတော့ ဒီအချိန်မှာ တိုးတက်မှုလို့ပဲ ခေါ်ခေါ်၊ ဘာပဲခေါ်ခေါ်ပေါ့နော်။ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့တယ်။ နောက် ငါးဦး စီအီးစီကော်မတီနဲ့တွေ့တယ်။ ဒါပေမယ့် ဒါကမလုံလောက်သေးပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က ပထမအဆင့်ဖြစ်တဲ့ သူကိုယ်တိုင်ရောပါမယ်။ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ရမယ်ဆိုတာ ပထမဦးဆုံးအဆင့်ပဲ။ ဒါကိုမှ မဖော်ဆောင်နိုင်ရင်တော့ ဘာမှလုပ်ဖို့ မလိုတော့ဘူးပေါ့ဗျာ။ ဒါမှ မဖော်ဆောင်နိုင်တာ။ ကျနော်တို့ အမျိုးသားပြန်လည်ညီညွတ်ရေးပဲပြောပြော၊ နောက်ဆက်သွားမယ့် Dialogue ကိုပဲပြောပြော၊ Reconciliation ပြန်လည်သင့်မြတ်ရေးပဲပြောပြော။ ဒါ ပထမအဆင့်ပဲ ▯။

---

*စာမျက်နှာ (၁၁) အင်တာဗျူး ...*

*သူတို့ အစိုးရဆိုတာတွေ ရှိနေတယ်။ ကျနော်တို့ (၉၅) မာနယ်ပလောကျသွားပြီးတဲ့နောက်ပိုင်းရော၊ အခုဒီဘက် နဝတနဲ့ အပစ်အခတ်ရပ်စဲပြီးတော့ KNPP တို့ရဲ့ အပစ်အခတ်ရပ်စဲတဲ့ သဘောတူညီချက်တွေပျက်ပြီးတဲ့နောက်ပိုင်းမှာ KNU ရော KNPP ကပါသူတို့ရဲ့အစိုးရအဖွဲ့ယန▯ရားကို သူတို့ ဖျက်သိမ်းထားပြီးဖြစ်ပါတယ်။ ဒါတိုင်းရင်းသားတွေရဲ့ သူတို့ကိုယ်ပိုင်အစိုးရဆိုတာတရပ်ရှိပြီးတော့ အမျိုးသားညွန့်ပေါင်းအစိုးရတရပ်ပဲရှိတယ်။ ဒါပေမယ့် အဲဒီလို လူမျိုးစုအဖွဲ့တွေက သူတို့ရဲ့ ကိုယ်ပိုင်အစိုးရတွေကို ဖျက်သွားပြီးတဲ့အချိန်မှာ တခါထပ်ပြီးတော့ အမျိုးသားညီညွတ်ရေးအစိုးရဆိုတာကို ထပ်ဖော်မယ်ဆိုတော့ အဲဒီနစ်ခုက ဘယ်လိုဝိရောဓိဖြစ်သလဲ။ ဘယ်လိုဆန့်ကျင်ဘက်ဖြစ်သလဲဆိုတာ နည်းနည်းလေးရှင်းပြလို့ရမလားခင်ဗျ။ KNU မှာ အရင်တုန်းက ဆရာလည်းသိတဲ့အတိုင်းပဲ။ သမတရှိတယ်။ ဝန်ကြီးချုပ်ရှိတယ်။ ဝန်ကြီးတွေဆိုတာ အကုန်ရှိတယ်။ KNPP မှာလည်း ဝန်ကြီးတွေရှိတယ်။ ဒါပေမယ့်သူတို့မှာအခုအဲဒီလို ကော်သူးလေအစိုးရဆိုတာလည်း မရှိတော့ဘူး။ KNPP အစိုးရဆိုတာလည်း မရှိတော့ဘူး။ ပါတီကိုပဲ KNU ဆိုရင်လည်း KNU ကရင့်အမျိုးသားအစည်းအရုံး၊ ဒါမှမဟုတ် တပ်မတော်ဆိုရင်လည်း KNLA၊ KNPP ဆိုလည်း ကရင်နီပြည်သူ့တိုးတက်ရေးပါတီ။ အဲဒါနဲ့ပဲ သွားနေတဲ့အခါကျတော့တကယ်တမ်းလက်တွေ့စာစောက အမျိုးသားညီညွတ်ရေး အစိုးရတရပ်ဖွဲ့မယ်ဆို လို့ရှိရင် အဲဒီ တိုင်းရင်းသားတွေအနေနဲ့ အဲဒီအစိုးရအဖွဲ့ဝန်ကြီးထဲမှာ ပါနိုင်မယ့်အလားအလာတွေရှိမလား။*

ဖြေ ။ ။ အဲဒါတော့ ကျနော်တို့ ကော်မရှင်ရှိပါတယ်။ အဲဒီကော်မရှင်က အခု (၃) လနဲ့ (၇) လ အတွင်းမှာ ပြန်ပြီးတော့ ကျနော်တို့ Report Back ပေါ့နော် လုပ်ရမယ်။ အဲဒီအပေါ်မှာ ကျနော်တို့ အများကြီးစဉ်းစားမှာပါ။ စဉ်းစားပြီးတော့ ကျနော်တို့ ဘယ်လိုပုံစံနဲ့လုပ်နိုင်မလဲ။ ကျနော်တို့လည်းပဲ ၂၀၀၈ ခုနှစ်က NCGUB တိုးချဲ့ရေးအတွက် Proposal ပြုထားတယ်။ အဲဒါလည်း အားလုံးသိပါတယ်။ အဲဒီတော့ ဒီမှာ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ နောက်ပြီးရင်လည်းပဲ ၁၉၉၀ ရွေးကောက်မခံပဲနဲ့ Non-MP တွေနဲ့ သင့်တော်တဲ့ Non-MP တွေနဲ့ တိုးချဲ့ဖို့ဆိုတာကိုတော့ Proposal လုပ်ထားတယ်။ ဒါပေမယ်လို့ ဘယ်အခြေခံပေါ်မှာ ကျနော်တို့ တိုးချဲ့မလဲ။ ဘယ်လိုတိုးချဲ့မလဲ။ ဒီလိုတိုးချဲ့ခြင်းအားဖြင့် ဘယ်လိုလက်တွေ့အကျိုးရှိမလဲ။ လက်တွေ့ဆုတ်ယုတ်မှုတွေရှိမလဲ။ ပိုပြီးတော့ ရှုပ်ထွေးမှုတွေရှိမလဲ။ အဲဒါကို ကျနော်တို့ သေချာကြည့်ရမှာပေါ့နော်။

*မေး ။ ။ နောက်ဆုံးတခုမေးချင်တာကတော့ အခုလတ်တလော မနေ့က ဂမ်ဘာရီနဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့တယ်။ အီးစီငါးယောက်နဲ့လည်းတွေ့တယ်။ ဦးဝင်းတင်၊ ဦးခင်မောင်ဆွေတို့နဲ့ တွေ့ခွင့်မပေးဘူး။ ဂမ်ဘာရီနဲ့ဒေါ်စုတွေ့တဲ့ ခရီးစဉ်အပေါ်မှာ ဘယ်လိုသုံးသပ်မိပါသလဲ။*

ဖြေ ။ ။ တဖက်ကတော့ပေါ့နော်။ ဂမ်ဘာရီအနေနဲ့ကတော့ တခုခုလုပ်ပြရမယ်။ အရင်အတိုင်းတော့ သွားလို့မရဘူး။ ဆိုတော့ ဒီအချိန်မှာ တိုးတက်မှုလို့ပဲခေါ်ခေါ်၊ ဘာပဲခေါ်ခေါ်ပေါ့နော်။ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့တယ်။ နောက် ငါးဦး စီအီးစီကော်မတီနဲ့တွေ့တယ်။ ဒါပေမယ့် ဒါကတော့ မလုံလောက်သေးပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က ပထမအဆင့်ဖြစ်တဲ့ သူကိုယ်တိုင်ရောပါမယ်၊ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ရမယ်ဆိုတာ ပထမဦးဆုံးအဆင့်ပဲ။ ဒါကိုမှ မဖော်ဆောင်နိုင်ရင်တော့ ဘာမှလုပ်ဖို့ မလိုတော့ဘူးပေါ့ဗျာ။ ဒါမှ မဖော်ဆောင်နိုင်တာ။ ကျနော်တို့ အမျိုးသားပြန်လည်ညီညွတ်ရေးပဲပြောပြော၊ နောက်ဆက်သွားမယ့် Dialogue ကိုပဲ ပြောပြော၊ Reconciliation ပြန်လည်သင့်မြတ်ရေးပဲပြောပြော၊ ဒါပထမအဆင့်ပဲ။ ဆိုတော့ စောင့်တော့ ကြည့်ရဦးမှာပေါ့နော်။ ဒါမပြီးသေးဘူးပေါ့။ သို့သော်လည်းပဲ ကျနော့်အမြင်ကတော့ တောင်းဆိုချက်ကမှန်တယ်။ ဒါက ပထမဦးဆုံးအဆင့်ပဲ။

*မေး ။ ။ နောက်ဆုံးတခုပေါ့နော်။ ပြီးခဲ့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့သမဂ္ဂရဲ့ညီလာခံမှာ အသစ်ရွေးချယ်တင်မြှောက်ခံလိုက်ရတဲ့ ဒီမိုကရေစီနည်းအရ ရွေးချယ်တင်မြှောက်ခံခဲ့ရတဲ့ ဝန်ကြီးချုပ်တယောက်အနေနဲ့ ဗမာပြည်သူလူထုကို ဘယ်လိုသတင်းအမှာစကားပါးချင်ပါသလဲ။*

ဖြေ ။ ။ ကျနော်တို့ကတော့ အခုညီလာခံကတော့ အားလုံးတက်စုံလက်စုံတက်ကြတယ်။ (၃၃) ယောက်မှာ (၃၂) ယောက်တက်တယ်။ နောက် ဗမာပြည်ရဲ့ အခြေအနေဟာ အင်မတန်မှ အရေးကြီးတဲ့အခြေအနေကို အားလုံးကလည်း ရိပ်မိတယ်။ ရိပ်မိတဲ့အတွက်လည်း ကြိုးစားပြီးတော့ တက်လာတယ်။ ကျနော်တို့ ဒီမိုကရေစီနည်းအရ ဆုံးဖြတ်ကြတယ်။ ဆုံးဖြတ်ပြီးတော့ ကျနော်တို့ ရှေ့ကို ဆက်သွားမှာပဲ။ ရှေ့ဆက်သွားတဲ့အခါမှာ ပြည်တွင်းက NLD ရဲ့ ရှေ့ဆောင်မှုရှိတယ်။ CRPP ရဲ့ ရှေ့ဆောင်မှုရှိတယ်။ တိုင်းရင်းသား ကျနော်တို့ SNLD ကအစ အားလုံးဟာ ညီညီညွတ်ညွတ်နဲ့ ရှေ့ဆောင်နေတာ တွေ့ပါတယ်။ ကျနော်တို့အားလုံး ပြည်ပမှာလည်း ညီညွတ်မှုကို အခြေခံပြီးတော့ ကျနော်တို့သွားမယ်။ သွားပြီးရင် ၂၀၀၉၊ ၂၀၁၀ ဟာ အင်မတန်မှ အရေးကြီးပါတယ်။ နောက်ဆုံးပိတ် ဘာမှလုပ်လို့ မရရင်တောင်မှ ကိုယ့်ရဲ့ဆန္ဒကို ဖော်ပြဖို့တော့လိုမယ်လို့တော့ ကျနော်မြင်ပါတယ်။ အားလုံး ညီညီညာညာနဲ့သွားရင် ကျနော်တို့ အောင်မြင်မှာပဲလို့ ကျနော်မြင်ပါတယ်။

+ + +

# တဖက်သတ်ဖိနှိပ်မှုများကြောင့် ခုခံစစ်ကို မလွှဲမရှောင်သာ ဆင်နွှဲနေရ တိုင်းရင်းသားလူမျိုးစုနှင့် ပြည်သူများအနေဖြင့် ငြိမ်းချမ်းရေးကိုလိုလား



## ကေအဲန်ယူ တွဲဘက်အထွေထွေအတွင်းရေးမှူး (၁) ဖြစ်သူ ဗိုလ်မှူးစောလှငွေနှင့် မိုးကြိုးသတင်းစဉ် တွေ့ဆုံမေးမြန်းခဏ်း

*မေး ။ ။ စစ်အစိုးရအဆက်ဆက်ကို ခုခံကာကွယ်ခဲ့တာ တော်လှန်ရေးနှစ် (၆၀) ပြည့်ခဲ့ပါပြီ။ နှစ် (၆၀) တော်လှန်ရေးကာလ တလျှောက်ကို ဘယ်လိုများ ပြန်ပြီးသုံးသပ်ချင်ပါသလဲ။*

ဖြေ ။ ။ အာဏာရစစ်အစိုးရအဆက်ဆက်ကို ခုခံကာကွယ်ခဲ့တာ နှစ်ပေါင်း (၆၀) ရှိခဲ့ပြီ။ အဲဒီတော့ ကျနော်တို့ပြန်ပြီးသုံးသပ်တဲ့အခါကျတော့ ကျနော်တို့ကရင်အမျိုးသားတွေဟာ ကိုယ့်ရဲ့ရပိုင်ခွင့်၊ ကိုယ့်ရဲ့ရှင်သန်မှုအတွက် တိုက်ပွဲဆင်လာတာ အနှစ် (၆၀) ရှိခဲ့ပြီ။ ဒါပေမယ့် ကျနော်တို့ ဒီတိုင်းပြည်ထဲကိုဝင်လာတာ နှစ်ပေါင်း ၂၇၄၀ ကျော်သွားပြီ။ ဆိုတော့ ဘာတွေ့ရလဲဆိုရင် ကျနော်တို့အမျိုးသားတွေဟာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် နှစ်ပေါင်း (၆၀) ကျော် ရေရှည်စစ်ကို ဆင်နွှဲခဲ့ရတယ်။ ကျနော်တို့ ပေးဆပ်သင့်ပေးဆပ်ထိုက်တာတွေကို ပေးဆပ်နိုင်ခဲ့တယ်။ အမျိုးသားလွတ်မြောက်ရေးနဲ့နောက်ပိုင်းမှာ ဒီမိုကရေစီအခွင့်အရေးတွေအတွက် တော်လှန်ရေးတွေထဲမှာ ကျနော်တို့က အရှည်ကြာဆုံးတော်လှန်ရေးကိုဆင်နွှဲပြီး ခိုင်ခိုင်မာမာနဲ့ ကျနော်တို့ရဲ့ယုံကြည်ချက်အပေါ်မှာ ရပ်တည်ခဲ့တယ်။ ကျနော်တို့အတွင်းမှာ ပဲ့ထွက်တာတွေရှိခဲ့တယ်။ ဥပမာ ဒီကေဘီအေတို့လိုပေါ့ ကျနော်တို့အထဲမှာ အကြီးဆုံးခေါင်းဆောင်ရယ်၊ အလယ်အလတ်ခေါင်းဆောင်ရယ်၊ အောက်ဆုံးအထိပေါ့လေ။ ကိုယ့်ရဲ့ယုံကြည်ချက်၊ မျှော်မှန်းချက်တွေနဲ့ ကိုယ့်ရဲ့ရေစီးပေါ်မှာ ခိုင်ခိုင်မာမာမရပ်တည်ဘဲနဲ့ ရန်သူဆီ ဒူးထောက်အညံ့ခံသွားမှုတွေလည်းပဲ ရှိတယ်။

ပြန်လှန်သုံးသပ်လိုက်တဲ့အခါကျတော့ ကျနော်တို့တော်လှန်ရေးက အမျိုးသားရေးနဲ့ ဒီမိုကရေစီရေးအတွက်ဖြစ်တယ်။ လက်နက်ကိုင်တော်လှန်ရေးနည်းနဲ့ မဆောင်ရွက်ချင်ဘူး။ မဖြစ်နိုင်ဘူး။ ညီအစ်ကိုအချင်းချင်း၊ တိုင်းရင်းသားအချင်းချင်း၊ အာဏာရအစိုးရအဆက်ဆက် နိုင်ငံရေးအရဖြေရှင်းပြီး၊ ကျနော်တို့ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေကို တောင်းဆိုခဲ့တယ်။

သို့သော်လည်းပဲ အစိုးရအဆက်ဆက်က အသိအမှတ်မပြုဘဲနဲ့ တဖက်သတ် လက်နက်ချရေးကိုသာဆောင်ရွက်ခဲ့တဲ့အတွက် ဒီနေ့အထိ ပြည်တွင်းစစ်ထဲမှာပါဝင်နေရပြီးတော့ ခုခံစစ်ကို မလွှဲမရှောင်သာဆင်နွှဲနေရတယ်။ စစ်ကလည်း နှစ်ပေါင်းမြောက်များစွာပြင်းထန်လာကြတယ်။ တဖက်သပ်ဖိနှိပ်မှုရှိတဲ့အခါ အခြားဗမာပြည်သူတွေနဲ့အတူ ကျနော်တို့ တိုင်းရင်းသားလူမျိုးစုတွေဟာ စစ်အတွင်းမှာ ဒေသတွေကို ဆုံးရှုံးလက်လွှတ်ခဲ့ရတယ်။ ဘေးဒုက္ခအန္တရယ်တွေနဲ့ရင်ဆိုင်နေရတယ်။ ကျနော်တို့ပြည်သူတွေဟာ စစ်အပေါ်မှာ တော်တော်လေးနာကျည်းပြီး ငြီးငွေ့နေတာတွေရှိတယ်။

သို့သော်လည်း ဒီစစ်ကိုမဆင်နွှဲဘူးဆိုလို့ရှိရင်လည်းပဲ ကရင်ဆိုတာရှိတော့မှာမဟုတ်ဘူး။ ဒီစစ်ကြောင့် ပြည်တွင်းမှာလည်းပဲ ဒုက္ခသည်တွေရှိတယ်။ နယ်စပ်မှာလည်း ဒုက္ခသည်တွေအဖြစ်ရောက်ရှိနေတယ်။ နောက်ပြီးတော့ တတိယနိုင်ငံတွေမှာ သွားပြီးတော့ အခြေချနေထိုင်နေရတယ်။ သို့သော်လည်း အင်အားစုတွေအားလုံးကတော့ သူတို့ရဲ့မူလရည်မှန်းချက်တွေနဲ့ပတ်သက်လို့ကတော့ သူတို့ရဲ့စိတ်ထဲမှာ အမြဲတမ်းရှင်သန်နေတယ်ဆိုတာကို ပြန်လည်သုံးသပ်ချက်အရ သိရှိရတယ်။

ဒုတိယကျတဲ့အချက်ကတော့ ကျနော်တို့တွေက ဒီတိုက်ပွဲကိုဆင်နွှဲနေရင်းနဲ့ အထူးသဖြင့် (၁၉၈၈) နောက်ပိုင်းမှာ ကျနော်တို့နဲ့ ဗမာညီအစ်ကိုတွေကြားမှာ နားလည်မှုတွေ ပိုပြီးတော့ရလာတယ်။ ဒီမိုကရေစီတိုက်ပွဲရေစီးကြောင်းနဲ့ လက်နက်ကိုင်တိုက်ပွဲရေစီးကြောင်းတို့ဟာ ဆုံချက်ကို ပူးပေါင်းပြီးတော့ ဆက်လက်စီးဆင်းသွားနိုင်တယ်။ ဒါကြောင့် ကျနော်တို့ဗမာပြည်ရဲ့ ဒုတိယအကြိမ်မြောက်လွတ်လပ်ရေးတိုက်ပွဲမှာဆိုလို့ရှိရင် နှစ်ပေါင်း (၆၀) ကရင့်တော်လှန်ရေးကနေပြီးတော့ သူ့ရဲ့ဒေါင့်၊ သူ့ရဲ့ကဏ္ဍကနေပြီး ထမ်းရမယ့် ဝန်တွေကို ဘယ်လိုဘဲဖြစ်ဖြစ်အောင်ပွဲခံသည်အထိ ဆက်လက်ထမ်းသွားမယ်။ တခြားသောဘဝတူ ဒီမိုကရက်တစ်တိုက်ပွဲဝင်သူတွေနဲ့ သော်လည်းကောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့သော်လည်းကောင်း ဘယ်လိုအခြေအနေမျိုးမှာမဆို မှန်ကန်တဲ့စေတနာနဲ့ လက်တွဲပြီးဆောင်ရွက်သွားလို့ရနိုင်တဲ့အခြေအနေမျိုးမှာရှိတယ်လို့ သုံးသပ်မိပါတယ်။

*မေး ။ ။ နှစ် (၆၀) တော်လှန်ရေးကာလတလျှောက်မှာ ပေးဆပ်ခဲ့ရတာတွေရှိသလို၊ ရရှိခဲ့တာတွေလဲရှိတယ်လို့ထင်ပါတယ်။ ဘယ်လိုအရာတွေကို ပေးဆပ်ခဲ့ရပြီးတော့ ဘယ်လိုအရာတွေကို ရရှိလိုက်ပါသလဲ။*

ဖြေ ။ ။ ကျနော်တို့ပေးဆပ်ခဲ့ရတဲ့အရာတွေကတော့ နယ်မြေအရဆိုလို့ရှိရင် ကျနော်တို့နယ်မြေတွေ၊ တိုက်ပွဲဝင်နယ်မြေတွေ၊ စစ်သေနင်္ဂဗျူဟာအရ ပြောက်ကျားစနစ်နဲ့ ရေရှည်စစ်ပွဲဆင်နွှဲတဲ့အခါမှာ အနေအထားမကောင်းတဲ့ မြစ်ဝကျွန်းပေါ်လိုနေရာမျိုးတွေ၊ ပဲခူးရိုးမလိုနေရာမျိုးတွေ၊ ကနေ့ထိလည်း အရှေ့တောင်နဲ့ အရှေ့မှာဆိုလို့ရှိရင် နေရာအနှံ့အပြားမှာ ရန်သူတွေကနေရာချထားပြီးတော့ မြေလှန်စနစ်နဲ့ ဆောင်ရွက်နေတယ်။ ဒါက နယ်မြေအားဖြင့် ဆုံးရှုံးသွားတဲ့အရာတွေဖြစ်တယ်။

နောက်တခုက ကျနော်တို့ ဘာတွေပေးဆပ်ရလဲဆိုရင် ကရင့်တော်လှန်ရေးစတဲ့အချိန် ဗြိတိသျှလက်ထက်မှာ ကျနော်တို့ ကရင်လူမျိုးဟာ (၇) သန်းရှိတယ်။ အဲဒီအချိန်မှာ ဗမာပြည်ရဲ့လူဦးရေဟာ (၁၅) သန်း၊ သန်း (၂၀) ပတ်ဝန်းကျင်မှာဘဲရှိတယ်။ ဒါပေမယ့် ဒီကနေ့ပြန်ကြည့်လိုက်တဲ့အခါကျတော့ ကျနော်တို့ ကရင်လူမျိုးတွေဟာ အဆင့် (၃) ဆင့်ရှိတယ်။

နံပါတ် (၁) ကတော့ဗျာ (Assimilation)၊ (၂) (Absorption) ရောထွေးပြန့်နှံ့သွားခြင်းနဲ့၊ (၃) (Emancipation) ဖိနှိပ်ချုပ်ချယ်မှုတွေကနေ လွတ်ကင်းသွားကြတယ်။

ယဉ်ကျေးမှုအရရော၊ သွေးနှောမှုစနစ်အရရော၊ စီးပွားရေးအခြေအနေတွေအရရော ကျနော်တို့က ကန့်သတ်ပြီးတော့ ရေကြည်ရာမြက်နုရာရှာရတဲ့အတွက်ကြောင့် သီးသီးသန့်သန့်နေထိုင်တဲ့နေရာတွေကို စွန့်လွှတ်ခဲ့ရတယ်။ နယ်မြေတွေစွန့်လွှတ်ခဲ့ရတယ်။ ကျေးရွာတွေ စွန့်လွှတ်ခဲ့ရတယ်။ ကိုယ့်ယဉ်ကျေးမှုတွေကိုလည်း ဝါးမြိုခံခဲ့ရတယ်။ ကိုယ့်ဘာသာစကားကိုလည်း ပြောခွင့်မရရှိတော့ဘူး။ ကိုယ့်စာပေကိုလည်း ကိုယ်သင်ခွင့်မရရှိတော့ဘူး။ အဲဒါဟာ ဘာလဲဆိုလို့ရှိရင် လူမျိုးတမျိုးအနေနဲ့ ရှင်သန်ရပ်တည်နိုင်ခွင့်တွေကို ချိုးဖောက်ခံနေရတယ်။ လူဦးရေဟာလည်းတိုးလာပေမယ်လို့ တကယ်တမ်းကျတော့ အဲဒီလူဦးရေဟာ ပွားလာတဲ့လူဦးရေဘဲလို့ပြောနိုင်တဲ့အနေအထားမရှိတော့ဘူး။ သန်းကောင်စာရင်းလည်း မကောက်နိုင်တော့ဘူး။

ဒါက ကျနော်တို့ရဲ့ လူမျိုးတမျိုးအနေနဲ့ နယ်မြေတွေ၊ ဘဝတွေ၊ သွေးတွေ၊ ချွေးတွေ၊ မျက်ရည်တွေကိုပေးဆပ်ခဲ့ရတယ်။ ကနေ့ဆိုလို့ရှိရင် အပြင်းထန်ဆုံး ဖြတ်လေးဖြတ်စနစ်နဲ့လုပ်တဲ့အခါကျတော့ (Atrocity) ပေါ့လေ။ ရန်လိုမှု၊ အကြမ်းဖက်မှုတွေနဲ့ ကျနော်တို့ဟာ စော်ကားခြင်းခံနေရတယ်။ ဒီကနေ့ မြို့ပြဒေသတွေမှာတောင်မှ သူတို့ကိုးကွယ်နေတဲ့ဘုန်းတော်ကြီးတွေ၊ ရဟန်းသံဃာတော်တွေကိုတောင် ရိုက်သတ်ရဲတဲ့သူတွေပဲ။ ဒေါ်အောင်ဆန်းစုကြည်တို့လို ငြိမ်းချမ်းစွာနဲ့ဆန္ဒပြပြီးတော့၊ ဒီပဲယင်းခရီးစဉ်လိုဟာမျိုး ငြိမ်းချမ်းစွာနဲ့ စည်းရုံးရေးဆင်းနေတာကိုတောင်မှ ရက်ရက်စက်စက် သတ်တဲ့လူတွေပဲ။ တောတောင်ထဲမှာ လူမမြင်ရတဲ့နေရာတွေမှာရှိတဲ့သူတွေကို နည်းပေါင်းစုံနဲ့ ဘယ်လောက်နှိပ်စက်သတ်ဖြတ်မလဲဆိုတာကို အားလုံးတွက်ကြည့်လို့ရတယ်။ အဲဒါတွေဟာ ကျနော်တို့ပေးဆပ်လိုက်ရတဲ့အရာတွေဘဲ။

နောက်တခုက ဘာတွေရရှိလည်းဆိုတော့ ကျနော်တို့က ရေရှည်စစ်ဖြစ်တယ်ဆိုကတည်းက ပထမ အားနည်း၊ အားနည်းရာကနေ အားညီ၊ အားညီရာကနေပြီးတော့ ကာလတလျှောက်လုံးမှာ ကျနော်တို့ရလိုက်တဲ့အရာတွေကတော့ အမှန်တရားကိုချစ်မြတ်နိုးတဲ့စိတ်၊ ကျနော်တို့ ယုံကြည်တဲ့အရာကိုဆုံးခန်းတိုင်အောင် လှေခွက်ကြီးကျန်၊ အလံမလှဲ စတမ်းဆောင်ရွက်မယ်ဆိုတဲ့ ဖွဲ့စိတ်၊ အောင်ပွဲခံလိုတဲ့စိတ်၊ မှန်ကန်တဲ့လုပ်ဆောင်ချက်ဟာ အောင်ပွဲခံရမယ်ဆိုတဲ့အရာတွေပဲ။

ယနေ့နအဖအထိ စစ်အစိုးရအဆက်ဆက်ကနေပြီးတော့ ပြည်ထောင်စုကိုဖြိုခွဲတဲ့သူဆိုတာ ဘယ်သူတွေလဲ။ ကျနော်တို့အကြမ်းဖက်သမားတွေလို့ပြောခဲ့တယ်။ ကျနော်တို့ကို လူမျိုးရေးအမြင်ကျဉ်းတဲ့ သတ်ဖြတ်နေတဲ့ ဓါးပြတွေ၊ သူခိုးတွေလို့ ပြောခဲ့တဲ့အရာတွေဟာ မဟုတ်ကြောင်းကို ကမ္ဘာကြီးကိုရော၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေကိုရော ပြသနိုင်ခဲ့တယ်။ ပြည်တွင်းမှာရှိတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအားလုံးရဲ့ နားလည်မှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေဟာ ပိုမိုပြီးကောင်းမွန်လာတယ်။ တူညီတဲ့ဘုံရည်မှန်းချက်တွေကို လက်တွဲလုပ်ဆောင်ဖို့အတွက်၊ အနာဂါတ်ဖက်ဒရယ်ပြည်ထောင်စုအတွက်၊ လက်တွဲညီညီလုပ်ဆောင်လာနိုင်တယ်။

မဟာမိတ်အဖွဲ့အစည်းအဆင့်ဆင့်တွေနဲ့ တပ်ပေါင်းစုအဖြစ်ဆောင်ရွက်နိုင်ခဲ့တယ်။ တပ်ပေါင်းစုတွေရဲ့အနေအထားတွေက ဘယ်လိုပဲအားနည်းချက်တွေရှိနေပေမယ့် အနှစ်သာရအားဖြင့် ကျနော်တို့တိုင်းပြည်တိုးတက်ဖို့၊ သာယာဝပြောဖို့၊ ညီညွတ်ဖို့ကို လုပ်သင့်လုပ်ထိုက်တဲ့ အခြေခံအချက်အလက်တွေကို ချလာနိုင်ခဲ့တယ်။

ကျနော်တို့ ကရင့်တော်လှန်ရေးသည်လည်းကောင်း၊ ကရင့်တော်လှန်ရေးမှာ ပြည်သူတွေရဲ့ပေးဆပ်မှုတွေသော်လည်းကောင်း ကရင့်တော်လှန်ရေးခေါင်းဆောင်တွေရဲ့ သမိုင်းပေးတာဝန်တွေကို ထမ်းဆောင်မှုမှာသော်လည်းကောင်း၊ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့တာဟာ စံနမူနာကောင်းနဲ့ ရလဒ်ကောင်းတွေအနေနဲ့ ရရှိခဲ့တယ်။

လူ့ကျင့်ဝတ်တရားတွေကို တန်ဘိုးမထားဘဲနဲ့၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒနဲ့ ဝါးမျိုမယ့်အရာတွေဟာလည်း ကျနော်တို့ကို ဟန့်တားလို့မရဘူးဆိုတာ ကျနော်တို့ယုံကြည်တယ်။ ဒီယုံကြည်ချက်တွေ၊ ဒီအခြေခံအချက်အလက်တွေအားလုံးဟာ တော်လှန်ရေးကနေ စွန့်လွှတ်ပေးဆပ်ရင်း ရရှိလာတဲ့အရာတွေဖြစ်တယ်။

ကနေ့အထိလဲ ခရိုင် (၇) ခု၊ တပ်မဟာ (၇) ခုမှာ ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ဟာ ကျောင်းသားတပ်မတော်တွေနဲ့သော်လည်းကောင်း၊ ရှမ်း၊ ကရင်နီ စတဲ့တပ်မတော်များနဲ့သော်လည်းကောင်း လက်တွဲဆောင်ရွက်နေတယ်။ ထိုနည်းတူစွာပဲ မှန်ကန်တဲ့စိတ်ရင်းနဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ဖြေရှင်းမယ်ဆိုတဲ့ အပစ်ရပ်ထားတဲ့အဖွဲ့တွေအတွက်လည်း ကျနော်တို့ရဲ့ရပ်တည်မှုနဲ့ ဆောင်ရွက်မှုတွေဟာ သူတို့ကို အားဖြစ်စေတယ်။

“ ကျနော်တို့တော်လှန်ရေးက အမျိုးသားရေးနဲ့ ဒီမိုကရေစီရေးအတွက် ဖြစ်တယ်။ လက်နက်ကိုင် တော်လှန်ရေးနည်းနဲ့ မဆောင်ရွက်ချင်ဘူး။ မဖြစ်နိုင်ဘူး။ ညီအစ်ကိုအချင်းချင်း၊ တိုင်းရင်းသားအချင်းချင်း၊ အာဏာရအစိုးရ အဆက်ဆက် နိုင်ငံရေးအရဖြေရှင်းပြီး၊ ကျနော်တို့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို တောင်းဆိုခဲ့တယ်။

တပြည်လုံးညီညွတ်ရေးနဲ့ စစ်အာဏာရှင်စနစ်ဖြုတ်ချရေးအတွက် ကျနော်တို့ကရင့်တော်လှန်ရေးနဲ့အတူ ကျနော်တို့ရဲ့မဟာမိတ်တွေရဲ့ ရပ်တည်ချက်တွေဟာ ကျနော်တို့ရရှိခဲ့တဲ့အရာတွေဖြစ်တယ်။

*မေး ။ ။ တွေ့ဆုံဆွေးနွေးပြီး အဖြေရှာဖို့အတွက် ကေအဲန်ယူဖက်က ကမ်းလှမ်းထားတာကို ခုထိ နအဖက လက်တွေ့ကျကျ မလုပ်ဆောင်သေးပါဘူး။ ကေအဲန်ယူအနေနဲ့ ဆက်ပြီးဘယ်လိုသဘောထားရပ်တည်သွားမယ်ဆိုတာကိုသိပါရစေ။*

ဖြေ။ ။ ကေအန်ယူအနေနဲ့ ၁၉၄၉ ခုနှစ်ကတည်းကစပြီး တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို မျှော်လင့်ထားခဲ့တယ်။ တိုင်းရင်းသားလူမျိုးတွေရဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် တန်ဖိုးမထားရှိတဲ့ စစ်အစိုးရအဆက်ဆက်ဟာ ကိုယ့်ပြည်သူလူထုအပေါ် အစိုးတရပ်ပီပီ ခေါင်းဆောင်တွေပီပီ တာဝန်ယူ၊ တာဝန်ခံတဲ့ အစိုးရကောင်းတရပ် ဘယ်တုန်းကမှမရှိခဲ့ဘူး။ ဒီနေ့ဆိုရင် တိုင်းပြည်ဟာ ဥပဒေစိုးမိုးမှုမရှိတော့ဘူး။ ဒါကြောင့်မို့ ဂိုဏ်းဂဃတွေ၊ လာဘ်စားမှုတွေ ရှိလာတယ်။ ပြည်တွင်းစစ်ဟာလည်း မငြိမ်းတော့ဘူး။ ပြည်တွင်းစစ်မငြိမ်းတာကို အ

နောက်ကျောဖုံးသို့ ...



မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်။

# အောင်မြင်သော ရွေးကောက်ပွဲဖြင့် အီရတ်တို့၏ အနာဂတ်ခြေလှမ်းသစ်ကိုစတင်နေခြင်းအား အမေရိကန်သမ္မတသစ်မှ ချီးကျူးစကားဆို



အမေရိကန်သမ္မတသစ် ဘားကရက်အိုဘားမား

အမေရိကန်ပြည်ထောင်စု၏ သမ္မတသစ် ဘာရတ်အိုဘားမားက အီရတ်တွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် ငြိမ်းချမ်းပြီး တရားမျှတသော မဲဆန္ဒပေးပွဲအား ချီးကျူးဂုဏ်ပြုစကားပြောလိုက်သည်။

သူက ရွေးကောက်ပွဲသည် ရှေ့ဆက်ရမည့်ခရီးအတွက် အီရတ်နိုင်ငံသားများ ကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်လိုက်ကြသော ခြေလှမ်းသစ်တစ်ရပ်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ဝန်ကြီးချုပ် နော်ရီမယ်လီကီကလည်း သူတို့အား အီရတ်နိုင်ငံသားအားလုံး၏ အောင်ပွဲတစ်ရပ်အဖြစ် ကြိုဆိုလိုက်သည်။

ပြီးခဲ့သောဆန္ဒမဲပေးပွဲကျင်းပခဲ့စဉ်က သပိတ်အကြီးအကျယ်အမှောက်ခံခဲ့ရသော ဆွန်နီဇရိယာအတွင်းတွင် များပြားသောပရိတ်သတ်ဖြင့် ဆန္ဒမဲပေးပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

ပထမလေးနှစ်အတွင်းကျင်းပသော နိုင်ငံတော်ဆန္ဒမဲပေးပွဲသည် ယခုနှစ်ကုန်ပိုင်းတွက်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲမတိုင်မီ နိုင်ငံတွင်း တည်ငြိမ်အေးချမ်းမှုအား စမ်းသပ်ချက်တရပ်ဖြစ်သည်။

... တကယ်ကို အဓိပ္ပါယ်ပြည့်ဝတဲ့ ဆန္ဒမဲပေးပွဲတရပ်ကိုကျင်းပနိုင်ခဲ့တဲ့ အီရတ်ပြည်သူတွေကို ကျနော် တကယ်ပဲချီးကျူးပါတယ်ဗျာ။ ဒါက အလွန်အရေးကြီးတဲ့ ရှေ့ဆက်ရမယ့် အနာဂတ်ခရီးအတွက် အီရတ်ပြည်သူတွေကိုယ်တိုင် တာဝန်ယူပြလိုက်ခြင်းပဲ ဖြစ်ပါတယ် ... ဟု မစ္စတာအိုဘားမားကပြောသည်။

ဆက်လက်၍ အိုဘားမားက ရွေးကောက်ခံကောင်စီအသစ်မှတဆင့် ဥပဒေပြုလွှတ်တော်နှင့်အတူ အစိုးရအသစ်တစ်ရပ်ဖွဲ့စည်းကာ ပြည်သူလူထုက ရဲရဲရင့်ရင့် ရွေးကောက်ပေးလိုက်သည်နှင့် ထိုက်တန်စွာ ပြည်သူ့အကျိုးအတွက် ဆောင်ရွက်သွားပါရန်ကိုလည်း တိုက်တွန်းလိုက်သည်။

မစ္စတာမယ်လီကီကလည်း သည်မှာ "အီရတ်ကိုချစ်သူများနဲ့ အီရတ်ပြည်သူများအတွက် အပျော်ရွှင်ရဆုံး နေ့တစ်နေ့" ဟု အမွှမ်းတင်ပြောကြားခဲ့သည်။

ဘဂ္ဂဒက်ရှိ ဘီဘီစီသတင်းထောက် အင်ဒရူးနောက်သ်က အီရတ်မြေတွင် ယခုထိတိုင်အောင် ငြိမ်းချမ်းမှုမရရှိသေးသော်လည်း ဆန္ဒမဲပေးပွဲမှာမူ ကတိပေးထားသည့်အတိုင်းဖြစ်လာခဲ့ကြောင်း သတင်းပေးပို့သည်။

ထောင်နှင့်ချီသော စစ်သားများနှင့် ရဲများသည် မဲရုံရှိရာအနီးတဝိုက်တွင် တပ်ဖြန့်လျှက် လုံခြုံရေးတင်းကျပ်စွာ စောင့်ကြည့်နေခဲ့ကြသည်။

ဆန္ဒမဲပေးပွဲကို နိုင်ငံအတွင်း (၁၈) ခရိုင်အနက် (၁၄) ခရိုင်တွင် စုစုပေါင်း ရွေးကောက်ခံ ကိုယ်စားလှယ်ပေါင်း (၁၄, ၀၀၀) တို့က ကိုယ်စားလှယ်နေရာ (၄၄၀) အတွက် ယှဉ်ပြိုင်ခဲ့ကြသည်။

ဆန္ဒမဲပေးပွဲ မကျင်းပဖြစ်သောခရိုင်သုံးခုမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တစ်ဝက်ရ Kurdish ဒေသ၏ မြောက်ပိုင်းတွင်ဖြစ်ပြီး ရေနံအမြောက်အများထွက်ရာ Kirkuk ခရိုင်တွင် လျှို့ဝှက်မဲပေးစနစ်ဖြင့် မဲပေးမည့်အစီအစဉ်လည်း ရွှေ့ဆိုင်းထားခဲ့ရသည်။

အီရတ်တို့၏ စီရင်စုအပိုင်ဒေသများက အုပ်ချုပ်ရေးမှူးများအား အမည်တင်သွင်းရမည်ဖြစ်ပြီး ထိုရွေးကောက်ခံအဖွဲ့က အုပ်ချုပ်ရေးနှင့် ပင်လယ်ရပ်ခြားဘဏ္ဍာငွေရှာဖွေရေးနှင့် စီမံချက်အသစ်များ ပြန်လည်ရေးဆွဲဖွဲ့စည်းရေးတို့အား တာဝန်ယူရမည်ဖြစ်သည်။

အီရတ်အတွင်း အကြမ်းဖက်မှုများသည် ယမန်နှစ်များနှင့်စာလျှင် သိသိသာသာလျော့နည်းလာခဲ့ပြီး တိုင်းပြည်အတွင်း နေရာအနှံ့အပြားတွင် လုံခြုံရေးတာဝန်ကို အဓိကဆောင်ရွက်ကြိုးပမ်းလျှက်ရှိသည်။

အီရတ်၏ နိုင်ငံတကာနယ်နမိတ်ကိုလည်း ပိတ်ထားခဲ့ပြီး ဘဂ္ဂဒက်နှင့် အခြားအရေးပါသော မြို့ကြီးအချို့တို့တွင်သာ ကာဖျူးအမိန့် ဆက်လက်တည်ရှိနေသည်။ မဲဆန္ဒရှင်များသည် တင်းကျပ်သောလုံခြုံရေးစစ်ဆေးမှုများကိုဖြတ်သန်းပြီးမှ မဲရုံအတွင်းသို့ ရောက်နိုင်သည်။

မဲဆန္ဒပေးနေစဉ် အယ်လ်ကိုင်းဒါးတို့၏ နောက်ယှက်မည့်အန္တရာယ်ကို အီရတ်အစိုးရနှင့် အမေရိကန်ပြည်ထောင်စုတို့က သတိပေးထားခဲ့သော်လည်း သတင်းပေးပို့ချက်များအရ တိုက်ခိုက်မှုအနည်းငယ်မျှသာ ဖြစ်ပွားခဲ့သည်။

ထိုမဲဆန္ဒပေးပွဲသို့ နိုင်ငံတကာ လေ့လာစောင့်ကြည့်ရေးအဖွဲ့များသာမက ထောင်ပေါင်းများစွာသော ဒေသတွင်း လေ့လာသူများနှင့် နိုင်ငံရေးပါတီများမှ စောင့်ကြည့်ခဲ့ကြသည်။

# ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၏ အန္တရာယ်ကို ပူးပေါင်းကာကွယ်ရေး သိပ္ပံပညာရှင်များနှင့် ကမ္ဘာ့ခေါင်းဆောင်များ ပူးပေါင်းဆောင်ရွက်ရန် မိုနာကိုမင်းသားတိုက်တွန်း

ဘီဘီစီ၊ ဇန်နဝါရီလ (၃၀)

ကမ္ဘာ့ရေပိုင်းဆိုင်ရာ ဇီဝဗေဒဖြစ်စဉ်တွင် သမုဒ္ဒရာကြီးများအတွင်း အက်ဆစ်ထုထည်များပြားတိုးပွားလာမှုကြောင့် အလွန်ပင် ကြောက်မက်ဖွယ် ပျက်စီးလျှက်ရှိနေကြောင်း၊ အကယ်၍ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ထုတ်လွှတ်မှုကို မဖြတ်တောက်နိုင်ပါက ပိုမိုဆိုးဝါးလာနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ထုတ်ပြန်ကြေညာလိုက်သည်။

ရေကြောင်းသုတေသီပေါင်း (၁၅၀) ကျော်က အက်ဆစ်ဆိုင်ရာပြောင်းလဲမှုများနှင့်ပတ်သက်သည့် သူတို့၏စိုးရိမ်မှုများအား 'မိုနာကိုကြေညာချက်' ဟု အမည်ပေးထားသည့် သတိပေးချက်တွင် ထုတ်ပြန်ဖော်ပြခဲ့ခြင်းဖြစ်သည်။

(ပီအိပ်ချ်) (*အက်ဆစ်ပမာဏဆိုင်ရာ ပမာဏ– အရည်နှင့် ဒြပ်ဝတ္ထုတို့တွင် အက်ဆစ် (သို့မဟုတ်) အယ်လ်ကာလီပါဝင်မှုကို ဖော်ပြသည့်အမှတ်*) သည် သဘာဝအတိုင်း ပြောင်းလဲခြင်းထက် အဆပေါင်း (၁၀၀) ပြောင်းလဲနေကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

၂၀၀၈ ခုနှစ်၊ အောက်တိုဘာလအတွင်းကျင်းပခဲ့သည့် ကမ္ဘာ့လုံးဆိုင်ရာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ် မြင့်တက်နေမှု ထိပ်သီးညီလာခံတွင် သုတေသနမှတ်တမ်းများအပေါ်အခြေခံလျှက် ယင်းအချက်အား အတည်ပြုကြောင်းကြေညာချက်တွင် ... 'ကျနော်တို့ မော်နာကိုမှာ တွေ့ဆုံခဲ့ ကြတဲ့သိပ္ပံပညာရှင်အားလုံးဟာ သမုဒ္ဒရာကြီးရဲ့ အက်ဆစ်ပမာဏနဲ့ပတ်သက်လို့ တကယ်ကိုပဲစိုးရိမ်နေကြရပါတယ်။ ကမ္ဘာ့ရေထုအတွင်း အလျှင်အမြန်တိုးပွားလာနေတဲ့ အက်ဆစ်ပမာဏကြောင့် ရေထုအတွင်း ဓာတုဖြစ်စဉ်ပြောင်းလဲမှုနဲ့ သူတို့ရဲ့ စွမ်းအင်တွေဟာ အလွန်ကို လျှင်လျှင်မြန်မြန်နဲ့ပြောင်းလဲလာကြပြီး ဒီဆယ်စုနှစ်တွေအတွင်း ရေနေသက်ရှိ (ရေအောက်သစ်ပင်ငယ်များ၊ သန္တာကျောက်တန်းများမှအစ) တွေအပေါ်မှာ၊ အစာကွန်ယက်တွေအပေါ်မှာ (ငါးလေးတွေသေရင် ငါးလေးတွေကိုစားပြီး အသက်ရှင်နေတဲ့ ငါးကြီးမျိုးတွေပါ ပျက်စီးခြင်း)၊ လက်ရှိအနေအထားအတိုင်း ရေနေသက်ရှိများအား ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ထားခြင်းအပေါ်မှာနဲ့ ပင်လယ်ငါးဖမ်းလုပ်ငန်းစတဲ့အပေါ်တွေမှာပါ ဆိုးကျိုးတွေ အများကြီးရိုက်ခတ်လာနိုင်ပါတယ်' ဟု ဖော်ပြထားသည်။

ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ် ထုတ်လွှတ်မှုကို တည်ငြိမ်အောင်ထိန်းချုပ်စေခြင်းသည် ရာသီဥတုပြောင်းလဲမှုကိုသာမက သမုဒ္ဒရာအတွင်း အက်ဆစ်ဓာတ်ပမာဏတိုးပွားမှုကိုပါ ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူများကပြောသည်။

သုတေသီများက သူတို့ရည်ညွှန်းသော ကာဗွန်ဒိုင်အောက်ဆိုက်ပြဿနာများအနက် ကမ္ဘာ့ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ထုတ်လွှတ်မှုသည် ယခုအတိုင်းဆက်လက်တိုးပွားနေပါက ၂၀၅၀ ခုနှစ်သို့ရောက်သောအခါ သမုဒ္ဒရာအတွင်း အက်ဆစ်ပမာဏတိုးပွားမှုနှင့်ပတ်သက် သမုဒ္ဒရာများအတွင်း သန္တာကောင်များကိုလည်းကောင်း၊ ကျောက်တန်းများကိုလည်းကောင်း မျိုးသုဉ်းလာစေမည်ဖြစ်ကြောင်း သတိပေးထားသည်။

ထိုမျှသာမက လူသန်းပေါင်းများစွာတို့အတွက် လိုအပ်ချက်ဖြစ်သော အစားအစာနှင့်ပတ်သက်သည့် ငါးဈေးကွက်ကိုလည်း ခြိမ်းခြောက်လာနိုင်ချေရှိကြောင်း ထည့်သွင်းပြောကြားထားသည်။

'ဓါတုဗေဒက အလွန်အခြေခံကျပြီး ပြောင်းလဲမှုကလည်း အရမ်းမြန်တယ်။ ပြီးတော့ ရလဒ်တွေဆိုတာကလည်း ရှောင်လွှဲလို့ မရနိုင်ဘူး' ဟု ဆိုင်ပိုဆီယံ (မိုနာကိုအစည်းအဝေး) ဥက္ကဌ ဒေါက်တာဂျိမ်းစ်အိုရာ ကပြောသည်။

'မေးခွန်းတွေက ဘယ်လောက်ဆိုးလာမလဲဆိုတာနဲ့ ဘယ်တော့လောက်ဖြစ်လာနိုင်မလဲဆိုတာတွေပဲ' ဟု သူက ပြောသည်။

မိုနာကိုကြေညာစာတမ်းတွင် လက်မှတ်ရေးထိုးခဲ့သူ ကုလသမဂ္ဂနိုင်ငံတကာ အန္တဝါဗေဒအဖွဲ့၏ အထွေထွေအတွင်းရေးမှူး ပက်ထရစ္စီယိုဘန်နယ်လ်ကလည်း ထိုစိန်ခေါ်မှုများအား အန္တဝါဗေဒသုတေသီများက မည်သို့ရည်ရွယ်ဆောင်ရွက်ထားကြောင်း အတိုချုပ်ဖော်ပြခဲ့သည်။

သူက 'ကျနော်တို့ဟာ အန္တဝါဗေဒဆိုင်ရာအချက်အလက်တွေကို တယောက်တပြန် အတူတကွအသိပေးကြဖို့လိုပါတယ်။ ဒါမှလည်း ကျနော်တို့ရဲ့ သုတေသနလုပ်ငန်းတွေနဲ့ ကျနော်တို့ရဲ့ အပြုသဘောဆောင်ရွက်ချက်တွေဟာ တိုးတက်မှုရှိလာပြီး ကမ္ဘာ့ရေထုအတွင်း အက်ဆစ်ဓာတ်တိုးပွားမှုကို အတူတကွ ကာကွယ်ထိန်းချုပ်သွားနိုင်မှာဖြစ်ပါတယ်' ဟု ပြောသည်။

ကမ္ဘာ့ရေထုအတွင်း အက်ဆစ်တိုးပွားနေမှု ပြဿနာအဖြေရှာဖွေရေးအတွက် ပံ့ပိုးကူညီခဲ့သော မိုနာကိုအိမ်ရှေ့စံမင်းသား အဲလ်ဘတ် (ဒုတိယ) က ထိုကြေညာစာတမ်းတွင် သူ၏စိုးရိမ်မှုကိုဖော်ပြရာ၌ ကမ္ဘာ့ခေါင်းဆောင်ကြီးများက 'လိုအပ်သောဆောင်ရွက်ချက်များကို အရေးယူဆောင်ရွက်လိမ့်မည်' ဟု မျှော်လင့်ပါကြောင်း ထည့်သွင်းပြောကြားသွားခဲ့သည်။

'ကျနော် ဒီကြေညာစာတမ်းကို လှိုက်လှိုက်လှဲလှဲ ထောက်ခံပါတယ်။ နောက်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးက နိုင်ငံရေးခေါင်းဆောင်ကြီးများအနေနဲ့လည်း လာမယ့် ၂၀၀၉ ခုနှစ်၊ ကိုပင်ဟောဂင်အစည်းအဝေးမှာ ဒီကိစ္စနဲ့ပတ်သက်လို့ ပါဝင်ဆွေးနွေးကြဖို့ကိုလည်းမျှော်လင့်ပါတယ်' ဟု သူက ပြောကြားသွားသည်။

# ဇင်ဘာဘွေနိုင်ငံတွင် သမ္မတနှင့်အတိုက်အခံကြား အာဏာခွဲဝေ

ဇင်ဘာဘွေနိုင်ငံတွင် သမ္မတနှင့်အတိုက်အခံတို့၏ နိုင်ငံရေးချိန်ခွင်ရှာ ညှိနှိုင်းမှုအောင်မြင်စွာပြီးစီးသွားသဖြင့် အတိုက်အခံခေါင်းဆောင် မော်ဂန်ရစ်ချက်ချန်ကရိုင်းသည် ဇင်ဘာဘွေနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် သမ္မတ ရောဘတ်မူဂါဘီတိုင်ပေးသည့်အတိုင်း ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။



သမ္မတ ရောဘတ်မူဂါဘီနှင့် ဝန်ကြီးချုပ်ဖြစ်လာသူ အတိုက်အခံခေါင်းဆောင် မော်ဂန်ရစ်ချက်ချန်ကရိုင်း

သမ္မတနှင့်အတိုက်အခံတို့၏ စေ့စပ်ဆွေးနွေးရေးဟာ အချိန်ကြာပြီး ခက်ခဲသည့်အကြောင်းကို သမ္မတ ရောဘတ်မူဂါဘီနှင့်ဝန်ကြီးချုပ်ချန်ကရိုင်းတို့ နှစ်ဦးစလုံးက အသိအမှတ်ပြုပြောကြားခဲ့သည်။

ထိုသို့ ဇင်ဘာဘွေနိုင်ငံတွင် ညီညွတ်သည့်အစိုးရတရပ် ဖွဲ့စည်းနိုင်ခဲ့သည့် အတွက် အမေရိကန်နှင့်ဗြိတိန်နိုင်ငံတို့က ကြိုဆိုလိုက်ကြသည်။ အလားတူပင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကလည်း ကြေညာချက်တရပ်ထုတ်ပြန်၍ ကြိုဆိုလိုက်သည်။

ဇင်ဘာဘွေနိုင်ငံ၏သမ္မတ ရောဘတ်မူဂါဘီသည် မြန်မာနိုင်ငံစစ်အစိုးရကဲ့သို့ အတိုက်အခံများအား လွန်ကျူးစွာ ညှင်းပန်းနှိပ်စက်သည့်နေရာတွင် တူညီခဲ့သည်။ မြန်မာနိုင်ငံ၏ စစ်တပ်အစိုးရသည် ပြည်သူလူထုထောက်ခံမှုဖြင့် တက်လာသည့်အစိုးရတရပ်မဟုတ်ခဲ့သော်လည်း ဇင်ဘာဘွေနိုင်ငံသမ္မတ ရောဘတ်မူဂါဘီ၏ ဇာနုပီအက်ဖ်ပါတီသည် ၁၉၈၀ ခုနှစ် ရွေးကောက်ပွဲတွင် ပြည်သူလူထုထောက်ခံမှုဖြင့် အနိုင်ရရှိခဲ့သည့်ပါတီဖြစ်သည်။

# ကမ္ဘာ့စီးပွားရေးကျဆင်းလာမှုနောက်က အကျိုးဆက်ပြဿနာ




ကမ္ဘာ့စီးပွားရေးဂယက်ရိုက်ခတ်မှုဒဏ်ကြောင့် ကမ္ဘာတလွှားရှိ စီးပွားရေးလုပ်ငန်းကြီးများနှင့် ကုမ္ပဏီကြီးများသည် အလုပ်သမားဦးရေလျှော့ချခြင်းဖြင့် ပြဿနာဖြေရှင်းနိုင်ရေး ကြိုးပမ်းလျှက်ရှိသည်။

ကမ္ဘာ့စီးပွားရေးထိပ်သီးနိုင်ငံကြီးများဖြစ်သည့် အမေရိကန်၊ ဂျပန်နှင့် ဗြိတိန်နိုင်ငံတို့ရှိ ကုမ္ပဏီများတွင် စီးပွားဂယက်ရိုက်ခတ်မှုဒဏ်ကြောင့် လုပ်ငန်းများဆက်လက်ရပ်တည်နိုင်ရေးအတွက် လုပ်သားဦးရေလျှော့ချခြင်းများကို လုပ်ဆောင်နေရသည်။ လုပ်သားဦးရေလျှော့ခြင်းများကြောင့် ဆန္ဒပြမှုကန့်ကွက်မှုများအား နေရာအနှံ့တွင် တွေ့ကြုံနေရသည်။

အမေရိကန်၏ ဆောက်လုပ်ရေးလုပ်ငန်းသုံးယန္တရားများ ထုတ်လုပ်နေသည့် ကက်တာပလာ (Caterpillar) တွင် တနေ့တည်းဖြင့် လုပ်သားဦးရေ (၂၀၀၀၀) ကျော်အား အလုပ်ထုတ်ပစ်ခဲ့ရသည်။ ထို့ကြောင့် ကက်တာပလာ၏ အမြတ်ငွေ (၃၂) ရာခိုင်နှုန်း ဒေါ်လာ (၆၆၁) သန်းမှ လျှော့ကျခဲ့ရကြောင်းကိုလည်း ထုတ်ပြန်ခဲ့သည်။

စီးပွားရေးကျဆင်းမှုအခြေအနေများ နိုင်ငံအတွင်းသို့ ဂယက်ရိုက်ခတ်လာမှုအား ဖြေရှင်းနိုင်ရေးအတွက် ပြင်သစ်နိုင်ငံသည်လည်း နိုင်ငံအတွင်းရှိ အကြီးမားဆုံးသော ဘဏ်လုပ်ငန်းကြီး (၆) ခုအား ချေးငွေ ယူရို (၁၀ ဒသမ ၅) ဘီလျံ အစိုးရမှ ထုတ်ချေးခဲ့ရသည်။

စင်ကာပူနိုင်ငံတွင်လည်း ကမ္ဘာ့စီးပွားရေးအကျပ်အတည်းရိုက်ခတ်မှုကြောင့် စီးပွားရေးနှေးကွေးလာပြီး ကုမ္ပဏီလုပ်ငန်းအချို့မှ ကုန်ကျစားရိတ်ချွေတာနိုင်ရေးအတွက် ဝန်ထမ်းအင်အားလျှော့ချမှုများ ပြုလုပ်ခဲ့သည်။

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဥရောပနှင့် အမေရိကန်နိုင်ငံရှိ ကုမ္ပဏီကြီး (၉) ခုမှ လုပ်သားဦးရေ (၇၀,၀၀၀) ထိ လျှော့ချခဲ့ရသည်။ အဆိုပါကုမ္ပဏီများမှာ အမေရိကန်၊ တက္ကဆက်အခြေစိုက် မိုဘိုင်းလ်နှင့် ဖုန်းပစ္စည်းအပိုများ ထုတ်လုပ်ရောင်းချသည့် (Texas Instruments)၊ အမေရိကန်၏ ကမ္ဘာ့အကြီးမားဆုံး နေအိမ်ဒီဇိုင်းလုပ်ငန်းဖြစ်သည့် (Home Depot)၊ အမေရိကန် မိုဘိုင်းဆားဗစ်ကုမ္ပဏီ (Sprint Nextel) အမေရိကန်ဆေးဝါးလုပ်ငန်း (Pfizer)၊ နယ်သာလန် ဘဏ်လုပ်ငန်းကြီးဖြစ်သည့် (ING)၊ စတီးလ်လုပ်ငန်းဖြစ်သည့် (Corus)၊ အီလက်ထရောနစ်ထုတ်ကုန်လုပ်ငန်း ဖြစ်သည့် Philips၊ ဗမော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းစုကြီးဖြစ်သည့် General Motors၊ ကွန်ပျူတာကုမ္ပဏီကြီးများ ဖြစ်သည့် Microsoft နှင့် Intel တို့ဖြစ်ကြသည်။

လုပ်သားဦးရေများလျှော့ချနေမှုများကြောင့် အမေရိကန်နိုင်ငံ၊ လော့စ်အိန်ဂျလိစ်မြို့၊ ဝယ်လ်လင်တန်တွင် ဇန်နဝါရီ (၂၇) ရက်နေ့တွင်လည်း အာဗင်လူပိုး (Ervin Lupoe) နှင့် ၎င်း၏ဇနီးတို့ တာဝန်ထမ်းဆောင်နေသည့်ဆေးရုံမှ အလုပ်ရပ်စဲကြောင်း အကြောင်းကြားစာရရှိပြီးသည့်နောက် မိသားစု (၇) ဦးစလုံး အဆုံးစီရင်သွားခဲ့သည်။ အဆုံးမစီရင်ခင် အာဗင်က ၎င်းတို့မိသားစုတခုလုံး လွတ်မြောက်လာလမ်းကြောင်းကို ရွေးချယ်လိုက်ခြင်းဖြစ်ကြောင်း KABC ရုပ်သံဌာနသို့ ဖက်စ်ဖြင့် အကြောင်းကြားခဲ့ကြောင်းသိရသည်။

အဆိုပါ ကမ္ဘာ့စီးပွားရေးဂယက်အရှုပ်အထွေးကြောင့် ဂျာမဏီနိုင်ငံသား ကမ္ဘာကျော်သန်းကြွယ်သူဌေး အဒေါ့ဖ်မာကယ်လ် (Adolf Merckle) သည် စတော့ရှယ်ယာဈေးကွက် ဈေးနှုန်းကျဆင်းနေမှုကြောင့် စတာလင်ပေါင် (၁) ဘီလျံခန့် အရှုံးပေါ်ခြင်းအား မဖြေရှင်းနိုင်သည့်အတွက် မိမိကိုယ်ကိုအဆုံးစီရင်သွားခဲ့သည်။

ဗြိတိန်နိုင်ငံသည်လည်း အခြားစီးပွားရေးအင်အားကြီးနိုင်ငံများကဲ့သို့ ကမ္ဘာ့စီးပွားပျက်ကပ်ရိုက်ခတ်မှုဒဏ်ကို ခံစားနေပြီး အလုပ်သမားများ အလုပ်ထုတ်ခံရမှုများမှာလည်း တနေ့တခြား တိုးများလာလျှက်ရှိသည်။ အလုပ်အကိုင်များ ရှားပါးလာမှုကြောင့် ပြည်တွင်းရှိ အလုပ်အကိုင်နေရာများတွင် နိုင်ငံခြားသားများအစား ဗြိတိန်လူမျိုးများကိုသာ ခန့်ထားပေးရန်ကိုလည်း ဝန်ကြီးချုပ်ဂေါ်ဒွန်ဘရောင်းထံ ဆန္ဒပြတောင်းဆိုနေကြသည်။ အလုပ်သမားများအနေဖြင့် စီးပွားပျက်ကပ်ကြောင့် ၎င်းတို့အနေဖြင့် အနာဂတ်တွင် အလုပ်အကိုင်တည်မြဲရေးအတွက် စိုးရိမ်လျှက်ရှိပြီး လက်ရှိလုပ်ကိုင်နေသည့် နိုင်ငံခြားသားအလုပ်သမားများနေရာတွင် ဗြိတိသျှအလုပ်သမားများကိုသာ ခန့်ထားပေးရေးအတွက် တောင်းဆိုနေကြသည်။

နိုင်ငံတကာအစိုးရများသည်လည်း စီးပွားပျက်ကပ်ကြောင့် ဖြစ်ပေါ်လာမည့်ဆိုးကျိုးများအပေါ် စိုးရိမ်လျှက်ရှိသည်။

# ပထမဦးဆုံးဖွင့်လိုက်သော နိုင်ငံတကာရာဇဝတ်ခုံရုံးတွင် ကလေးစစ်သားနည်းပြဆရာ၏ ဖြောင့်ချက်

ဘီဘီစီ၊ ဝီကီပီဒီယာ


ဒီအာရ်ကွန်ဂိုစစ်ခေါင်းဆောင် သောမတ်စ်လူဘန်ဂါ

ဟက်ချ်နိုင်ငံတွင်ရှိသော နိုင်ငံတကာ ရာဇဝတ်တရားရုံး (အိုင်စီစီ) မှ ဒီအာကွန်ဂိုအတွက် ကာလက်စ်နီကိုဗစ်စ် က လေးစစ်သားများအား ဒီအာရ်ကွန်ဂိုစစ်ခေါင်းဆောင် သောမတ်စ်လူဘန်ဂါအတွက် စစ်သင်တန်းပေးခဲ့ရသူတဦးအား အမှုကြားနာစစ်ဆေးမှုကိုစတင်ခဲ့သည်။

အမည်မဖော်လိုသော ထိုတိုက်ခိုက်ရေးသမားက မစ္စတာလူဘန်ဂါအား စွဲဆိုထားသော ပြည်တွင်းစစ်ငါးနှစ်တာ အတွင်း ကျူးလွန်ခဲ့သောပြစ်မှုများအတွက် မျက်မြင်သက်သေထွက်ဆိုခြင်းဖြစ်သည်။ လူငယ်များစစ်ထဲမဝင်ပါက ရွာကို မီးရှို့ပစ်မည်ဟု ခြိမ်းခြောက်ခဲ့ခြင်းကြောင့် ၂၀၀၂ ခုနှစ် အတွင်းက ကွန်ဂိုမျိုးချစ်များ သမဂ္ဂသို့ ဝင်ရောက်ခဲ့ရကြောင်း အမှုဆက်လက်စစ်ဆေးနေခဲ့သော သောကြာနေ့က ထွက်ဆိုခဲ့သည်။

လေ့ကျင့်ရေးစခန်းအတွင်းတွင် ကလေးငယ်များလည်းရှိခဲ့ကြောင်း။ သူတို့နှင့်အတူ စစ်ရေးလေ့ကျင့်နေခဲ့ကြရကြောင်းတို့ကို ဆက်လက်ပြောဆိုခဲ့သည်။

၁၉၉၇ ခုနှစ်အတွင်း (၁၃) နှစ်သားအရွယ်က ဒီအာရ်ကွန်ဂို စစ်တပ်တွင် ကလေးစစ်သားအဖြစ်နှင့် (၇) လ တာဝန်ထမ်းဆောင်ခဲ့ဖူးသောကြောင့် စစ်တပ်အရာရှိများက သူ့အား နည်းပြဆရာအဖြစ် တာဝန်ပေးခဲ့သည်။

သူက ကလေးများအား အခြေခံစစ်ရေးတိုက်ခိုက်နည်းများနှင့်အတူ သေနတ်ပစ်နည်းတို့ကိုပါ ကလေးများအား သင်ကြားပေးခဲ့ရနှင့် စစ်ပွဲများအတွင်း ပါဝင်တိုက်ခိုက်နေကြသော စစ်ပွဲအတွင်း သေဆုံးခဲ့ကြရသောကလေးငယ်များကို မကြာခဏမြင်တွေ့ခဲ့ရကြောင်း ထိုမျက်မြင်သက်သေက ပြောသည်။

"အရာရှိက ပစ်ဟေ့ဆိုရင် ကလေးလည်း မရှောင်ပစ်သတ်ရတာပါပဲ"ဟု သူ၏အတွေ့အကြုံကို ပြောပြသည်။

ပထမမျက်မြင်သက်သေက သူသည် ကျောင်းဆင်းချိန် အိမ်အပြန်လမ်း၌ မစ္စတာလူဘန်ဂါ၏စစ်သားများက ဖမ်းဆီးခြင်းကိုခံခဲ့ရပြီးနောက် စစ်သားစုဆောင်းရေးတပ်အတွင်းတွင် လေ့ကျင့်ခန်းပေးခြင်းကိုခံခဲ့ရကြောင်းလည်းပြောသည်။

တရားရုံးရှေ့နေ ဖက်တူဘန်ဆိုဒါက အဆိုပါမျက်မြင်သက်သေ၏ အသက်အန္တရာယ်ကို ကာကွယ်ရန်အတွက် မျက်မြင်သက်သေ မည်သူမည်ဝါဖြစ်ကြောင်းကိုအတည်ပြုရန် ငြင်းဆိုခဲ့သည်။

သူက မစ္စတာလူဘန်ဂါသည် သူ၏ ကလေးစစ်သားစုဆောင်းရေးစခန်းတွင်းမှ ကလေးများအား "မကြောက်ကြနဲ့။ စစ်တိုက်တယ်ဆိုတာ ခက်ခဲတဲ့ကိစ္စမဟုတ်ပါဘူး"ဟုပြောဆိုခဲ့ကြောင်းထွက်ဆိုသည်။

သောမတ်စ်လူဘန်ဂါသည် ကွန်ဂိုမျိုးချစ်သမဂ္ဂ၏ခေါင်းဆောင်ဖြစ်ပြီး ဟီမာတိုင်းရင်းသားလူမျိုးစု စစ်တပ်ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ဆယ့်ငါးနှစ်အောက်ကလေးငယ်များအား စစ်သားအဖြစ် စုဆောင်းလေ့ကျင့်ခြင်းအတွက် တရားစွဲဆိုခြင်းခံရသူဖြစ်သည်။ ၂၀၀၅ ခုနှစ်၊ မတ်လအတွင်း Kinshasa တွင် အဖမ်းခံခဲ့ရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားကုလသမဂ္ဂ ငြိမ်းချမ်းရေးထိမ်းသိန်းရေးသမားကိုးဦးအား သတ်ဖြတ်မှုနှင့် အဖမ်းခံခဲ့ရခြင်းဖြစ်သည်။

နိုင်ငံတကာရာဇဝတ်ခုံရုံးမှ သူ့အား ဖမ်းဝရမ်းထုတ်ပြီးနောက် ၂၀၀၆ ခုနှစ်၊ မတ်လ (၁၇) ရက်တွင် ကွန်ဂိုအစိုးရက သူ့အားဖမ်းဆီးကာ နိုင်ငံတကာ ရာဇဝတ်ခုံရုံးအချုပ်ထောင်သို့ ပို့ဆောင်ပေးခဲ့သည်။ ဇန်နဝါရီလ (၂၆) ရက်တွင် အမှုကို စတင်ကြားနာစစ်ဆေးခဲ့ခြင်းဖြစ်သည်။

မစ္စတာလူဘန်ဂါသည် နိုင်ငံတကာတရားရုံးတွင် ပထမဆုံးရုံးတင်စစ်ဆေးခြင်းခံရသူဖြစ်ပြီး စစ်အတွင်းက ကလေးစစ်သားရာပေါင်းများစွာ အသုံးပြုခဲ့သည်ဟူသည့် စွပ်စွဲချက်ကိုလည်း ငြင်းဆန်လျှက်ရှိသည်။

မြန်မာနိုင်ငံရှိ နအဖစစ်တပ်တွင်လည်း ကလေးစစ်သား (၇၀၀၀၀) ခန့် ရှိနေကြောင်းသိရသည်။

## အဲန်အယ်လ်ဒီအယ်လ်အေ (အင်္ဂလန်ဌာနခွဲ) ၏ မြန်မာ့အရေးလှုပ်ရှားမှုမှတ်တမ်း







'လူဟူသည်
လူ့တာဝန်အနေဖြင့်
ဝမ္မဘက်မှ
ရပ်တည်ရမည်
ဖြစ်၏။
ရပ်တည်ရန်
ရဲဝံ့ရမည်
ဖြစ်၏။
ထိုသို့
ဝမ္မဘက်မှ
ရပ်တည်ရာတွင်
'အနစ်နာခံမှု' သည်
များစွာ
အရေးကြီး၏။
လုပ်ငန်းဟူသမျှ၌
အနစ်နာခံမှုရှိမှ
အောင်မြင်မည်'
ဦးရွှေအောင်



# အရေးကြီး ကာလကို ရောက်တော့မယ်

... ဗညြ ...

❝ ... နအဖအဖို့ သူတို့ရဲ့လမ်းပြမြေပုံ အဆုံးပိုင်းနားကို ရောက်လာပြီဖြစ်တဲ့အတွက် လက်နက်ကုန်ထုတ်သုံးတော့မယ်ဆိုတာကို သံသယ ဖြစ်စရာမလိုဘူး။ ဒါပေမယ့် ဒီလိုပြောတဲ့အတွက် ပြည်သူတွေက ဒါကိုကြောက်လန့်ဖို့မဟုတ်ဘူး။ ပြည်သူတွေဖက်ကလည်းလက်နက်ကုန်ထုတ်မသုံးရသေးဘူးဆိုတာ မမေ့သင့်ဘူး။ နအဖအကြောက်ဆုံးဖြစ်တဲ့။ နျူးကလီယားလက် နက်ထက် အစွမ်းထက်တဲ့လက်နက်ကြီး တခုဖြစ်တဲ့ပြည်သူ့အင်အားဖော်ပြမှုဆိုတဲ့လက်နက်ကြီးကို မသုံးစွဲရသေးဘူး။ အခုမှ လူထုတွေဟာ ဒီလက်နက်ကြီးကို တည်ဆောက်ဆဲရှိသေးတယ်လို့မြင်ရမယ်။ ဒ့ါအပြင် ဒီလက်နက်မှာ ကျည်ဆံ ကုန်တယ်လို့မရှိဘူးဆိုတာလည်း မှတ်သားထားသင့်တယ်....။ ❞

မစ္စတာဂမ်ဘာရီ ဒီတခါလာတော့ နအဖအစိုးရက ပါတီဝင် (၄၄) ယောက် (ဒီအထဲမှာ (၁၄) ယောက်က ဗဟိုဦးစီးအဖွဲ့ဝင်)ရှိတဲ့ (၈၈) မျိုးဆက်လူငယ်ကျောင်းသားများလို၊ သခင်စိုးဝါဒီ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးသုတေသနနှင့် တိုးချဲ့ထုတ်လုပ်မှုကျောင်းတော်သားစုလို၊ သူတို့ရဲ့ အုတ်ကြားမြက်ပေါက် ဖြုတ်စဗျင်းတောင်းအဖွဲ့တွေကို ပွဲထုတ်လိုက်တယ်။ အဓိပ္ပါယ်က ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတုန်းက လူထုထောက်ခံမှု (၈၀) ရာခိုင်နှုန်းကျော်ရထားတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့နဲ့ အဖွဲ့အစည်းတွေကို တတန်းတည်းထားပြလိုက်တာဖြစ်တယ်။ နောက်ပြီး သူတို့ရွေးကောက်ပွဲကိုလည်း ပွဲထုတ်လိုက်တာပဲဖြစ်တယ်။

အမှန်ပဲ။ ဒီနှစ်ဟာ နအဖစစ်အုပ်စုအတွက် ရွေးကောက်ပွဲပြင်ဆင်ရေးကာလဖြစ်တယ်။ ဒါပေမယ့် ဒါဟာ ပန်းခင်းလမ်း မဟုတ်တာသေချာတယ်။ အတက်လမ်းပဲ။ နအဖအဖို့ ရွေးကောက်ပွဲလုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ၊ ရွေးကောက်ပွဲမှာ သူ့လူတွေနိုင်သည်ဖြစ်စေ၊ မနိုင်သည်ဖြစ်စေ။ တိုင်းပြည်အာဏာကို သပိတ်ဝင်အိတ်ဝင်ရထားတယ်ဆိုတာတော့မှန်တယ်။

အခုအခါနအဖစစ်အစိုးရရဲ့ ဝန်ကြီးအဖွဲ့အတွင်း ရှုန်တိန်လုပ်နေတာတွေစပြီးတွေ့နေရပြီ။ နောက်အစိုးရမှာ ဝန်ကြီးလုပ်မယ့်လူတွေ။ ရွေးကောက်ပွဲမှာ အရွေးခံမယ့်လူတွေ စသဖြင့် သူတို့တွင်းစီစဥ်တာ ပြင်ဆင်တာတွေကိုမြင်နေရပြီ။ ကြံ့ဖွတ်၊ တစည စသူတွေလည်း အလုပ်ရှုပ်နေကြပြီး စီးပွားရေးသမားတွေ၊ စစ်အုပ်စု အဆက်အနွယ်ဟောင်းတွေလည်း ပျားပန်းခတ် ခြေပုန်းခုတ်နေကြတယ်။ ဒ့ါအပြင် နိုင်ငံရေးသမားဟောင်းကြီးတချို့လည်း ပြန်ထွက်လာတာဟာ စိတ်ဝင်စားစရာပဲ။ ပြည်ပမှာတောင်မှ နအဖရဲ့ ရွေးကောက်ပွဲကိုဝင်ဖို့ ပြင်ဆင်နေတာ။ စည်းရုံးနေတာတွေတွေ့နေ၊ ကြားနေရတာဟာ အံ့ဩကုန်နိုင်ဖွယ်လို့ဆိုရမှာပဲ။

အခုလိုရာထူးတွေ၊ အာဏာတွေ၊ အခွင့်အရေးတွေခွဲဝေပေးမယ့် ရွေးကောက်ပွဲမှာ နအဖအနေနဲ့ သူ့လူတွေ သူထိန်းချုပ်နိုင်ပါ့မလား။ တခြားလူတွေ၊ တခြားအင်အားစုတွေကို ဘယ်လောက်စုမိလို့ ဘယ်လောက်အားတောင့်တဲ့ အနေအထားအထိ သည်းညည်းခံနိုင်မလဲ။ တကယ်လို့များ သူတို့ကို ဆန့်ကျင်သူတွေက လွှတ်တော်ထဲမှာ အများစုဖြစ်လာရင် နအဖက ဘယ်လိုသဘောထားမလဲ။ ဒါတွေကလည်း စိတ်ဝင်စားစရာပဲ။

ဒါပေမယ့် သေချာတာတခုက နအဖကမျက်မှောင်ကုတ်ကြည့်နေတဲ့ နအဖရဲ့ ၂၀၁၀ ဒီမိုကရေစီဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ကိုမင်းကိုနိုင်တို့လို ရှစ်လေးလုံးမျိုးဆက်တွေအတွက် မဟုတ်ဘူး။ လုံးဝမဟုတ်ဘူး။ ဖမ်းထားတဲ့လူတွေကို ရွေးကောက်ပွဲရဲ့ အချက်အခြာဒေသတွေနဲ့ ဝေးသထက်ဝေးတဲ့ ထောင်တွေကို ပို့နေတာကြည့်ရင် ရည်ရွယ်ချက်ကရှင်းနေတယ်။ အဖွဲ့ချုပ်ကိုလည်း အင်ပလိုးရှင်း (implosion) ခေါ် သူဖာသာအ တွင်းပိုင်းလိုက်ပြိုးပိကျသွားတာ။ ဒါမှမဟုတ်သူ့ အလိုလိုပြိုကွဲပျက်စီးသွားတာမျိုးတွေဖြစ်အောင် လက်သည်မပေါ်ပဲ သတ်ပစ်နိုင်အောင် နအဖက ကောက်ကောက်ကျစ်ကျစ်လုပ်ကြံနေ၊ အာဘော်လွှင့်နေတာတွေ အမျိုးမျိုးတွေ့နေရတယ်။ ဦးဝင်းတင်နဲ့ ဦးခင်မောင်ဆွေကို တရားခံဖြစ်အောင် အခုကတည်းက စနစ်တကျ အာဘော်ဖန်တီးနေတယ်။ နအဖအဖို့ သူတို့ရဲ့လမ်းပြမြေပုံ အဆုံးပိုင်းနားကို ရောက်လာပြီဖြစ်တဲ့အတွက် လက်နက်ကုန်ထုတ်သုံးတော့မယ်ဆိုတာကို သံသယဖြစ်စရာမလိုဘူး။ ဒါပေမယ့် ဒီလိုပြောတဲ့အတွက် ပြည်သူတွေက ဒါကိုကြောက်လန့်ဖို့မဟုတ်ဘူး။ ပြည်သူတွေဖက်ကလည်း လက်နက်ကုန်ထုတ်မသုံးရသေးဘူးဆိုတာ မမေ့သင့်ဘူး။ နအဖအကြောက်ဆုံးဖြစ်တဲ့။ နျူးကလီယားလက်နက်ထက် အစွမ်းထက်တဲ့လက်နက်ကြီးတခုဖြစ်တဲ့ ပြည်သူ့အင်အားဖော်ပြမှုဆိုတဲ့ လက်နက်ကြီးကို မသုံးစွဲရသေးဘူး။ အခုမှ လူထုတွေဟာ ဒီလက်နက်ကြီးကို တည်ဆောက်ဆဲရှိသေးတယ်လို့ မြင်ရမယ်။ ဒ့ါအပြင် ဒီလက်နက်မှာ ကျည်ဆံကုန်တယ်လို့ မရှိဘူးဆိုတာလည်း မှတ်သားထားသင့်တယ်။

နောက်မျဉ်းသားပြသင့်တဲ့အကြောင်းအရာတခုက နအဖမှာ တခြားအခက်အခဲတွေလည်း ရှိနေသေးတယ်ဆိုတာပဲ။ သူတို့အဖို့ မီးဝိုင်းနေတဲ့အခြေအနေလို့ မဆိုနိုင်ပေမယ့် မီးခဲကိုဖင်ခုထိုင်နေရတဲ့ အခြေအနေမျိုးလို့တော့ ဆိုနိုင်တယ်။ အဲဒီအထဲကတခုက အပစ်အခတ်ရပ်စဲထားတဲ့ အဖွဲ့အစည်းတွေကိစ္စပဲဖြစ်တယ်။ ဒီအဖွဲ့တွေမှာ သဘောထားတမျိုးထဲရှိကြတာ မဟုတ်သလို၊ စဉ်းစားနည်းတွေလည်း အမျိုးမျိုးကွဲကြတာပဲ။ ဒါပေမယ့် တူညီတာတခုက သူတို့အားလုံးဟာ နအဖစစ်အစိုးရကို အကုန်ပုံပြီး မယုံသေးဘူးဆိုတဲ့အချက်ပဲ။ အားလုံးဟာ စောင့်ကြည့်ပေါ်လစီကိုကိုင်ပြီး အကဲခတ်နေကြတာဖြစ်တယ်။ ကိုယ့်ကံကြမ္မာကို နအဖရဲ့ကံကြမ္မာနဲ့ တထပ်ထဲထားလိုက်ရင် ကိုယ့်ဘဝရော၊ ဂုဏ်သိက္ခာရော ပစ္စလက္ခတ်ဖြစ်သွားမယ်ဆိုတာ သူတို့သိကြတယ်။ သူတို့လည်း သမိုင်းတရားခံဖြစ်မှာကိုတော့ ကြောက်တာပဲ။ ဒီလိုအနေအထားတွေရှိနေလို့လည်း နအဖတိုင်းမှူးတွေဟာ အဲဒီအဖွဲ့အစည်းတွေဆီကို ဥဒဟို ချောင်းပေါက်မတတ်သွားနေ။ နားချနေကြတာဖြစ်တယ်။ ပြီးခဲ့တဲ့သံဃာ့အရေးအခင်းကြီးပေါ်ပေါက်ခဲ့တဲ့နောက် ဗမာပြည်သူတွေအကြားမှာ လက်နက်ကိုင်ချင်စိတ်တွေ ပိုပြင်းပြလာတာကြောင့်လည်း နအဖ ဗိုလ်ချုပ်တွေအနေနဲ့ ဒီအပစ်အခတ်ရပ်စဲရေးအဖွဲ့တွေကို တင်းတင်းမာမာ မဆက်ဆံမိအောင် ပိုသတိထား နေရတာဖြစ်တယ်၊

တလောက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက နအဖကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တွေ့ဆုံဆွေးနွေးဖို့ တိုက်တွန်းတယ်ဆိုတာမျိုးဟာလည်း ... နအဖအတွက် ရင်ဆိုင်ရ၊ ကျော်လွှားရခက်တဲ့ နိုင်ငံတကာဆက်ဆံရေးအခြေအနေဖြစ်တယ်။ စစ်အစိုးရအဖို့ပြောရရင် ၈၈ ခုနှစ်ကတည်းက တွေ့ကြုံနေရတဲ့ ပြည်ပဆက်ဆံရေးမှာ ခံစစ်ပဲဖြစ်နေတာကို အခုအထိ ပြောင်းမပစ်နိုင်သေးဘူး။ တလှမ်းတိုးတိုင်း မစင်ပုံနင်းမိနေတာချည်းဖြစ်နေတုန်းပဲ၊ နောက်တခုက ကမ္ဘာ့စီးပွားရေးအကြပ်အတည်း။ ဒါဟာလည်း နအဖအဖို့ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာတာဖြစ်တယ်။ ပိုဆိုးတာက ဒီနေ့လို စစ်အစိုးရအနေနဲ့ ရွေးကောက်ပွဲအတွက် ငွေအများကြီးသုံးစွဲရမယ့်ကာလမှာကျမှ ဒီစီးပွားရေးကပ်က လာဆိုက်နေတာ။ နောက်ပြီး ဒီဘေးအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားဖို့ သူတို့အနေနဲ့ ဘာမှလည်းမတတ်နိုင်ဘူး။ လက်မှိုင်ချပြီး ကံသာအမိ၊ ကံသာအဖဆိုသလို မြန်မြန်ကုန်လွန်သွားပါစေလို့ ပရိတ်ရွတ်ဆုတောင်းနေရုံကလွဲလို့ ဘာမှမတတ်နိုင်ဘူး။

ဒါကြောင့် ၂၀၀၉ နဲ့ ၂၀၁၀ ခုနှစ်တွေဟာ ဗမာပြည်နိုင်ငံရေးမှာ အရေးပါတဲ့နှစ်တွေ ဖြစ်လာနိုင်တယ်။ နိုင်ငံရေးအင်အားစုတွေအကြားမှာ ခွဲထွက်မှုတွေ ပေါင်းစည်းမှုတွေပေါ်လာနိုင်တယ်။ ထောင်ထဲရောက်မယ့်လူတွေလည်း မနည်းပဲရှိနိုင်တယ်။ ဒါပေမယ့် နအဖ ဘာမှမတတ်နိုင်တဲ့ အနေအထားတွေလည်း ပေါ်ပေါက်လာနိုင်တယ်ဆိုတာ မျှော်မှန်းထားသင့်တယ်။ ဒီအတွက်ပြင်ဆင်တာ၊ စည်းရုံးတာတွေ ဘယ်လောက်လုပ်ကိုင်ပြီးကြပြီလဲ ...။

ဗညြ

*စာမျက်နှာ (၁၈) စိုးနေလင်းဆောင်းပါးမှ*

မလုပ်နိုင်ခဲ့ပါဘူး။ ပကတိအခြေအနေကို လက်တွေ့ကျကျ သုံးသပ်မယ်ဆိုရင် စစ်အစိုးရချမှတ်ပေးထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ဘောင်အတွင်းကနေ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ဖို့ဟာ ဖြစ်နိုင်ချေသိပ်နည်းပါတယ်။ အကန့်အသတ်တွေ များလွန်းပါတယ်။ နောက်တချက်က လောလောဆယ် တိုင်းပြည်ရဲ့ အရေးပါတဲ့အုပ်ချုပ်ရေးနေရာတွေမှာ စစ်ဗိုလ်ချုပ်တွေပြီးရင် ရာထူးမြင့်မြင့်မားမားရယူထားတဲ့ အရပ်သားအုပ်ချုပ်ရေး အထက်တန်းလွှာပညာတတ် မျိုးဆက်ဟောင်းကြီးတွေဟာ စစ်အာဏာရှင်တွေရဲ့လိုလားချက်တွေကို (စိတ်ဆန္ဒအရ မကြိုက်နှစ်သက်ဘူးဆိုရင်တောင်မှ) အကောင်အထည်ဖော်ဆောင်ရွက်ပေးကြဦးမှာပါပဲ။ စစ်အစိုးရက သူတို့လူတန်းစားသစ်ရဲ့ နောက်မျိုးဆက်သစ်တွေအတွက် မလွှဲမရှောင်သာ လမ်းဖွင့်ခွင့်ပြုရလာရမယ့် ခေတ်မှီဆက်သွယ်ရေးနည်းပညာတွေနဲ့ အခြားနည်းပညာအခွင့်အလမ်းတွေ၊ အထူးအခွင့်အရေးတွေကို ရတတ်သမျှဝေစုအရ ခွဲဝေခံစားကြရင်း စစ်အာဏာရှင်တဖြစ်လည်း အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရားတွေရဲ့ ပင်နယံဘီးတွေဖြစ်နေကြဦးမှာပဲ ဖြစ်ပါတယ်။

၂၀၁၀ နောက်ပိုင်းမှာ ဖြစ်ပေါ်လာမယ့် တရားဝင်ဖြစ်လာမယ့် သိုးရေခြုံဝံပုလွေအစိုးရရဲ့ အချုပ်အခြာအာဏာပိုင်ခွင့်ဆိုတာကို လေးစားလိုက်နာရမယ့် အိမ်နီးချင်းနိုင်ငံတွေနဲ့ အာဆီယံအပါအဝင် နိုင်ငံတကာကလည်း အခုလိုပဲ အပြုသဘောချဉ်းကပ်ဆောင်ရွက်ရင်း သူတို့နိုင်ငံတွေရဲ့ အကျိုးစီးပွားကိုရယူဖို့ ကြိုးစားကြဦးမှာပဲဖြစ်ပါတယ်။ သန်း (၅၀) ကျော်သောပြည်သူလူထုကြီးရဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးနဲ့ တရားမျှတရေးစတာတွေဟာလည်း ထုံးစံအတိုင်း မျက်နှာလွှဲထားခံကြရဦးမှာပဲ။ ဒါတွေဟာ မြန်မာနိုင်ငံရဲ့ ဖြစ်လာစရာရှိတဲ့အခြေအနေကို အရှိအတိုင်းကြည့်ရှုသုံးသပ်ထားတာဖြစ်ပါတယ်။ အားပြတ်အောင်၊ လက်မှိုင်ချရအောင် တင်ပြတာမဟုတ်ပါဘူး။ ဒီအခြေအနေကို လက်မခံဘူးဆိုရင် ကျနော်အထက်မှာတင်ပြခဲ့သလို ပြည်တွင်းက ရွေးကောက်ပွဲအနိုင်ရပါတီတွေနဲ့ ဒီမိုကရေစီချစ်မြတ်နိုးသူ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေ၊ တိုးတက်လာတဲ့ ပညာတတ်တွေ၊ ကျောင်းသာတွေ၊ အလုပ်သမားနဲ့လူငယ်တွေအားလုံးဟာ ပြည်တွင်းက ဖိနှိပ်ခံပြည်သူလူထုကိုဗဟိုပြုတဲ့ စစ်အာဏာရှင်စနစ် အမြစ်ဖြုတ်ပေး မဟာဗျူဟာတရပ်ကို ချမှတ်အကောင် အထည်ဖော်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပြည်ပရောက် ဒီမိုကရေစီအင်အားစုတွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုတွေနဲ့ ဒီမိုကရေစီမြတ်နိုးသူမြန်မာနိုင်ငံသားတွေအနေနဲ့လည်း ညီညီညွတ်ညွတ်နဲ့ ပြည်တွင်းကချမှတ်ထားတဲ့ မဟာဗျူဟာအောင်ပွဲရရေးအတွက် ဝိုင်းဝန်းပံ့ပိုးကြဖို့ လိုအပ်ပါလိမ့်မယ်။ ကျရာတာဝန်ကို ထမ်းရွက်ကြရပါလိမ့်မယ်။ ဒီလိုဆိုရင် စစ်အာဏာရှင်စနစ်ဟာ မလွဲမသွေကျဆုံးပြီး ပြည်သူတွေ အောင်ပွဲခံနိုင်မှာ အသေအချာပဲဖြစ်ပါတယ်။

# စစ်အာဏာရှင်စနစ်ဆိုးအောက်မှ ပြည်သူလူထုအကျိုးစီးပွားအား ကာကွယ်ဖို့ရန်အတွက် မတူညီသည်များအား ဘေးခဏဖယ်ထားရန်အရေးကြီး




နအဖဟာ သူတို့အသက်ရှင်တည်ရှိရေးလမ်းကြောင်းပေါ်မှာရှိတဲ့ ဆူးညှောင့်ခလုတ်အားလုံးကို ဖယ်ရှားတာလုပ်ရပါတော့မယ်။ ဒီလိုလုပ်ရာမှာ ပြည်သူလူထုရဲ့အကျိုးစီးပွားနဲ့ ပဋိပက္ခတွေဖြစ်တာတွေ မုချကြုံရမှာပါ။ ဒါဆိုရင် ကျနော်တို့ဟာ ပြည်သူလူထုအကျိုးစီးပွားကို ကာကွယ်ရေးအတွက် ဖြစ်နိုင်တဲ့သဏ္ဌာန်နဲ့ တိုက်ပွဲဝင်ပါမယ်။ အလားတူပဲ နအဖက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုဖျက်သိမ်းဖို့ လုပ်လာကောင်း လုပ်လာနိုင်ပါတယ်။ သူ့မှာ နိုင်ငံရေးအရ အင်အားတောင့်တင်းပြီလို့ယူဆရင် နအဖဟာ တနည်းနည်းနဲ့ အကောင်အထည်ဖော်ပါလိမ့်မယ်။

*၁။ ၂၀၀၉ ခုနှစ်အတွင်း ဖြစ်ပေါ်လာမည့် မြန်မာနိုင်ငံရဲ့နိုင်ငံရေးအခြေအနေအပေါ် ဘယ်လိုသုံးသပ်မိပါသလဲ။*

ဒီနှစ်ဟာ နအဖအဖို့ ၂၀၁၀ ရွေးကောက်ပွဲအတွက် ဖိလုပ်ရမယ့်နှစ်ဖြစ်ပါတယ်။ ရွေးကောက်ပွဲဥပဒေကို ပြဋ္ဌာန်းရမယ်။ နိုင်ငံရေးပါတီအသစ်တွေကို လက်ခံရမယ်။ တပါတည်းမှာ တည်ရှိဆဲ နိုင်ငံရေးပါတီတွေနဲ့ အပစ်အခတ်ရပ်စဲထားတဲ့ အဖွဲ့တွေနဲ့ပတ်သက်လို့လည်း ဘယ်လိုသဘောထားတယ်ဆိုတာ ပြောရပါမယ်။ တဖက်မှာကျတော့လည်း (ကြံ့ဖွတ်အဖြစ်နဲ့ဖြစ်စေ၊ တခြားအဖွဲ့အစည်းအဖြစ်နဲ့ဖြစ်စေ) သူတို့အတွင်းကလူတွေထဲမှာ ဘယ်သူတွေ ဝင်အရွေးခံရမယ်ဆိုတာအတွက်လည်း စီစဉ်ဆုံးဖြတ်ရ၊ စီမံရတာတွေ ရှိဦးမှာပါ။ ဒါဟာ သေးတဲ့ပြဿနာမဟုတ်ပါဘူး။ သူတို့တွင်း အခုအခံတွေ၊ မကျေနပ်မှုတွေ၊ ဂိုဏ်းဂဏတွေ ဖြစ်ပေါ်စေနိုင်ပါတယ်။ ဒါကြောင့်မို့ ဒီ ၂၀၀၉ ခုနှစ်ထဲမှာ မျှော်လင့်မထားတဲ့၊ အံ့သြစရာကောင်းတဲ့ ဥပဒေကြေညာချက်တွေ၊ သတင်းတွေ ပေါ်ထွက်လာနိုင်ပါတယ်။ (အခုကိုပဲ ရွေးကောက်ပွဲကို ရွှေ့ဆိုင်းမယ်ဆိုတဲ့သတင်းတွေ ထွက်လာနေပါပြီ။) နအဖအဖို့ကတော့ သူတို့အတွင်းပိုင်း ပြေလည်တည်ငြိမ်ရေးကို အဓိကထား ဦးစားပေးလုပ်မှာပါ။ အတွင်းပိုင်းမတည်ငြိမ်ရင် အပြင်ကိုရင်ဆိုင်ရာမှာ ကမောက်ကမဖြစ်နိုင်တယ်ဆိုတာ သူတို့သိပါတယ်။ ဒါကြောင့်မို့ ဒီနှစ်ထဲမှာ နအဖရဲ့ စစ်ဖက်နယ်ဖက်ထိပ်ပိုင်းအရာရှိတွေလည်း အပြောင်းအလဲအများကြီးဖြစ်နိုင်ပါတယ်။ နအဖအတွင်းပိုင်းမှာ မတည်ငြိမ်မှု အများဆုံးဖြစ်နိုင်တဲ့ နှစ်တနှစ်လို့ဆိုနိုင်ပါတယ်။

နအဖဟာ သူတို့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံသူတွေအပေါ် ဘယ်လိုသဘောထားမလဲဆိုတာလည်း ဒီနှစ်ထဲမှာပဲ လက်တွေ့နဲ့အဖြေပေးရမယ်ထင်ပါတယ်။ နအဖဟာ ကြံ့ဖွတ်ကို ရေရှည်မှာ ထိန်းချုပ်နိုင်ပါ့မလား။ နအဖနဲ့ တစည ဘယ်လိုထိန်းညှိကြမလဲဆိုတာတွေလည်း စိတ်ဝင်စားစရာ တွေ့မြင်ကြရပါမယ်။ ဗိုလ် နေဝင်းဂိုဏ်း၊ ဗိုလ်ခင်ညွန့်ဂိုဏ်းတွေ ဘယ်လိုအခန်းက ပါဝင်ကြမလဲဆိုတာလည်း မြင်ရဦးမယ်ထင်ပါတယ်။

ဒီနှစ်ဟာ နအဖရဲ့ ပြည်တွင်းနိုင်ငံရေးပေါ်လစီတွေ အစမ်းသပ်ခံရမယ့်နှစ်ဖြစ်ပါတယ်။ သူတို့ ဘယ်အထိသည်းညည်းခံနိုင်တယ်ဆိုတာကို စောင့်ကြည့်ရမှာပါ။ ဒီလိုဆိုတဲ့အတွက် သူတို့ကိုဖြောင်ဆန့်ကျင်တဲ့ ဒီမိုကရေစီရေးလှုပ်ရှားမှုတွေကို သည်းခံမယ်လို့ဆိုလိုတာ မဟုတ်ပါ။ ပိုတောင်ပြတ်ပြတ်သားသားလုပ်မယ်လို့ ထင်ပါတယ်။ ဆရာကြီးဦးဝင်းတင်၊ ဦးခင်မောင်ဆွေတို့လိုပုဂ္ဂိုလ်တွေကို ထောင်ထဲပြန်ထည့်တာတွေ့ရရင် မဆန်းဘူးလို့ပဲ ယူဆရမှာပါ။

ဒါကြောင့် ဒီနှစ်ဟာ နအဖအဖို့ မလွယ်လှတဲ့ နှစ်ပဲဖြစ်မှာပါ။ စီးပွားရေး၊ နိုင်ငံရေး၊ သူတို့တွင်း စည်းလုံးညီညွတ်ရေး၊ အဖက်ဖက်မှာ အကြပ်အတည်းတွေ ရင်ဆိုင်ရမယ့်နှစ်လို့ မြင်ပါတယ်။ အခုကိုပဲ အပစ်အခတ်ရပ်စဲထားတဲ့ အဖွဲ့အစည်းတွေဟာ နအဖတွက်ထားသလိုမဟုတ်ပဲ တင်းခံနေလို့ နအဖဟာ အခြေအနေတွေကိုတောင် မထုတ်ပြန်ရဲပဲဖြစ်နေပါတယ်။ ရွေးကောက်ပွဲအတွက် တခြားအဖွဲ့အစည်းတွေကိုသာ တည်ထောင်ခွင့်ပေးလိုက်ရင် သူတို့ရဲ့လက်ရှိ အက်စ်ဘီ၊ စရဖ စတဲ့ ထောက်လှမ်းရေးယန္တရားတွေနဲ့ လုံလောက်ပါ့မလား။ ဘယ်လိုတိုးချဲ့မလဲ စဉ်းစားစရာဖြစ်ပါတယ်။

*၂။ ၂၀၀၉ ခုနှစ်အတွင်း လုပ်ဆောင်မည်ဟုပိုင်းဖြတ်ထားသည့် နိုင်ငံရေးရည်မှန်းချက်များက ဘာလဲ။*

တခြားပုံမှန်လုပ်ငန်းတွေအပြင် ပြည်သူ့အင်အား (People Power) စည်းရုံးရေးကို အဓိကထားပြီး ဦးတည်ချက်ရှိရှိ လုပ်သွားပါမယ်။ လုပ်ရာမှာ အဓိကအားဖြင့် ကာလတခုမှာ မြေအောက်သဏ္ဌာန်နဲ့လုပ်မှာဖြစ်ပါတယ်။

အထက်မှာပြောခဲ့သလိုပဲ ဒီနှစ်မှာ ထူးခြားတဲ့ကိစ္စရပ်တွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ နအဖဟာ သူတို့အသက်ရှင်တည်ရှိရေးလမ်းကြောင်းပေါ်မှာရှိတဲ့ ဆူးညှောင့်ခလုတ်အားလုံးကို ဖယ်ရှားတာ လုပ်ရပါတော့မယ်။ ဒီလိုလုပ်ရာမှာ ပြည်သူလူထုရဲ့အကျိုးစီးပွားနဲ့ ပဋိပက္ခတွေဖြစ်တာတွေ မုချကြုံရမှာပါ။ ဒါဆိုရင် ကျနော်တို့ဟာ ပြည်သူလူထုအကျိုးစီးပွားကို ကာကွယ်ရေးအတွက် ဖြစ်နိုင်တဲ့သဏ္ဌာန်နဲ့ တိုက်ပွဲဝင်ပါမယ်။ အလားတူပဲ နအဖက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖျက်သိမ်းဖို့ လုပ်လာကောင်း လုပ်လာနိုင်ပါတယ်။ သူ့မှာ နိုင်ငံရေးအရ အင်အားတောင့်တင်းပြီလို့ယူဆရင် နအဖဟာ တနည်းနည်းနဲ့ အကောင်အထည်ဖော်ပါလိမ့်မယ်။ ဒီလိုလုပ်လာရင် နအဖနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့အကြားက တိုက်ပွဲဟာ နောက်ဆုံး အဆုံးအဖြတ်တိုက်ပွဲ ဖြစ်ချင်ဖြစ်သွားနိုင်ပါတယ်။ ဒီလိုအခါမှာ ကျနော်တို့ဟာ ရှစ်လေးလုံး အရေးတော်ပုံကြီးရဲ့ အသီးအပွင့်ဖြစ်တဲ့၊ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ ပြည်သူတရပ်လုံးက ထောက်ခံခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ကာကွယ်ဖို့အတွက် ပြည်သူတွေ၊ တခြားအင်အားစုတွေနဲ့လက်တွဲပြီး ကန့်ကွက်တိုက်ပွဲဝင်သွားပါမယ်။

ဒါပေမဲ့ ဒါတွေကို ကျနော်တို့ ဗကပ တဖွဲ့ထဲ လုပ်လို့မရပါဘူး။ ပြည်တွင်းပြည်ပရှိ တခြားအဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေနဲ့ ဆွေးနွေးညှိနှိုင်းတာတွေလုပ်သွားပါမယ်။ (ဒါလည်း မြေအောက်ပုံသဏ္ဌာန်နဲ့ အဓိကဖြစ်ပါမယ်)။ ဒီလိုလုပ်ရာမှာ မတူတာတွေကို ခဏဘေးဖယ်ထားကြဖို့ အရေးကြီးတယ်လို့ ယူဆပါတယ်။ ဒီလို လုံးပမ်းနေတဲ့ကာလအတွင်းမှာ နအဖအစိုးရကိုဆန့်ကျင်သူတွေ အချင်းချင်းတိုက်ခိုက်တာမျိုး ကျနော်တို့က လုံးဝမလုပ်ပါဘူး။

ဒါတွေက လက်တွေ့လုပ်ငန်းပိုင်းပါ။ အယူအဆပိုင်းကို ပြောရရင်တော့ ဒီကာလမှာ ကျနော်တို့အနေနဲ့ နအဖအစိုးရကို အလုပ်အကျွေးပြုလိုတဲ့၊ မူမဲ့အလျှော့ပေးစေ့စပ်ချင်တဲ့ အရှုံးပေးရေးဝါဒကို ဖွင့်ချဆန့်ကျင်တိုက်ခိုက်သွားပါမယ်။

*၃။ ၂၀၁၀ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဘယ်လိုအကဲဖြတ်ပါသလဲ။*

တကယ်တော့ ဒီ ၂၀၁၀ ရွေးကောက်ပွဲဟာ သဏ္ဌာန်သဘောလောက်ပဲ ရှိပါတယ်။ တကယ့်အာဏာကို နအဖက သူ့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ရယူပြီးပါပြီ။ ဒီရွေးကောက်ပွဲမှာ ဘယ်သူတွေနိုင်နိုင် အာဏာဟာ စစ်အုပ်စုလက်ထဲမှာပဲ စွဲစွဲမြဲမြဲ တည်ရှိနေမှာပါ။

ဒါပေမယ့် ဒီရွေးကောက်ပွဲမှာ နအဖစစ်အုပ်စုနဲ့ သဘောထားမတူညီတဲ့လူတွေ၊ အဖွဲ့အစည်းတွေ ဝင်ရောက်အရွေးခံတာ ရှိနိုင်ပါတယ်။ ဘယ်သူတွေဖြစ်မယ်ဆိုတာတော့ မပြောနိုင်သေးပါ။ တကယ်လို့ အဲဒီလို လူ၊ အဖွဲ့အစည်းတွေပေါ်လာပြီး ကြံ့ဖွတ်၊ တစည စတဲ့ စစ်အုပ်စုအင်အားစုတွေနဲ့ယှဉ်ပြိုင်ရင် သူတို့ကို ကျနော်တို့က အားပေးထောက်ခံပါမယ်။

နောက်တချက်က ဒီရွေးကောက်ပွဲကနေ ရာထူးနဲ့ အခွင့်အရေးပြဿနာကြောင့် နအဖအသိုင်းအဝိုင်းအတွင်းမှာ စိတ်ဝမ်းကွဲပြားမှုတွေ ပေါ်လာနိုင်ပါတယ်။ အဆင့်အသီးသီး၊ ဒေသအသီးသီး၊ အလွှာအသီးသီးမှာ ပေါ်ပေါက်နိုင်ပါတယ်။ ဒါကို အတိုက်အခံတွေက ကောင်းကောင်း အသုံးချရပါမယ်။

*၄။ ကမ္ဘာ့စီးပွားရေး ကျဆင်းနေမှုအပေါ်အမြင်နှင့် ဗမာပြည်အပေါ် မည်သို့သက်ရောက်နိုင်ပါသလဲ။*

ဒီပြဿနာကြီး ဘာကြောင့်ပေါ်ပေါက်ခဲ့တယ်ဆိုတာကို ကျနော် ဆောင်းပါး (၃-၄) ပုဒ် ရေးဖူးပါတယ်။ ဒီနေရာမှာ ပြန်ပြောမနေတော့ပါဘူး။

ဒီအကြိမ် ကမ္ဘာ့စီးပွားရေးကျဆင်းမှုကြီးဟာ အမေရိကန်နိုင်ငံကြောင့် ဖြစ်ရတာလို့ တနေ့ကပဲ ဆွစ်ဇာလန်နိုင်ငံမှာ နိုင်ငံ့ခေါင်းဆောင်တချို့က ပြောသွားပါတယ်။ ဒါကို အမေရိကန်ဖက်က လုံးဝမငြင်းပါဘူး။ ဒီအယင်တနှစ်ကပဲ ကွန်ဒိုလီဇာရိုက်ကိုယ်တိုင် ‘အမေရိကန်နိုင်ငံရဲ့စီးပွားရေးဟာ စိတ်ချရတယ်။ ပုံမှန်ပဲလို့’ အလားတူ ထိပ်သီးအစည်းအဝေးတခုမှာ အာမခံခဲ့ဖူးပါတယ်။ ဒါကြောင့် ဒီတခါလောက် အမေရိကန်နိုင်ငံရဲ့စီးပွားရေးဂုဏ်သိက္ခာထိခိုက်ကျဆင်းတာ သမိုင်းမှာ အင်မတန်ရှားတယ်လို့ ဆိုရပါမယ်။ ၁၉၂၉ စီးပွားရေးကပ်တုန်းကတော့ အမေရိကန်ဟာ ကမ္ဘာ့နံပါတ်တစ် မဟုတ်ပါဘူး။ ဥရောပရဲ့နောက်မှာပါ။ အခုတော့ ကမ္ဘာ့နံပါတ်တစ်နေရာကနေ မျက်နှာပြလို့မရအောင် ဖြစ်ရတာဆိုတော့ တော်ရုံပြဿနာကြီး မဟုတ်ပါဘူး။

ကမ္ဘာ့နံပါတ်တစ်နေရာကနေ အမေရိကန်ဖယ်ပေးရဖို့အတွက် အရေးပါတဲ့ သမိုင်းတကွေ့ဖြစ်မယ်လို့တောင် လူတော်တော်များများက တွက်ကြပါတယ်။

နောက်တချက်ကတော့ ဒါဟာ အမေရိကန်နိုင်ငံ အုပ်စိုးသူလူတန်းစားထဲက နီယိုလစ်ဘရယ်သမားတွေရဲ့ ပေါ်လစီတွေ မမှန်ကြောင်း ပွင့်ကျသွားတာလို့လည်း ဆိုနိုင်ပါတယ်။ သူတို့ သံကောင်းဟစ်လေ့ရှိတဲ့ "Laissez+faire" ပေါ်လစီရဲ့ ကျဆုံးခန်းပါ။ စီးပွားရေးလည်ပတ်မှုတွေကို အစိုးရက ဝင်ရောက်မစွက်ဖက်ရဘူးလို့ မောက်မောက်မာမာပြောခဲ့ကြတဲ့ နိုင်ငံအများအပြားက ဧရာလူချမ်းသာ လုပ်ငန်းရှင်ကြီးတွေနဲ့ သူတို့ရဲ့ဘောဂဗေဒပညာရှင်တွေဟာ အခုတော့ သူတို့လုပ်ငန်းကြီးတွေကို ကယ်တင်ပေးပါဦးလို့ အစိုးရတွေကို တောင်းပန်နေကြတာတွေ့ရတော့ ပြုံးမိရပါတယ်။

ဗမာပြည်ရဲ့စီးပွားရေးဟာ ဒီနှစ်ထဲမှာ ဘယ်လိုမှ ပိုကောင်းလာစရာ မရှိပါဘူး။ ကမ္ဘာ့စီးပွားရေးစနစ်ရဲ့အစွန်အဖျားလောက်မှာသာရှိတဲ့ ဗမာနိုင်ငံကို ကမ္ဘာ့စီးပွားရေးကပ်ရဲ့ဒဏ်ဟာ ဒီနှစ်ထဲမှာ ပိုပြီးရိုက်ခတ်လာမယ်လို့ ယူဆရပါမယ်။ အဲဒီလိုရိုက်ခတ်လာရင် ထုံးစံအတိုင်း

*စာမျက်နှာ (၁၉) ကော်လံ (၂) သို့...*

# တဖက်ပိတ်လမ်းထဲက ဖောက်ထွက်နိုင်ကြဖို့

> “ မြန်မာ့နိုင်ငံရေးအပြောင်းအလဲကို ပြည်ပရောက် ဒီမိုကရေစီအင်အားစုတွေက ဆောင်ကျဉ်းမပေးနိုင်ပါဘူး။ အရံအင်အားသာဖြစ်ပါတယ်။ ဒါကိုလည်း အများမြင်သာထင်ရှားဖြစ်နေခဲ့တာကြာပါပြီ။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီနိုင်ငံတခုအဖြစ် ကူးပြောင်းရောက် ရှိသွားအောင် တကယ်တမ်းပြုလုပ်နိုင်တဲ့သူတွေဟာ မြန်မာနိုင်ငံရဲ့ အဖိနှိပ်ခံပြည်သူလူထုတွေကိုယ်တိုင်ပဲဖြစ်ပါတယ်။ ဒါပေမယ့် ပြည်သူလူထု တဦးချင်း၊ တဦးချင်း မြန်မာနိုင်ငံရဲ့ဒီမိုကရေစီတည်ဆောက်ရေးလှုပ်ရှားမှုဖြစ်စဉ်မှာ တာဝန်သိသိ၊ အသိစိတ်ဓာတ်ရှိရှိ ပါဝင်ဆောင်ရွက်လာကြဖို့ ပြည်သူလူထုကို လမ်းပြရှေ့ဆောင်မှုပေးဖို့ ပြည်သူလူထုက တရားဝင် အခွင့်အာဏာပေးထားတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တာဝန်ယူဆောင်ရွက်ရမှာဖြစ်သလို တော်လှန်တိုးတက်တဲ့အတွေးအခေါ်ရှိတဲ့ ကျောင်းသားကျောင်းသူတွေ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေ၊ ပညာတတ်တွေ နဲ့ ပြည်သူ့ဝန်ထမ်းတွေရဲ့ ပူးပေါင်းကူညီ ဆောင်ရွက်မှုတွေလည်း လိုအပ်ပါတယ်။ ”

## စိုးနေလင်း

မြန်မာနိုင်ငံကစစ်အစိုးရကတော့ စစ်အာဏာရှင်စနစ်ကို အခိုင်အမာခြေကုတ်ယူဖို့ သူတို့စိတ်တိုင်းကျရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတင်းအတည်ပြုပြဌာန်းပြီး သူတို့ရဲ့လမ်းညွှန်မြေပုံအတိုင်း ၂၀၁၀ ခုနှစ်မှာ ရွေးကောက်ပွဲကျင်းပမယ်လို့ ပြောထားလိုက်ပါပြီ။ ဒါဟာ ၁၉၉၀ ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီးရဲ့ ရွေးကောက်ပွဲရလဒ်ကို အပြီးသတ် ပယ်ဖျက်တော့မယ်ဆိုတာကို ပြသလိုက်တာပါပဲ။ စစ်အစိုးရရဲ့ လမ်းညွှန်မြေပုံကို ဒီမိုကရေစီတည်ဆောက်ရေးဆောင်ရွက်ချက်လို့ လက်ခံထားခဲ့ကြတဲ့ ကုလသမဂ္ဂအပါအဝင် အာဆီယံနိုင်ငံတွေကလည်း လမ်းညွှန်မြေပုံတွေအတိုင်း ဆက်ပြီးသွားဖို့ ထောက်ခံတိုက်တွန်းနေကြပါတယ်။ တဖက်ကလည်း တွေ့ဆုံဆွေးနွေးဖို့ တိုက်တွန်းပြောဆိုတာကိုလည်း လုပ်ပါတယ်။ ဒါပေမယ့် စစ်အစိုးရကတော့ တွေ့ဆုံဆွေးနွေးရေးကို လုံးဝငြင်းပယ်ထားခဲ့ပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရပါတီဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ဖို့တောင်းဆိုထားတာကိုလည်း လုံးဝအကြောင်းပြန်ကြားမှု မလုပ်ခဲ့ပါဘူး။ ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲမှာ စစ်အုပ်စုကျောထောက်နောက်ခံပြုပါတီတွေ အနိုင်ရရေးအတွက် နည်းလမ်းပေါင်းစုံသုံးပြီး ပြင်ဆင်နေပါတယ်။ ကုလသမဂ္ဂနဲ့ နိုင်ငံတကာကတောင်းဆိုနေတဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဖမ်းဆီးထားတဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့ဆိုတာကိုလည်း ငြင်းဆိုမြဲ ငြင်းဆိုနေဆဲဖြစ်တဲ့အပြင် တိုးချဲ့ဖမ်းဆီးပြီး ပြင်းထန်ရှည်လျားတဲ့ ထောင်ဒဏ်ချမှတ်မှုတွေ ဆက်လုပ်နေခဲ့ပါတယ်။ နောက်တကြိမ်းလူထုအုံကြွမှု ထပ်ပြီးမပေါ်ပေါက်ရေးအတွက် လုံးဝနာလန်မထူနိုင်အောင် ဖိစီးနှိပ်ကွပ်နေတာဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ကလည်း တစစ ကြပ်တည်းခြွတ်ခြုံကျလာတဲ့ စီးပွားရေးအခြေအနေအောက်မှာ ထမင်းနပ်မှန်အောင်စားရရေး ကြိုးပမ်းအားထုတ်နေရနဲ့ပဲ နိုင်ငံရေး၊ ဒီမိုကရေစီရေးတွေကို အာရုံမစိုက်နိုင်အောင် ဖြစ်နေကြပါတယ်။ လှုပ်လိုက်တာနဲ့၊ ပါဝင်ပတ်သက်မိတာနဲ့ ဘဝပျက်အောင် နှိပ်ကွပ်ခံရမှာကိုသိနေတဲ့ကြတဲ့အတွက် မနိုင်၍သည်းခံရခြင်း အခြေအနေအောက်မှာပဲ တလူးလူးတလွန့်လွန့် ဖြစ်နေကြရပါတယ်။ ဒါတွေဟာ လောလောလတ်လတ် မြန်မာနိုင်ငံရဲ့ ပကတိလက်တွေ့အခြေအနေဖြစ်ပါတယ်။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တချို့နဲ့ ကုလသမဂ္ဂအထူးသံတမန်ကြီး မစ္စတာဂမ်ဘာရီ တွေ့ဆုံဆွေးနွေးခွင့်ရခဲ့ပေမယ့် တိုင်းပြည်နဲ့ ပြည်သူလူထုအပေါ် စေတနာလုံးဝမထား၊ မစဉ်းစားတဲ့ စစ်အစိုးရဘက်က ဘာတခုမှ အလျှော့ပေးလိုက်လျောတာမျိုးမရှိတဲ့အတွက် မြန်မာနိုင်ငံ ဒီမိုကရေစီရေးအတွက် အဓိပ္ပါယ်ရှိတဲ့တိုးတက်ဖြစ်ထွန်းမှု ဘာတခုမှ ထွက်ပေါ်မလာခဲ့ပါဘူး။ နိုင်ငံတကာနဲ့ သံတမန်ရေး ဖိအားပေးတိုက်တွန်းမှုတွေဟာလည်း တိုက်တွန်းမေတ္တာရပ်ခံမှုသက်သက်တွေသာဖြစ်နေဆဲဖြစ်တဲ့အတွက် စစ်အာဏာရှင်တွေက တစက်ကလေးမှ အရေးမစိုက်ခဲ့ပါဘူး။ အမေရိကန်နဲ့ ဥရောပသမဂ္ဂတို့ရဲ့ အရေးယူပိတ်ဆို့မှုတွေကြောင့် သူတို့ရဲ့အကျိုးစီးပွားတွေကို ထိခိုက်လာတဲ့အတွက် မြန်မာနိုင်ငံမှာ ဒီမိုကရေစီကူးပြောင်းရေး မြန်မြန်ဆန်ဆန်ဖြစ်စေချင်ရင် ချမှတ်ထားတဲ့ အရေးယူပိတ်ဆို့မှုတွေ ရုပ်သိမ်းပေးဖို့ ကိုတောင် တောင်းဆိုလာခဲ့ပါသေးတယ်။ ပြည်ပရောက် ဒီမိုကရေစီအင်အားစုတွေရဲ့ အခြေအနေကတော့ စစ်မှန်တဲ့ ညီညွတ်ရေးကိုတောင် မရရှိနိုင်သေးပါဘူး။ သံတမန်ရေးအရ တချို့ဖိအားပေးနိုင်မှုလေးတွေရှိပေမယ့် ထိရောက်အဓိပ္ပါယ်ရှိတဲ့ အပြောင်းအလဲဖြစ်လောက်အောင် မလုပ်နိုင်ခဲ့ပါဘူး။ လက်တွေ့အခြေအနေမှန်အတိုင်းသုံးသပ်ရရင် မြန်မာ့နိုင်ငံရေးအပြောင်းအလဲကို ပြည်ပရောက် ဒီမိုကရေစီအင်အားစုတွေက ဆောင်ကျဉ်းမပေးနိုင်ပါဘူး။ အရံအင်အားသာဖြစ်ပါတယ်။ ဒါကိုလည်း အများမြင်သာထင်ရှားဖြစ်နေခဲ့တာကြာပါပြီ။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီနိုင်ငံတခုအဖြစ် ကူးပြောင်းရောက်ရှိသွားအောင် တကယ်တမ်းပြုလုပ်နိုင်တဲ့ သူတွေဟာ မြန်မာနိုင်ငံရဲ့ အဖိနှိပ်ခံပြည်သူလူထုတွေကိုယ်တိုင်ပဲဖြစ်ပါတယ်။ ဒါပေမယ့် ပြည်သူလူထု တဦးချင်း၊ တဦးချင်း မြန်မာနိုင်ငံရဲ့ဒီမိုကရေစီတည်ဆောက်ရေးလှုပ်ရှားမှုဖြစ်စဉ်မှာ တာဝန်သိသိ၊ အသိစိတ်ဓာတ်ရှိရှိပါဝင်ဆောင်ရွက်လာကြဖို့ ပြည်သူလူထုကို လမ်းပြရှေ့ဆောင်မှုပေးဖို့ ပြည်သူလူထုက တရားဝင် အခွင့်အာဏာပေးထားတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တာဝန်ယူဆောင်ရွက်ရမှာဖြစ်သလို တော်လှန်တိုးတက်တဲ့အတွေးအခေါ်ရှိတဲ့ ကျောင်းသားကျောင်းသူတွေ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေ၊ ပညာတတ်တွေ နဲ့ ပြည်သူ့ဝန်ထမ်းတွေရဲ့ ပူးပေါင်းကူညီ ဆောင်ရွက်မှုတွေလည်း လိုအပ်ပါတယ်။

ကျနော်တို့အနေနဲ့ စစ်အာဏာရှင်စနစ်အမြစ်ဖြုတ်ရေးနဲ့ ဒီမိုကရေစီတည်ဆောက်ရေးအတွက် မှန်ကန်တဲ့ မဟာဗျူဟာတရပ်လိုအပ်ပါတယ်။ အတိုက်အခံဒီမိုကရေစီအင်အားစုတွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုတွေအနေနဲ့ တညီတညွတ်တည်း ဘုံအကျိုးစီးပွားတခုတည်းအတွက် လက်တွေ့ကျတဲ့ မဟာဗျူဟာတရပ် အခိုင်အမာချမှတ်ရပါလိမ့်မယ်။ တချို့နည်းပရိယာယ်ရေးအရ မတူကွဲပြားတာတွေရှိနိုင်ပါတယ်။ ဒါတွေကို တခုတည်းသော ဘုံအကျိုးစီးပွားဖြစ်တဲ့ မဟာဗျူဟာတခုအောက်မှာ ညှိနှိုင်းဆောင်ရွက်လို့ရပါတယ်။ တဖက်ကလည်း စစ်အစိုးရချမှတ်ထားတဲ့ မဟာဗျူဟာဦးတည်မှုတွေ၊ နည်းပရိယာယ်တွေ (အကောက်ကျစ်၊ အရက်စက်၊ အဆိုးဝါးဆုံးတွေအပါအဝင် ) ကိုလည်း ထည့်သွင်းစဉ်းစားနားလည်အောင် ကြိုးစားရပါလိမ့်မယ်။ ဒီအချိန်မှာ စစ်အစိုးရက ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲ၊ သူတို့ရဲ့ အဓိကဦးတည်ချက်ဖြစ်တဲ့ စစ်အာဏာရှင်စနစ် အခွန့်ရှည်ရေးအတွက် လိုအပ်တဲ့အခြေအနေအဝန်းအဝိုင်းတခုကို ဖန်တီးတည်ဆောက်နေပါပြီ။ သူတို့နဲ့ ပူးပေါင်းလာနိုင်တဲ့သူ၊ သူတို့အပေါ် ယိမ်းယိုင်သူတွေကို စိစစ်ရှာဖွေပြီး စည်းရုံးသိမ်းသွင်းနေသလို သူတို့ချေမှုန်းရမယ့်သူတွေကိုလည်း အပြတ်အသတ်ချေမှုန်းရေးကို စနစ်တကျလုပ်ဆောင်နေပါပြီ။

ဒီကနေ့ရှိနေတဲ့ တပ်တွင်းအခြေအနေဟာ၊ စစ်အစိုးရဟာ သူ့ရဲ့ရက်စက်ကြမ်းတမ်းမှု၊ သည်းမခံနိုင်မှု၊ ဒီမိုကရေစီရေးထောက်ခံလိုလားသူတွေ၊ လှုပ်ရှားသူတွေနဲ့ နိုင်ငံရေးပါတီတွေအပေါ် မလိုမုန်းတီးမှု၊ အာဃာတစိတ်တွေနဲ့ လူထုကိုတုန့်ပြန်မှု၊ ကိုင်တွယ်ဖြေရှင်းမှုတွေကြောင့် အရင်တုန်းက နိုင်ငံရေးနဲ့ကင်းကင်းနေကြတဲ့ လူငယ်၊ လူရွယ်တွေနဲ့ ပညာတတ်တွေ၊ နိုင်ငံရေးစိတ်ဝင်စားမှုမရှိကြတဲ့သူတွေတောင် အစိုးရအပေါ် မကျေမနပ်ဖြစ်လာ၊ ဆန့်ကျင်အာခံချင်စိတ်ပေါက်လာကြတာကို တွေ့နေရပါပြီ။ တနည်းအားဖြင့်တော့ စစ်အစိုးရဟာ ရန်သူများလာနေပါပြီ။ နေရာတိုင်းနီးပါးမှာ ရန်သူတွေများလာနေတဲ့အတွက် စစ်မျက်နှာတွေလည်း များလာနေပြီဖြစ်ပါတယ်။ ဒါဟာ စစ်အာဏာရှင်ဆန့်ကျင်ရေး၊ ဒီမိုကရေစီတည်ဆောက်ရေးကြိုးပမ်းနေကြတဲ့အင်အားစုတွေအတွက် ကိစ္စကောင်းပါ။ ကိစ္စကောင်းကို ကိစ္စဆိုးဖြစ်မသွားအောင် လုပ်ဆောင်နိုင်ကြဖို့ ပိုလို့ကောင်းမွန်သွားအောင် လုပ်ဆောင်နိုင်ကြဖို့သာ အရေးကြီးပါတယ်။

စစ်အစိုးရကလည်း ၁၉၉၆ ခုနှစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အမျိုးသားညီလာခံကို ဆန့်ကျင်သပိတ်မှောက်ထွက်ခွာခဲ့တုန်းက သူတို့ရဲ့ရပ်တည်ချက်အတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မပါဘဲ ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲကိုဖြတ်သန်းပြီး သူ့နည်းသူ့ဟန်အတိုင်း ဒီမိုကရေစီတည်ဆောက်မယ်ဆိုပြီး ဆုံးဖြတ်ချက်ချ ဆောင်ရွက်နေပါတယ်။ အိမ်နီးချင်း အိန္ဒိယ၊ ဗီတိုအာဏာပိုင်ရှင်တရုတ်နဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေကို သယံဇာတနဲ့ ကုန်သွယ်ရေးမက်လုံးတွေပေးပြီး အကာအကွယ်ယူထားနိုင်တဲ့စစ်အစိုးရဟာ ကုလသမဂ္ဂအပါအဝင် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဥရောပသမဂ္ဂ ဘယ်သူ့ရဲ့တောင်းဆိုမှု၊ ခြိမ်းခြောက်မှုကိုမှ လက်ခံလိုက်လျောလိမ့်မည် မဟုတ်ပါဘူး။ ပြည်ပရောက်အတိုက်အခံဒီမိုကရေစီအင်အားစုတွေအနေနဲ့ သံတမန်ရေးအရ ဖိအားပေးဆောင်ရွက်မှုတွေကိုပဲ အဓိထားလုပ်ဆောင်နေရင်တော့ သိပ်ထူးခြားထိရောက်တဲ့ အကျိုးသက်ရောက်မှုရလာနိုင်စရာ အနေအထားမရှိပါဘူး။ ပြည်တွင်းအင်အားကို ဗဟိုထားစဉ်းစားရပါလိမ့်မယ်။ ဗဟိုခွာအား (Centrifugal force) ထက် ဗဟိုချဉ်းအား (Centripetal force) ကို အသုံးပြုရပါလိမ့်မယ်။ စုစည်းလို့ရနိုင်သမျှ အင်အားအားလုံးကို စုစည်းရပါမယ်။

စစ်အစိုးရရဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကတော့ စစ်ဦးစီးချုပ် ဗဟိုပြုပြီး လွှတ်တော်နှစ်ရပ်စလုံးမှာ (၂၅) ရာခိုင်နှုန်းယူထားတဲ့ တပ်မတော်ကိုယ်စားလှယ်တွေရဲ့အင်အားနဲ့ တိုင်းပြည်ကို စစ်ပုံစံသွင်း စိုးမိုးခြယ်လှယ်ဖို့ ကြိုးစားမှာပါပဲ။ အဲဒီစစ်အစိုးရရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်ပရောက် အတိုက်အခံဒီမိုကရေစီအင်အားစုတွေက ပျက်အောင်ဖျက်နိုင်တဲ့အခြေအနေမရှိခဲ့ပေမယ့် အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်မှု မလုပ်နိုင်တောင်တော့ အဟန့်အတားလုပ်နိုင်ပါတယ်။ ရွေးကောက်ပွဲအနိုင်ရပါတီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ဆွေးနွေးတာ ကြိုမလုပ်ဖူးဆိုရင် လက်မခံဘူးလို့ သဘောထားထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတော်တော်များများကလည်း လက်မခံဘူးလို့ ပြောဆိုလာခဲ့ကြပါပြီ။ အစိုးရရဲ့ အပစ်အခတ်ရပ်စဲရေးမှု၊ ငြိမ်းချမ်းရေးရယူထားတဲ့ မွန်ပြည်သစ်ပါတီကလည်း စစ်အစိုးရရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်ဘူးလို့ထုတ်ပြန်ထားသလို “ဝ”သွေးစည်းညီညွတ်ရေးတပ်မတော်ကလည်း လက်မခံဘူးလို့ဆိုပါတယ်။ အတိုက်အခံဒီမိုကရေစီအင်အားစုတွေအားလုံးနဲ့ တိုင်းရင်းသားလက်နက်ကိုင် (ငြိမ်းချမ်းရေးယူထားသည့်အဖွဲ့ရော၊ ငြိမ်းချမ်းရေးမယူထားသည့်အဖွဲ့ပါ) အင်အာစုအားလုံးက တညီတညွတ်တည်း ငြင်းဖျက်ကြမယ်။ ပြည်တွင်းက ပြည်သူလူထုအများစုကြီးကလည်း စစ်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ကျင်းပမယ့် ရွေးကောက်ပွဲကို လက်မခံပါဘူးလို့ တညီတညွတ်တည်း ခေါင်းခါငြင်းဖျက်နိုင်ကြမယ်ဆိုရင်တော့ စစ်အစိုးရဟာ သူ့ရဲ့ စစ်ပုံသွင်းအခြေခံဥပဒေကို ပြန်လည်သုံးသပ်ကောင်းသုံးသပ်လာနိုင်ပါတယ်။ ပြည်တွင်းရော၊ ပြည်ပရော၊ အပြည်ပြည်ဆိုင်ရာကပါ ဖိအားအသီးသီးပေးနိုင်ကြမယ်ဆိုရင် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးဆိုတာကို ပြန်ပြီးမျှော်လင့်လို့ ရလာနိုင်စရာရှိပါတယ်။ စစ်အုပ်စုဟာ လိမ္မာပါးနပ်မယ်၊ တိုင်းပြည်နဲ့ ပြည်သူလူထုအပေါ်မှာလည်း စေတနာနည်းနည်းလောက်ရှိမယ်ဆိုရင် အဲဒီလမ်းကြောင်းကို ရွေးချယ်သင့်ပါတယ်။ ဒါပေမယ့် ဆက်ခေါင်းမာမိုက်မဲပြီး ရွေးကောက်ပွဲကိုအချိန်ဆွဲ၊ ပြည်သူလူထုကို ဆက်လက်ဖိနှိပ်၊ ဒီမိုကရေစီအင်အားစုတွေကို ဆက်လက်နှိမ်နင်း၊ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုတွေကို အပြီးသတ်ချေမှုန်းတိုက်ခိုက်လာနိုင်ပါတယ်။ သူတို့ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ သူတို့ရွေးကောက်ပွဲကို အဟန့်အတား အနှောင့်အယှက် ကင်းစင်သွားတဲ့အထိ တိုင်းပြည်ငြိမ်ဝပ်ပိပြားရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ လုံခြုံရေးအကြောင်းပြချက်တွေ အမျိုးမျိုးပြပြီး ကမ္ဘာကို လိမ်လည်ခင်းကျင်းပြထားတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ဆွဲဆန့်ထားနိုင်ပါတယ်။

၁၉၆၂ ခုနှစ်ကစခဲ့တဲ့ ပြည်တွင်းနိုင်ငံရေးလက်တွေ့လှုပ်ရှားသူ၊ နိုင်ငံရေးသမားတွေနဲ့ ကျောင်းသား၊ အလုပ်သမား၊ တိုးတက်တဲ့ ပညာတတ်တွေဟာ အုပ်ချုပ်နေတဲ့ စစ်အာဏာရှင်တွေရဲ့ ပုံသေတွေးခေါ်စဉ်းစားပုံကို ပြောင်းလဲသွားအောင်

*စာမျက်နှာ (၁၆) ကော်လံ (၅) သို့ ...*

## ၂၀၀၉ ခုနှစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လှုပ်ရှားမှုများ












*စာမျက်နှာ (၁၇) ရဲဘော်ဖိုးသံချောင်းနှင့်ငှရင်ပြင်စကားဝိုင်းမှ...*

တကယ်ကလူ့ယဉ်ကျေးမှုသမိုင်း
အင်မတန်ရှည်ကြာခဲ့တဲ့ အရှေ့အလယ်ပိုင်းဒေသမှာ
အင်မတန်ရှုပ်ထွေးတဲ့သမိုင်းနောက်ခံတွေ
ရှိပါတယ်။
ဒါတွေကိုဖြေရှင်းဖို့ဆိုရင်
အင်အားကြီးနိုင်ငံတွေရဲ့စွက်ဖက်မှုမပါပဲ
စားပွဲပေါ်မှာအချိန်ယူပြီး မျက်နှာစုံညီဖြေရှင်းမှသာ
ပြေလည်မှာဖြစ်ပါတယ်။

လယ်သမား၊ အလုပ်သမားနဲ့ လုပ်ငန်းရှင်လေးတွေကို အထိခိုက်ဆုံးဖြစ်မှာပါ။ နအဖအနေနဲ့ ဒီဒဏ်ကကာကွယ်ဖို့၊ စီးပွားရေးလုပ်ငန်းတွေကို ကယ်တင်ဖို့အစွမ်း လုံးဝမရှိပါဘူး။ ကျလာသမျှဒဏ်ကို ငုတ်တုတ်ပေခံရမှာပါ။

*၅။ လတ်တလောဖြစ်နေတဲ့ အစ္စရေး– ပါလက်စတိုင်းအရေးကိစ္စနှင့်ပတ်သက်ပြီး ဘယ်လိုမြင်ပါသလဲ။*

သမိုင်းဆိုင်ရာလေး နည်းနည်းပြန်ပြောပါရစေ။ ခရစ်တော်မွေးဖွားတဲ့နှစ်မတိုင်မီ ဆယ်စုနှစ်အနည်းငယ်ကတည်းက ဂျူးတွေရဲ့အစ္စရေးဟာ ကမ္ဘာမြေပုံပေါ်ကပျောက်သွားခဲ့ပြီး အင်္ဂလိပ်ကိုလိုနီသမားတွေက မူဆလင်ဘာသာဝင်တွေ လက်ထဲကလု၊ ကမ္ဘာအနှံ့အပြားမှာရှိတဲ့ဂျူးတွေကိုပြောင်းလာခိုင်းပြီး ၁၉၄၈ ခုနှစ်ကျမှ အခု လက်ရှိအစ္စရေးနိုင်ငံကို တည်ထောင်ပေးခဲ့တာဖြစ်ပါတယ်။ သူတို့ရဲ့ရည်ရွယ်ချက်က အာရပ်တွေ၊ မူဆလင်တွေရဲ့ နှလုံးအိမ်ဒေသမှာ ခံတပ်ကြီးတခုဆောက်ထားခဲ့ဖို့ဖြစ်ပါတယ်။ ရေနံထွက်တဲ့ဒေသမှာ နယ်ချဲ့သမားတွေရဲ့ ရေနံတွင်းတွေနဲ့ စစ်ရေးအရရော၊ စီးပွားရေးအရပါ အရေးပါလှတဲ့စူးအက်တူးမြောင်းအတွက် အစောင့်သဘောမွေးထားခဲ့တာပါ။ ဒါပေမဲ့ အဲဒီဒေသကအမျိုးသားတွေဟာ သူတို့ထင်တာထက်စောပြီး နိုးကြား၊ စည်းရုံးမိလာ ကြပါတယ်။ စူးအက်တူးမြောင်းနဲ့ ရေနံတွင်းတွေကို သူတို့က နိုင်ငံပိုင်သိမ်းတာတွေဖြစ်လာတော့ အင်္ဂလိပ် –အမေရိကန်တို့ဟာ မျက်လုံးပြူး မျက်ဆံပြူးဖြစ်ကုန်ပါတယ်။ ဒီလိုနဲ့ အမေရိကန်ဟာ အဲဒီဒေသကို အင်္ဂလိပ်လက်ထဲက လုယူလိုက်ပါတယ်။ စူးအက်တူးမြောင်းအရေးအခင်းဟာ ဒီဖက်ခေတ် ကမ္ဘာ့သမိုင်းမှာ ကမ္ဘာ့နံပါတ်တစ်နေရာကို အင်္ဂလိပ်လက်ကနေ အမေရိကန်က လွှဲယူတဲ့အခါပဲလို့ပြောရင် ရမယ်ထင်ပါတယ်။ ဒီနောက်မှာတော့ အမေရိကန်ဟာ အစ္စရေးကို စီးပွားရေးအရ၊ စစ်ရေးအရ အားကြီးအောင် အတင်းလုပ်ပြီး အာရပ်တွေအကြားမှာ ငပွကြီးတဦးအဖြစ် ဖန်တီးပေးခဲ့၏ပါတယ်။

အခု ဒီဖက်ပိုင်းမှာတော့ အားလုံးသိတဲ့အတိုင်း အမေရိကန်နိုင်ငံရဲ့စီးပွားရေးမှာ ဂျူးသန်းကြွယ်သူဌေးတွေရဲ့အခန်းက သိပ်အရေးပါလာပြီး ဂျူးတွေက အမေရိကန်ရဲ့စကားကို နားထောင်နေရတာလား၊ အမေရိကန်က ဂျူးတွေရဲ့စကားကို နားထောင်နေရတာလား၊ ပြောရခက်လောက်အောင်တောင် ဖြစ်လာပါတယ်။ ဒီလိုနဲ့ အစ္စရေးလ်ဟာ အဲဒီဒေသမှာ အမေရိကန်ရဲ့ စီးပွားရေး၊ စစ်ရေး၊ သတင်းနည်း ပညာရေး အကူအညီတွေနဲ့ သူများနယ်တွေကို လုတာ၊ အနိုင်ကျင့်တာတွေ လုပ်ချင်တိုင်းလုပ်တာ ဖြစ်လာပါတယ်။ တလောကမှ အပြောင်းအလဲလို့ကြွေးကြော် ပြီးတက်လာတဲ့ အိုဘားမားနဲ့ သူ့အစိုးရဟာ အစ္စရေးက၊ ဂါဇာက အရပ်သားတွေကို ဒါလောက်ရက်ရက်စက်စက်သတ်ဖြတ်နေတာတောင် တခွန်းမဟန့်တဲ့အပြင် ပါလက်စတိုင်းတွေရဲ့အပြစ်လို့ ပြောတာကိုကြည့်ရင် ထင်ရှားပါတယ်။

ဒါကြောင့် ပါလက်စတိုင်းတွေ (မူဆလင်တွေ) ဖက်ကကြည့်ရင် ဒါဟာ သူတို့မြေကိုအလုခံရလို့ ပြန်တိုက်နေတာဖြစ်ပါတယ်။ ဟာမာ့ဇ်တွေက ဂျူးတွေကို ဒုံးပျံနဲ့လှမ်းပစ်တယ်ဆိုတာဟာ စစ်တောင်းမြစ်တဖက်ကမ်းက ဂျပန်ဖက်ဆစ်တပ်တွေကို ဗမာ့မျိုးချစ်ပြောက်ကြားတပ်တွေက ဒီဖက်ကမ်းကနေ မော်တာနဲ့လှမ်းထုတာနဲ့တူပါတယ်။ ဖြစ်နေတာတွေအားလုံးဟာ ပါလက်စတိုင်းတွေရဲ့မြေပေါ်မှာပါ။

တကယ်က လူ့ယဉ်ကျေးမှုသမိုင်း အင်မတန်ရှည်ကြာခဲ့တဲ့ အရှေ့အလယ်ပိုင်းဒေသမှာ အင်မတန်ရှုပ်ထွေးတဲ့ သမိုင်းနောက်ခံတွေ ရှိပါတယ်။

ဒါတွေကိုဖြေရှင်းဖို့ဆိုရင် အင်အားကြီးနိုင်ငံတွေရဲ့စွက်ဖက်မှုမပါပဲ စားပွဲပေါ်မှာအချိန်ယူပြီး မျက်နှာစုံညီဖြေရှင်းမှသာ ပြေလည်မှာဖြစ်ပါတယ်။



မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်။

*စာမျက်နှာ (၁၃) အင်တာဗျူးမှ...*

ကြောင်းပြပြီး စစ်တပ်က အာဏာဆုပ်ကိုင်ထားတယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ စစ်တပ်က လူတန်းစားတရပ်လိုဖြစ်နေပြီ။ နောက်ဆုတ်မယ့်အသွင်သဏ္ဌာန်လည်း မရှိတော့ဘူး။ ကုလသမဂ္ဂကိုလည်း ဂရုမစိုက်တော့ဘူး။

ကျနော်တို့အနေနဲ့ကတော့ မှန်ကန်တဲ့မူအပေါ်မှာရပ်တည်ပြီးတော့ ခုခံကာကွယ်စစ်ကို ပြည်သူတွေနဲ့အတူ၊ မဟာမိတ်တွေနဲ့အတူလက်တွဲပြီးတော့ အခါအခွင့်ကိုစောင့်ပြီး အောင်ပွဲခံတဲ့နေ့အထိ တစိုက်မတ်မတ်နဲ့ ဆက်လက်တိုက်ပွဲဝင်သွားမှာဖြစ်တယ်။ ဒါကြောင့်မို့လို့ ကျနော်တို့ရဲ့ရပ်တည်ချက်က မပြောင်းလဲဘူး။ နိုင်ငံရေးအရ အဖြေရှာမယ်ဆိုတဲ့ရပ်တည်ချက်ကို မပြောင်းလဲဘူး။ သို့သော် လည်း နိုင်ငံရေးအရအဖြေရှာရာမှာ စစ်မှန်ဖို့လိုပါတယ်။ ဗမာပြည်တပြည်လုံးရဲ့ ပြဿနာကိုဖြေရှင်းမှုပဲဖြစ်ရမယ်။ ဒီမိုကရေစီရေးနဲ့အမျိုးသားရေးပြဿနာကို တပြိုင်တည်းမှာဖြေရှင်းမှုမျိုးပဲဖြစ်ရမယ်။ ဒီမိုကရေစီရေးနဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပြဿနာဟာ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအခြေခံမူတွေအပေါ်မှာ အကောင်အထည် ဖော်မှသာလျှင်၊ အာမခံမှသာလျှင် ဒီကိစ္စရှင်းမှာဖြစ်တယ်။ ဒါဟာ ပိုက်ဆံတချပ်ရဲ့ ခေါင်းနဲ့ပန်းဖြစ်တယ်။ ခွဲထွက်လို့မရဘူး။ တခုပြီးမှ တခုလုပ်လို့မရဘူး။ တပြိုင်တည်းလုပ်ရမှာဖြစ်တယ်။ အဲဒါကို နအဖက သဘောပေါက်တဲ့နေ့၊ ရိုးသားစွာလက်ခံတဲ့နေ့ဟာ ပြေလည်မှုရမယ့်နေ့ပဲ။ သဘောမပေါက်ဘူး။ လက်မခံဘူးဆိုလို့ရှိရင်ပြည်သူတွေဟာ ဖိရင်ကြွမယ်။ ထိရင်ချမယ်။ ဒါဟာ အဖိခံပြည်သူတွေရဲ့ လိုလားချက်နဲ့ အမှန်တရားတိုက်ပွဲအတွက် အဆုံးအဖြတ်ပေးမယ့်နေ့ဖြစ်တယ်။

*မေး ။ ။ ခွဲထွက်အဖွဲ့တွေနဲ့ ပြန်ပြီးတော့ ညီညွတ်ရေးယူဖို့ညှိနှိုင်းတာတွေရှိပါသလား။*

ဖြေ ။ ။ ရှိပါတယ်။ ခွဲမထွက်ခင်ကလည်း ခွဲမထွက်ဖို့တားမြစ်တယ်။ ခွဲထွက်သွားတဲ့အခါမှာလည်းပဲ ခင်ဗျားတို့အလိမ်ခံရပြီ။ ခင်ဗျားတို့ကို လိမ်ပြီးပေးတဲ့ဂတိတွေဟာ ဘယ်တော့မှရမှာမဟုတ်ဘူး။ သူတို့လက်ထဲမှာ ခင်ဗျားတို့ဟာ တဖြည်းဖြည်းနဲ့ လုံးပါးပါးပြီး ပျောက်သွားမယ်။ ပုဂ္ဂိုလ်ရေးအရလည်း အာမခံချက်ရှိမှာမဟုတ်ဘူး။ အဖွဲ့အစည်းအတွက်လည်း အာမခံချက်ဘာမှရမှာမဟုတ်ဘူး။ ခင်ဗျားတို့ချစ်တဲ့လူ

*စာမျက်နှာ (၅ ကော်လံ (၅) သို့...*

# ကရင့်အမျိုးသားတော်လှန်ရေး အနှစ် (၆၀) ပြည့်မြောက် ဘုံရန်သူစနစ်ဆိုးအား ညီညီညွတ်ညွတ်ဖြင့် တော်လှန်ကြ



ကေအဲန်အယ်လ်အေစစ်ဦးချုပ်ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး



ကေအဲန်အယ်လ်အေ ထိန်းချုပ်နယ်မြေတွင်ကျင်းပခဲ့သည့် ကရင့်အမျိုးသားတော်လှန်ရေး အနှစ် (၆၀) ပြည့်အခမ်းအနားတွင် စစ်ရေးပြချီတက်နေစဉ်

အနှစ် (၆၀) ပြည့် ကရင့်တော်လှန်ရေးနေ့အခမ်းအနားအား ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ထိန်းချုပ်ရာ တပ်မဟာ (၇) နယ်မြေရှိ စစ်ရေးပြကွင်းတွင် ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ လ (၃၁) ရက်နေ့က ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အခမ်းအနားသို့ စစ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီး မူတူးစေးဖိုး၊ တပ်မဟာမှူး ဗိုလ်မှူးချုပ်စောဂျော်နီ၊ မဟာမိတ်အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များအပါအဝင် လူထုပရိသတ် (၁၀၀၀၀) ခန့်တက်ရောက်ခဲ့သည်။

ဗိုလ်ချုပ်ကြီးမူတူးစေးဖိုးက "နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရပဲရှင်းလို့ရမယ်။ စစ်မြေပြင်မှာ ဘယ်လိုမှဖြေရှင်းလို့မရဘူး။ လက်နက်နဲ့ဖြေရှင်းတာ အခုဆိုရင်နှစ် (၆၀) ပြည့်သွားပြီ။ နိုင်ငံရေးနည်းနဲ့မရှင်းဘဲ စစ်ရေးနဲ့ပဲရှင်းမယ်ဆိုရင် ကျနော်တို့ ကိုယ့်ကိုယ်ကို ခုခံကာကွယ်တာကလွဲလို့ အခြားလမ်းမရှိဘူး။ ဒီစစ်အုပ်စုဟာ သူ့လက်နက်တွေနဲ့ ကရင်အမျိုးသားတွေရဲ့ မျိုးချစ်စိတ်ကို ဘယ်တော့မှ ပပျောက်အောင်မဖြိုခွင်းနိုင်ပါဘူး" ဟု ပြောသွားသည်။

ကရင့်တော်လှန်ရေးအား ဆက်လက်ဆင်နွှဲတိုက်ပွဲဝင်နေရခြင်းဟာ အဖိနှိပ်ခံလူထုတရပ်လုံးအတွက် တိုက်ပွဲဝင်နေရခြင်းဖြစ်ကြောင်းကို ကေအဲန်ယူတပ်မဟာ (၇) ရုံးထိုင်မှူး ဒုတိယဗိုလ်မှူးကြီး စောအလ်ဆဲက "လက်ရှိ ကျနော်တို့တိုက်နေတာဟာ ကရင်လူမျိုးတမျိုးတည်းအတွက်မဟုတ်ဘူး။ ဘဝတူတိုင်းရင်းသားတွေအပါအဝင် အဖိနှိပ်ခံလူထုလူတန်းစားအားလုံးအတွက် အထူးသဖြင့် ကျနော်တို့ကြည့်ရရင် ကျောင်းသူ၊ ကျောင်းသား၊ ရဟန်းရှင်၊ ပြည်သူလူထုအတွက်ဖြစ်တယ်။ အခု သတင်းသမားတွေမရောက်နိုင်တဲ့နေရာတွေမှာ ဒီလိုဖိနှိပ်မှုတွေအများကြီးခံစားရတယ်။ အဲဒါအတွက်လည်း ကျနော်တို့ တိုက်ပွဲဝင်နေရတာဖြစ်တယ်"ဟု ရှင်းပြသည်။

ဒီမိုကရေစီအင်အားစုများအားလုံး ညီညီညွတ်ညွတ်နဲ့သာ အာဏာရှင်စနစ်ကို ဆက်လက်တိုက်ပွဲဝင်သွားမယ်ဆိုရင် မုချအောင်ပွဲရမှာဖြစ်ကြောင်းကိုလည်း ဆက်လက်ပြောကြားသည်။

"ဒီမိုကရေစီအင်အားစုတွေ အခုလိုစည်းစည်းလုံးလုံးနဲ့ စုပေါင်းပြီးတော့ ဘုံရန်သူလို့သတ်မှတ်ထားတဲ့ လက်ရှိစစ်အာဏာရှင်ကို ဆက်လက်တိုက်ပွဲဝင်ပြီးတော့ တော်လှန်နေမယ်ဆိုရင် စစ်အာဏာရှင်ကတော့ မတရားသောနည်းနဲ့ အုပ်ချုပ်နေတဲ့အတိုင်းပဲ၊ ဖိနှိပ်နေတဲ့အတိုင်းပဲ၊ ပျက်စီးမှာဘဲ။ အခု ကျနော်တို့ကြွေးကြော်သံ (၄) ချက်မှာလည်းပဲ ဒီနအဖစစ်အာဏာရှင်ပျက်စီးပါစေ။ ဆုံးရှုံးပါစေလို့ပါတယ်။ အားလုံးကလည်းပဲ အားလုံးသောတိုင်းရင်းသားလူမျိုးများဖြစ်စေ၊ ဒီမိုကရေစီအဖွဲ့အစည်းများနဲ့ ကျောင်းသား၊ ကျောင်းသူ၊ ရဟန်းသံဃာတော်များ အားလုံး အဲဒီသဘောထားအတိုင်း ဘုံရန်သူကို ညီညီညွတ်ညွတ်နဲ့ တတ်နိုင်သရွေ့ တော်လှန်ကြမယ်ဆိုရင်၊ တိုက်ခိုက်ကြမယ်ဆိုရင် ကျနော်တို့မျှော်မှန်းထားတဲ့၊ ကျနော်တို့ရဲ့ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ပြီးတော့ ကျနော်တို့ရဲ့ သယံဇာတ ပေါ်ကြွယ်လှတဲ့ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီးကိုတည်ဆောက်ပြီးတော့ နောင်လာမယ့်ကျနော်တို့ရဲ့ သားစဉ်မြေးဆက်မှာ လူတိုင်းလူတိုင်းစစ်မှန်တဲ့ အခွင့်အရေး၊ စစ်မှန်တဲ့ဘဝတိုးတက်မှု၊ စစ်မှန်တဲ့လွတ်လပ်မှုတွေ ရရှိမှာမလွဲပါဘူး"

ဆက်လက်၍လည်း ၎င်းက ညီညီညွတ်ညွတ်ဖြင့် ဘုံရန်သူအား ဆန့်ကျင်တော်လှန်သွားမည်ဆိုလျှင် အောင်ပွဲရမှာမလွဲကြောင်းကိုလည်း ပြောသည်။

"ကျနော်တို့ကရင့်တော်လှန်ရေးဟာ နှစ်ပေါင်း (၆၀) ရှိပြီဆိုပြီးတော့ ဒီဘုံရန်သူစစ်အာဏာရှင်ကို ပြိုပျက်အောင် မတိုက်နိုင်ဘူးလို့တော့မထင်ကြပါနဲ့လို့ ပြည်သူလူထုနဲ့ တော်လှန်သောအဖွဲ့အစည်းအသီးသီးကို ကျနော်ပြောချင်တယ်။ နအဖ စစ်အာဏာရှင်အုပ်စုက အင်အားပြထားတာ (၄) သိန်းကျော်ရှိတယ်။ ကျနော်တို့ (ကေအဲန်အယ်အေ) ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်က သူ့ထက်အင်အားအများကြီးနည်းသော်ငြားလည်း နှစ် (၆၀) တိုင်တိုင်ကြံ့ကြံ့ခံတိုက်နိုင်ခဲ့သလို ကျန်သောအဖွဲ့အစည်းတွေ၊ တိုင်းရင်းသားအဖွဲ့အစည်းများသော်လည်းကောင်း၊ ဒီမိုကရေစီဘက်တော်သားအားလုံး၊ ရဟန်းရှင်လူ၊ ပြည်သူများအားလုံး စုစုစည်းစည်းဖြင့် ဆန့်ကျင်တိုက်ပွဲဝင်သွားကြမယ်ဆိုရင် ကျနော်တို့ အမှန်တရားဘက်ကရပ်တည်နေတဲ့သူများဟာ ဘယ်တော့မှ မဆုံးရှုံးဘူး။ အောင်ပွဲရမယ်လို့ ကျနော်ယုံကြည်တယ်" ဟု ဒုတိယဗိုလ်မှူးကြီး စောအဲယ်လ်ဆဲကပြောသည်။

ကေအဲန်အယ်လ်အေတပ်ရင်း (၁၀၁) မှ ဒုဗိုလ်စောထူးထူးကလည်း အပြန်အလှန်နားလည်မှုနဲ့ ယုံကြည်မှုတွေရှိပြီး စည်းလုံးညီညွတ်လာတဲ့တနေ့ကျရင် အားလုံးမျှော်လင့်ထားတဲ့ပန်းတိုင်ကို ရောက်ရှိရမည်ဟု ယုံကြည်ကြောင်းပြောသည်။

"အဖွဲ့အစည်းအသီးသီးရဲ့ချမှတ်ထားတဲ့မူဝါဒလမ်းစဉ်များအတိုင်း စနစ်တကျလုပ်ဆောင်သွားပြီးတော့ လွဲမှားတဲ့အယူအဆတွေ၊ လွဲမှားတဲ့နားလည်မှုတွေကို ဖယ်ရှားမယ်၊ နားလည်မှုအားကောင်းလာအောင်ကြိုးစားပြီး အပြန်အလှန်ယုံကြည်မှုတွေရှိပြီး စည်းလုံးညီညွတ်လာကြတဲ့တနေ့ကျရင် ကျနော်တို့မျှော်လင့်ထားတဲ့ ပန်းတိုင်ကို ရောက်ရှိရမယ်လို့ ကျနော့်အနေနဲ့ ယုံကြည်တယ်"ဟု ပြောသည်။

ဦးနု၏ ဖဆပလအစိုးရလက်ထက်တွင် လူမျိုးမုန်းတီးရေးဝါဒဖြန့်၍ ကရင်အမျိုးသားအစည်းအရုံး (KNU) အား ချေမှုန်းခဲ့သောကြောင့် ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာမှစတင်ပြီး ယခု နအဖစစ်အုပ်စုလက်ထက်သို့တိုင် ကရင့်တော်လှန်ရေးမှာ နှစ် (၆၀) ကြာမြင့်ခဲ့ခြင်းဖြစ်သည်။

၁၉၄၇ ခုနှစ် ဇန်နဝါရီလ (၃၀) ရက်နေ့တွင် အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရေးအတွက် ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) ကို စတင်တည်ထောင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ (၁၆) ရက်နေ့တွင် ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည်။

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့တွင် ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) နှင့် ကေအန်ဒီအိုကို ထိုစဉ်က အုပ်ချုပ်သည့် ဖဆပလအစိုးရက မတရားအသင်းအဖြစ် ကြေညာခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့တွင် ရန်ကုန်ရှိ ကေအဲန်ဒီအိုဌာနချုပ်ကို ဝိုင်းဝန်းတိုက်ခိုက်ခဲ့သည့်အတွက် တပြည်လုံးရှိ ကရင်လူမျိုးများက ပြန်လည်ခုခံတိုက်ခိုက်ရာမှ ကရင့်လက်နက်ကိုင်တော်လှန်ရေး စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

\+ + +


(၉၄) နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ်အဖြစ်
ဆရာ ပြည့်ဟိန်းအောင် ရေးသားပြုစုသည့်

**နိုင်ငံသမိုင်း၌ မေ့ပျောက် မရသော ဗိုလ်ချုပ်အောင်ဆန်း**




အဝေးရောက်စာချစ်သူများအတွက်= US (၁၀) ဒေါ်လာ (စာပို့ခမပါ)
ရင်းနီးမိတ်ဆွေများအတွက်= ထိုင်းဘတ်ငွေ (၃၀၀) ဘတ် (စာပို့ခမပါ)ဖြင့်

ဖိသုကာစာပေတိုက်
P. O Box (83), Mae Sod, Tak-63110, Thailand.
Email; democraticfroum@csloxinfo.com,
Phone; 066-0861996362 သို့ အချိန်မရွေး ဆက်သွယ်မှာယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အဆိုပါ စာအုပ်ရောင်းရငွေများအား ကလေးများ၏ ပညာရေးရံပုံငွေအဖြစ် အသုံးပြုသွားမည်ဖြစ်ပါသည်။